# ဆိုးယုတ်သောကာလ၏ဘုရားသခင်

## ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်။

## ၆၅-၁၈၀၁ အမ်မ်။

1 ၁။ ညီအစ်ကိုနဗီးလ်အားဖြင့် ရည်ရွယ်ချက်ကို ဖတ်ပြတယ်။ (အယ်ဒီတာ)

2 ၂။ ယုံကြည်ခြင်းသာရှိပါ။

အရာခပ်သိမ်းဖြစ်နိုင်ပါတယ်။

ယုံကြည်ခြင်းသာလိုအပ်ပါတယ်။

ကျွန်တော်တို့ ခေါင်းငုံ့ပြီးဆုတောင်းကြပါစို့။ ကောင်းကင်ဘုံရှင် အဖဘုရားသခင် ဒီနေ့မနက်ခင်းအတွက်ကျွန်တော်တို့အားလုံး ကိုယ်တော်ကို ကျေးဇူးတင်ပါတယ်။ ကျွန် တော်တို့ယုံကြည်နိုင်ခြင်း ရှိသည့်အတွက်ကြောင့် ကျေးဇူးတင်ပါတယ်။ အသွေးတော်ကိုသွန်းလောင်းခြင်းအားဖြင့် ကျွန်တော်တို့ သခင်ယေရှုဘုရားသခင်အားဖြင့် အားလုံးလွယ်ကူဖြစ်မြောက်နိုင်ပြီးတော့ ကျွန်တော်တို့ကလည်း ကိုယ်တော်ရှင်ရဲ့ ကျေးဇူးတော်ကိုခံစားခွင့် ရရှိကြပါတယ်။ ဘုရားသားသမီးများ ဖြစ်ရတဲ့အခွင့်ရရှိပါတယ်။ ကိုယ်တော်ရှင်ကားတိုင် ပေါ်မှာ အသေခံခြင်းကို နာခံခြင်းအားဖြင့် ကိုယ်တော်ကိုယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ် ရာသို့ ရောက်ပါတယ်။ ရှင်ပြန်ထမြောက်တော်မူခြင်းကိုလည်း ယုံကြည်ပြီးတော့ သန့်ရှင်း သောဝိညာဉ်တော်ဟာကျွန်တော်တို့ရဲ့ နှလုံးသားထံဲမှာ သွန်းလောင်းခွင့်ရပါတယ်။

ဒီအခွင့်အရေးအတွက် ကျွန်တော်တို့အရမ်းဘဲကိုယ်တော်ကို ကျေးဇူးတင်ပါ တယ်။ ဒီနေရာမှာ ဒီနေ့မနက် ကျွန်တော်တို့အားလုံးရောက်ရှိလာပြီးတော့ ကိုယ်တော်ရှင် ကို ကျွန်တော်တို့ ကျေးဇူးတင်ခွင့်ရတယ်။ချီးမြှောက်ခွင့်ရတယ်။ သီချင်းအားဖြင့် သက်သေ ခံခြင်းအားဖြင့် ဆာလံကျမ်းကိုဖတ်ခြင်းအားဖြင့် နှုတ်ကပတ်တော်ကို ဖတ်ခြင်းအားဖြင့် ကျွန်တော်တို့ရဲ့အတွေးများကို တစ်ယောက်နဲ့တစ်ယောက် ဝေမျှခြင်းအားဖြင့် သန့်ရှင်း သော ဝိညာဉ်တော်ကိုစောင့်မျှော်ပြီးတော့ ဒီသတင်းစကား ကျွန်တော်တို့အပေါ်မှာ သက်ရောက်ဘို့ဒီနေ့ဒီကာလမှာ မစတော်မူပါကိုယ်တော်ရှင် အဖဘုရားသခင်၊ ယနေ့ ဒီနေရာကိုရောက်ရှိခြင်းအားဖြင့် ကျွန်တော်တို့ အကျိုးအမြတ်ရှိနိုင်အောင် မစတော်မူပါ။ဒီအဆောက်အဦကို ကျွန်တော်တို့ စွန့်ခွာသွားတဲ့အခါမှာလည်း ဧမောက်မြို့မှ ပြန်လာတဲ့သူများပြောသကဲ့သို့ ပြောနိုင်ခွင့်ကို ပေးသနားတော်မူပါ။ ကျွန်တော်တို့နှလုံးသားတွေအထဲ မှာ ဒီမနက် ကိုယ်တော်ရှင် နှုတ်ကပတ်တော်အားဖြင့် တောက်လောင်နေတယ်လို့ပြောခွင့် ပေးသနားတော်မူပါ။ ဒီအရာများကို ချပေးသနားတော်မူပါ ထာဝရဘုရားသခင် ယေရှုခရစ်တော်ရဲ့ နာမဥ္ဓ ဆုတောင်းပါတယ်။ အာမင်၊ အားလုံးထိုင်နိုင်ပါပြီ။

မင်္ဂလာနံနက်ခင်းပါ မိတ်ဆွေများ၊ဒီတဲတော်ရဲ့ အထဲမှာဘဲဖြစ်ဖြစ်၊ အပြင်မှာဘဲ ဖြစ်ဖြစ် ဒီတစ်နိုင်ငံလုံးမှာရှိတဲ့မိတ်ဆွေတွေ အားလုံး ဒီအနောက်ဖက်ကမ်းခြေကနေ အရှေ့ ဖက်ကမ်းခြေအထိ အားလုံး အရှေ့၊အနောက်၊ တောင်၊ မြောက် တယ်လီဖုန်းအားဖြင့် ချိတ်ဆက်နားထောင်တဲ့သူတွေကအစမင်္ဂလာရှိပါစေ။

အင်ဒီယားနားပြည်နယ်မှာတော့ ဒီနေ့မနက်အင်မတန် သာယာပါတယ်။ မိုးတိမ် လေးနည်းနည်းဘဲရှိတယ်။ အေးချမ်းတယ်။ တဲတော်ထဲမှာလည်းအင်မတန် ကောင်းမွန်ပါ တယ်။ အတွင်းထဲမှာလည်း ကောင်းပါတယ်။ခြံဝင်းနံရံတစ်လျှောက်မှာလည်း ကောင်းပါ တယ်။ ကိုယ်တော်ရှင့် ထံတော်ပါးကနေကျွန်တော်တို့ ကြီးမားစွာ မျှော်လင့်ပြီးတော့ ယနေ့ကိုယ်တော်ရှင်ကျွန်တော်တို့နဲ့အတူ ရှိပါမည့်အကြောင်း ကျွန်တော်တို့ ဆုတောင်းပါ တယ်။ ဘုရားသခင်ဟာအင်မတန်သာယာတဲ့နေ့ကို ပေးပြီးတော့ ဘယ်နေရာမှာဘဲ ခင် ဗျားတို့ ရှိနေ၊ ရှိနေကောင်းသောနေ့ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင် ပေးတော်မူသောကြောင့်ဖြစ်ပါတယ်။ ဘယ်လိုရာသီဥတုဘဲဖြစ်ဖြစ် ကောင်းမွန်တဲ့နေ့ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဒီကိုလာရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်တို့မှာ ဒီကမ္ဘာ လောကကို သခင်ယေရှုကိုယုံကြည်တဲ့အကြောင်း ဖေါ်ပြရတဲ့အခွင့်အရေးကို ရပါတယ်။ ဒီအခွင့်အရေးကို ယူပြီးတော့ကိုယ်တော်ရှင်ရဲ့မေတ္တာကို ကျွန်တော်တို့ ဖေါ်ပြခွင့်ရပါတယ်။ ကျွန်တော်တို့အတွက်ကိုယ်တော်ရှင် ဘာအမှုပြုသလဲဆိုတာကိုလည်း ဖေါ်ပြခွင့်ရပါတယ်။

3 ၃။ ကျွန်တော်ကတော့ဘာအခွင့်အရေးရသလဲဆိုတော့ မကြာခင်လေးကဘဲ ကြေငြာ တဲ့အတိုင်း ဖြစ်ပါတယ်။ အနည်းငယ်ကျွန်တော်ပြောကြားလိုတဲ့အကြောင်း ရှိပါတယ်။အဲဒီကြေငြာချက်ထဲမှာတော့ ကျွန်တော့်ကိုဘာပြောထားသလဲဆိုတော့ ဒီဘုတ်ကော်မီတီ အစည်းအဝေး ဟိုတစ်နေ့က ပြုတဲ့အကြောင်းဘဲဖြစ်ပါတယ်။ အသင်းတော်ကနေ ပြီးတော့ သင်းထောက်တစ်ယောက် ရွေးချယ်ပါတယ်။အရီဇိုးနားပြည်နယ်မှာ တာဝန်ကျပါတယ်။ သူကတော့ ဘရာသာကောလင်း ဖြစ်ပါတယ်။ကျွန်တော်တို့ အင်မတန်မှ လေးစားရတဲ့ ညီအကိုကြီးဘဲ ဖြစ်ပါတယ်။ သူအခုအခြားတစ်နေရာကို ရောက်သွားတဲ့အတွက် ဒီဘုတ်အ ဖွဲ့ကနေပြီးတော့ ဘရာသာချာလီကော့ပ်ကိုသူ့နေရာမှာ အစားထိုးထားပါတယ်။ ဘရာသာ ချာလီကော့ပ်ကတော့ တရားဝင်အမှုဆောင်အဖွဲ့ကနေခန့်အပ်ထားတဲ့သူ ဖြစ်ပါတယ်။ အသင်းတော်ရဲ့ဘုတ်၊ သင်းထောက်များရဲ့ဘုတ်အဖွဲ့အစည်းကနေပြီးတော့ ဒီတာဝန်ကို ယူပြီးတော့ ဘရာသာချာလီကော့ပ်ကိုတာဝန်ပေးပါတယ်။ ဘရာသာကောလင်း မရှိခင် အချိန်ကလေးအတွက်ဘဲ ဖြစ်ပါတယ်။

4 ၄။ ကျွန်တော်ပြောချင်တဲ့အရာကတော့ ဘာလဲဆိုတော့ ခင်ဗျားတို့အားလုံးကို ကျွန်တော်ကျေးဇူးတင်တဲ့အကြောင်းဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ချို့လူတွေကတော့အိမ်ပြန်မှာဖြစ်ပါတယ်။ ဒီည အနာရောဂါငြိမ်းခြင်း စည်းဝေးမတိုင်ခင် ပြန်ကြမှာဖြစ်ပါတယ်။ တုံကင်တွေ မယူဘဲနဲ့ ပြန်ကြမှာ ဖြစ်ပါတယ်။ အစားအသောက်တွေလည်းကျွန်တော်တို့အတွက် ဒီလိုအများကြီး ယူလာပေးတာကို တွေ့ရပါတယ်။ ကျွန်တော့်ဇနီးသည်ရော၊ ကျွန်တော်ရော ကျွန်တော်တို့ မိသားစုအားလုံး တစ်ကယ်ဘဲ ကျေးဇူးတင်ပါတယ်။

ဘာပြောရမလဲဆိုတာတောင်ကျွန်တော် မပြောတတ်တော့ဘူး။ ကျွန်တော်တို့လည်း အလုပ် အရမ်းများနေပါတယ်။ ကျွန်တော့်စိတ်တွေလည်း တစ်ခုပြီးတစ်ခု ရှုပ်ထွေးနေတယ်။ အာရုံတွေများနေပါတယ်။လူတွေအကြောင်းလည်း ကျွန်တော် စဉ်းစားပါတယ်။ ခင်ဗျားတို့ ကျွန်တော့်ကိုနားလည်ပေးနိုင်မယ်လို့ ထင်ပါတယ်။ဒီအသင်းတော်မှာရှိတဲ့ အကြောင်းအ ရာတွေ၊ နောက် ဒီကမ္ဘာပေါ်မှာရှိတဲ့အခြားအကြောင်းအရာတွေလည်း ဖြစ်ပါတယ်။

ကလေးငယ်လေးများကို ဆက်ကပ်ဘို့အတွက်ပြောပါတယ်။ ဗတ္တိဇံဝတ်ပြုကိုး ကွယ်ခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါ အင်မတန်မှ ကောင်းပါတယ်။ကျွန်တော် လုပ်နိုင်မယ်လို့ ထင်ပါတယ်။ ဒါပေမဲ့လည်း အင်မတန် ရှုပ်ထွေးပါတယ်။ကျွန်တော် အချိန်ရပါ့မလား တောင် မသိပါဘူး။ ဒီသတင်းစကား ဟောပြောဘို့ကို ကျွန်တော်အထူးအာရုံစိုက်ရမှာ ဖြစ်ပါတယ်။ တမန်တော်တွေကိုလည်း သမ္မာကျမ်းစာထဲမှာဖေါ်ပြထားပါတယ်။ သွားပြီး တော့ မိမိကိုယ်ကို မိမိဂရုစိုက်ပြီးတော့ အခြားသောသူတွေတစ်ကယ်နံမည်ကောင်းရတဲ့သူ တွေ ဝိညာဉ်တော်နဲ့ ပြည့်ဝတဲ့သူတွေသူတို့အလုပ်လုပ်တဲ့အခါမှာ အမှုတော်မြတ်ကို ကောင်း မွန်စွာလုပ်ကိုင်ပါလို့ဂရုစိုက်ပါလို့လည်း ပြောထားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဘီလီကို ပြောပါတယ်။သူက ဘာပြောလဲဆိုတော့ ဒီညဘဲ ဒီအချိန်မှာဘဲ အဖေက ကလေး ငယ်လေးတွေကို ဆက်ကပ်မှာလားလို့မေးပါတယ်။ ကျွန်တော်ကလည်း ကျွန်တော်တို့ ကလေးတွေ သိပ်များနေမယ်ဆိုရင်နောက်တစ်ခေါက် ပြန်လာမှဘဲ ဒီကလေးတွေကို ဆက်ကပ်ဘို့အတွက် အထူးနေ့လို့သတ်မှတ်ပြီးတော့ ဆက်ကပ်မယ်လို့ဘဲ ပြောလိုပါတယ်။

5 ၅။ ကျွန်တော်တို့အားလုံးခင်ဗျားတို့ တစ်ယောက်စီကို ကျေးဇူးအရမ်းတင်ပါတယ်။ ကျွန်တော့်ဇနီးသည်နဲ့ကျွန်တော်တို့မိသားစုတွေအားလုံး ကျွန်တော်တို့ နှလုံးသားထဲကနေပြီး တော့ကျေးဇူးတင်ပါတယ်။ စီသွတ်ဗူးတွေလည်း ယူလာပေးတယ်။ ပဲတွေလတ်လတ်ဆတ် ဆတ် ယူလာပေးတယ်။ဖရဲသီးတွေ နောက်ပြီးတော့ စတော်ဗယ်ရီသီးတွေ အများကြီး ယူလာပေးပါတယ်။ သူတို့ယူဆောင်လာနိုင်သမျှ အားလုံးသူတို့ ယူဆောင်လာပါတယ်။

ညီကို မောင်နှမတွေ ဟိုတစ်နေ့ကကျွန်တော်တို့ကို အင်မတန်ကြီးတဲ့ ကြက်ဆင် ကြီး တစ်ကောင်ယူလာပေးပါတယ်။ အဲဒီကြက်ဆင်ကြီးကို ကျွန်တော်တို့ ဒီနေ့ထိ စားလို့ မကုန်သေးပါဘူး။ ကျွန်တော်တို့အဲဒါကို စားပြီးမှ အားလုံးသန့်ရှင်းရေးလုပ်ပြီးမှ ကျွန်တော် တို့ ပြန်သွားကြမှာဖြစ်ပါတယ်။ မဟုတ်ရင် အဲဒီ ကြက်ဆင်ကြီးက ကျွန်တော်တို့ကို နောက်ကနေလိုက်ပေါက်မှာဖြစ်ပါတယ်။ ကြက်ဆင်ကြီးက ကြီးပါတယ်။ အဲဒီလောက် စားလို့မကုန်နိုင်အောင် ဖြစ်ပါတယ်။ကျွန်တော် တစ်ကယ်လည်း ကျေးဇူးတင်ပါတယ်။ လူတော်တော်များများကလည်း ကျွန်တော့်ကိုသိပါတယ်။ ဒါပေမဲ့ ကျွန်တော်က သူတို့ကို မသိပါဘူး။ သူတို့ ဟိုးပေါ်တီကို အောက်မှာရပ်နေမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့လာတဲ့ အခါမှာ သူတို့တွေ့မှာပါ။ ကျွန်တော်တစ်ကယ်ဘဲ သူတို့ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော် သိတဲ့လူတွေ အများကြီးရှိပါတယ်။တစ်ခါမှ မသိတဲ့သူတွေလည်း ကျွန်တော်တွေ့ပါတယ်။ အားလုံး ကျွန်တော့်ကို နားလည်ပေးပါ။ကျွန်တော် တစ်ယောက်စီကို နှုတ်ဆက်ချင်ပါတယ်။ ဒါပေမဲ့လည်း နှုတ်ဆက်ခွင့် မရပါဘူး။ကျွန်တော်က တစ်ယောက်ထဲ ဖြစ်နေတယ်။ လူတိုင်းကို ကျွန်တော် တစ်ဦးချင်းစီကို မနှုတ်ဆက်နိုင်ပါဘူး။ဘယ်လိုနှုတ်ဆက်ရမလဲဆို တာကိုလည်း ကျွန်တော် ကြိုးစားပြီး လုပ်ဆောင်ပါတယ်။

6 ၆။ ဘုရားရှင်သင်တို့နဲ့အတူ ပါရှိပါစေ။ ဘုရားသခင်ဟာ ခင်ဗျားတို့နဲ့အတူ ရှိပါ တယ်။ သခင်ယေရှုခင်ဗျားတို့နဲ့အတူ ရှိပါတယ်။ ဘုရားက နေရာတိုင်းမှာရှိတယ်။ အရာ ခပ်သိမ်းကိုတတ်နိုင်ပါတယ်။ ခင်ဗျားလိုအပ်တဲ့ အရာအားလုံးကို ပံ့ပိုးပေးနိုင်ပါတယ်။ အရာခပ်သိမ်းကိုလည်း သိမြင်ပါတယ်။ ခင်ဗျားတို့ လိုအပ်ချက်တွေအားလုံးကို ကိုယ်တော်ရှင် သိပါတယ်။

ကျွန်တော် အားလုံးကိုဘာပြောချင်လဲဆိုတော့ ကျွန်တော် အတတ်နိုင်ဆုံး မြန် အောင်လုပ်မယ်။ ဒီမနက်အတတ်နိုင်ဆုံး ကျွန်တော် လူတိုင်းကို ဆုတောင်းပေးနိုင်သ လောက်၊ လုပ်ပေးနိုင်သလောက်လုပ်ပေးမှာ ဖြစ်ပါတယ်။ အကယ်၍ ကျွန်တော်တို့ မလုပ်ပေးနိုင်ဘူးဆိုရင်လည်းအရာခပ်သိမ်းကို တတ်နိုင်တဲ့ဘုရားသခင်က လုပ်ပေးမှာပါ။ ခင်ဗျားတို့ လိုတဲ့အရာတွေကိုယ်တော်ရှင် အလိုတော်နဲ့အညီ ပံ့ပိုးပေးမှာ ဖြစ်ပါတယ်။

ဘရာသာ ဘရမ်ဟမ်က ခဏရပ်နားပြီးတော့ ဘရာသာနဘေးလ်ကိုစကားပြော ပါတယ်။ ကျွန်တော် ဒါကိုသေချာ မဖတ်နိုင်ဘူး။ ဒါကြောင့် ခင်ဗျားကျေးဇူးပြုပြီးတော့ ဖတ်ပေးပါလား?ဘာအကြောင်းအရာလဲဆိုတော့ အထူးကြေငြာချက်ဘဲ ဖြစ်ပါတယ်။ ဘီလီပေါလ်လေးမွေးဖွားတာဘဲ ဖြစ်ပါတယ်။ သူက ကျွန်တော့်လိုပါဘဲ။ ကျွန်တော့် လက် ရေးကို ကျွန်တော်မဖတ်တတ်သလိုဘဲဖြစ်ပါတယ်။ ကျွန်တော်ကတော့ လက်ရေးတိုနဲ့ဘဲ ရေးပါတယ်။ ကျွန်တော့်ရဲ့စာအုပ်ထဲမှာ ရေးထားတာကို ကြည့်မယ်ဆိုရင် ခင်ဗျားတို့ နားလည်မှာတောင် မဟုတ်ပါဘူး။ဘရာသာဘရမ်ဟမ်က သူ့ရဲ့စာအုပ်ကို ပရိတ်သတ်ကို ပြပါတယ်။ နောက်ပြီးတော့ သူကရီပါတယ်။(အယ်ဒီတာ၏ မှတ်ချက်) ကျွန်တော်ကတော့ ကြယ်လိုဘဲ ဖြစ်ပါတယ်။ တံတားကို ဖြတ်သွားပါတယ်။ဘရာသာနဖေးလ်က ကြေငြာချက် တွေကို ဖတ်ပြပါတယ်။ (အယ်ဒီတာ၏ မှတ်ချက်) ဘရာသာ အက်ဒ်ဒေးလ်အာကမ်းစပ်က လာတဲ့ဘရာသာ အက်ဒ်ဒေးလ်ကတော့ ဖယ်ရီဂရူးကို တွေ့လိုပါတယ်။ ဘုရားကျောင်းနောက်ဖက်မှာ ဆင်းလာခဲ့ပါလို့ ပြောပါတယ်။

ဘရာသာဘရမ်ဟမ်က သူ့ရဲ့လက်ရေးနဲ့ရေးထားတဲ့ ကျမ်းချက်ကို ပရိတ်သတ်ကို ဖတ်ပြပါတယ်။ နောက်ပြီးတော့ သူတို့နဲ့အတူရယ်မောပါတယ်။ (အယ်ဒီတာ၏ မှတ်ချက်) ကျွန်တော့်မှာ ကြယ်ပွင့်လိုဘဲ တံတားကိုဖြတ်နေတဲ့ ကြယ်ပွင့်လိုဘဲ ဖြစ်ပါတယ်။ ဘရာသာန ဖေးလ်က ကြေငြာချက်ကို ဖတ်ပါတယ်။(အယ်ဒီတာ၏ မှတ်ချက်) ဘရာသာ အက်ဒ်ဒေးလ် အာကမ်းစပ်က လာတဲ့ဘရာသာ

7 ၇။ နောက်တစ်ခုထပ်ပြီးကျွန်တော် ကြော်ငြာချင်တဲ့အရာကတော့ ဒီနေ့ညမှာ အနာ ရောဂါငြိမ်းခြင်းစည်းဝေးပွဲရှိတယ်ဆိုတဲ့ အကြောင်းပါဘဲ။ ကျွန်တော်တို့ ဒီနေ့ည နေထိုင်မ ကောင်းတဲ့လူတွေအတွက်ဆုတောင်းပေးမှာ ဖြစ်ပါတယ်။ ခင်ဗျားတို့ လာကြလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

လူတွေအားလုံးအတွက် ကျွန်တော်တို့နှုတ်ခွန်းဆက်သလိုက်ပါတယ်။ သခင်ယေရှု နာမဥ္စအားလုံး တစ်နိုင်ငံလုံးကို

ကျွန်တော်တို့နှုတ်ခွန်းဆက်လိုက်ပါတယ်။ ဒီမနက်အားလုံး ကို ဘုရားသခင် ကောင်းချီးပေးပါစေ။တစ်ချို့လူတွေကတော့ နေ့လည်နေ့ခင်းအထိ နေကြမှာ ဖြစ်ပါတယ်။ တစ်ချို့လူတွေကတော့နယူးယော့မှာရှိတယ်။ အခုအချိန်ဆိုရင် နေ့ခင်းအချိန် ရှိနေပါပြီ။ အရီဇိုးနားပြည်နယ်အပြင်ဖက်မှာ အနောက်ဖက်မှာ အနောက် ဖက်ကမ်းခြေဒေသတွေ အခုအချိန်ဟာဆိုရင် မနက် (၇)နာရီဘဲရှိပါသေးတယ်။ ကျွန်တော် တို့ အခု ကြားအချိန်မှာရှိနေပါတယ်။ ခင်ဗျားတို့နားထောင်နေတဲ့အချိန်မှာ ဘုရားသခင် ကောင်းချီးပေးပါစေ။ ကျွန်တော်စိတ်နှလုံးအကြွင်းမဲ့နဲ့ ဆုတောင်းပေးခြင်းဘဲ ဖြစ်ပါတယ်။

8 ၈။ ကျွန်တော်တို့မှာအားကစားရုံကို ငှားရမ်းခွင့်မရခဲ့ပါဘူး။ နောက်ဆုံးမှာ ကျွန်တော်တို့ခွင့်ပြုချက်မရတဲ့အတွက် ကြောင့် ဝတ်ပြုစည်းဝေး တစ်ကြိမ်ဘဲ လုပ်နိုင်ပါတယ်။ကျွန်တော်တို့ အနာအနာရောဂါငြိမ်းစေဘို့ ဆုတောင်းခြင်း မလုပ်နိုင်ခဲ့ ပါဘူး။ အဲဒါကတော့ကျွန်တော့်ရဲ့ သာသနာပြုခြင်းဘဲ ဖြစ်ပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော် ကျွန်တော့်ကိုပြောတဲ့အ တိုင်း ကျွန်တော်လုပ်ရပါတယ်။ ကျွန်တော် ငြင်းပယ်မယ်ဆိုရင် သန့်ရှင်းသောဝိညာဉ်တော်ကို ငြင်းပယ်ရာရောက်ပါတယ်။ ဘာဘဲ ဝိညာဉ်တော်ကပြောပြော ကျွန်တော်လွတ်လွတ်လပ်လပ်နဲ့ လုပ်ချင်ပါတယ်။ ကျွန်တော် စဉ်းစားမိတဲ့အရာကတော့ တစ်ရက်လောက်ဘဲကျွန်တော် ဒုက္ခခံရမှာ ဖြစ်ပါတယ်။ ဒီဝတ်ပြုရာ တဲတော်မှာဘဲ ကျွန်တော်တို့ဆက်လုပ်ပါမယ်။ ဒီမနက်တော့ အေးပါတယ်။ ကိုယ်တော်ရှင် ကျွန်တော်တို့အတွက် ရာသီဥတုသာယာတဲ့နေ့ကလေးကို ဖန်ဆင်းပေးပါတယ်။ ကျွန်တော်တို့ ကိုယ်တော်ကို ကျေးဇူးတင်ပါတယ်။

9 ၉။ ဒီလိုလုပ်တဲ့အခါမှာကျွန်တော်က ရည်ရွယ်ချက်နဲ့ ဒီကိုလာရခြင်းဖြစ်ပါတယ်။ ဒီကိုလာတဲ့အခါမှာ ကျွန်တော်ဘာကို သွန်သင်ပေးမလဲဆိုတော့ အသင်းတော်(၇)ပါးပြီး တဲ့နောက်မှာအမျက်တော်ဖလား(၇)ခုအကြောင်းဘဲ ဖြစ်ပါတယ်။ နောက်ဆုံး တံပိုးသံ(၇)ချက်အကြောင်းဖြစ်ပါတယ်။ နောက်ပြီးတော့ မိုးကြိုးသံ(၇)ချက် အကြောင်းဖြစ်ပါတယ်။ဗျာဒိတ် ကျမ်းထဲမှာ ပါတဲ့အကြောင်းအရာဘဲ ဖြစ်ပါတယ်။ ဒီခေတ်ဒီကာလမှာ ကျွန်တော်တို့တွေ့ရမှာ ဖြစ်ပါတယ်။ တံဆိပ်(၇)ခုကို ဖွင့်လိုက်ပြီ ဖြစ်ပါတယ်။ အသင်းတော်ခေတ်ကာလ(၇)ပါးဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အခန်းနေရာတွေ မလုံမ လောက်ဖြစ်ပါတယ်။ဒါကြောင့်မို့ နေရာရတာနဲ့ တပြိုင်နက် ကျွန်တော် အဲဒီသွန်သင်ခြင်း ကျမ်းချက်၊သမ္မာကျမ်းစာ သွန်သင်ချက်တွေကို ပြုခဲ့သလိုပါဘဲ။ နေရာကိုလည်း ကျယ်ကျယ်ဝန်းဝန်းလုံလုံလောက် လောက် လိုချင်ပါတယ်။ ဒီမှာဘဲဖြစ်ဖြစ်၊ လူးဝစ်ွဗီးလ်မှာဘဲဖြစ်ဖြစ်နယူးအယ်လ်ဘန်နီမှာ ဘဲဖြစ်ဖြစ် ကောင်းပါတယ်။ ဘယ်နေရာမှာဘဲဖြစ်ဖြစ် ကျွန်တော်တို့ကွင်းဆင်းပြီးတော့ ဘုရားသခင် လမ်းပြသလို ကျွန်တော်တို့ အချိန်ကြာကြာနေပြီးတော့သမ္မာကျမ်းစာ သွန်သင်ခြင်း ပြုလုပ်နိုင်ပါတယ်။

ဒါပေမဲ့လည်း ယခုအခါမှာ ဒီအခွင့်အရေးကိုရရှိပြီးတော့ ကျွန်တော် ဖေါ်ပြလိုတဲ့ အရာကတော့ ကျွန်တော့်ရဲ့ ယုံကြည်ခြင်းဘဲဖြစ်ပါတယ်။ ဘုရားသခင်အပေါ်မှာ ကျွန် တော် ယုံကြည်ခြင်း ဘယ်လောက်ရရှိတယ်ဆိုတဲ့အကြောင်းဘဲ ဖြစ်ပါတယ်။ နောက်ပြီး တော့ ကျွန်တော် ခင်ဗျားတို့ကိုခေါ်ပြီးတော့ ကျွန်တော်တို့ နေထိုင်တဲ့နေရာမှာ ခင်ဗျားတို့ ကို ခေါ်လာချင်ပါတယ်။ဘယ်သူဘယ်ဝါလုပ်ရမယ်ဆိုတာ ကျွန်တော်တို့ တာဝန်ပေးထားတာ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့တနင်္ဂနွေနေ့တုန်းက အလွန် ကောင်းမွန်တဲ့ သန့်ရှင်းသောဝိညာဉ်တော်နှုတ်ကပတ်တော်အပေါ်မှာ သွန်းလောင်းတာကို ကျွန်တော်တို့ ရရှိပါတယ်။ အချိန်အလွန်ကြာတယ်။ အဲဒီလောက် ကြာတာကို ကျွန်တော် မလိုလားပါဘူး။ သို့သော်လည်း ယခုမှာတော့နောက်ဆုံးသောအချိန် ကို ကျွန်တော်တို့ ပြန်ဆုံဘို့ဆိုတာကို ကျွန်တော်တို့ မသိဘူး။ကျွန်တော်တို့ လုပ်ရမယ်။ .... ဖြစ်ချင်တယ်။ .... ကျွန်တော် ဖြစ် ချင်တာပါ။ ရှေးက ရှင်ပေါလု ပြောခဲ့သလိုဘဲ ‘ဘုရားသခင်ရဲ့ အဖွဲ့အစည်းတစ်ခုလုံးကြေငြာဘို့ ငါမရှောင်ရှားခဲ့ဘူး။’ ယေရှုခရစ်တော်က သူ့ရဲ့တမန်တော်တွေကို ဘာမှ ဆရာစား မချန်ခဲ့ဘူးလို့ ပြောခဲ့တယ်။ ငါ့မှာတော့ ယနေ့အချိန်ကာလကို တွေ့ရှိဘို့ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ဘိသိတ်ပေးခြင်းအောက်မှာ ကြိုးစားပြီး နေရတာနဲ့ အလုပ်တွေ များနေတယ်။ ယနေ့သတင်းစကားနဲ့ ခရစ်တော်ရဲ့ အစေခံ အမှုတော်ဆောင်ကဲ့သို့ ကျွန်တော်ရဲ့တာဝန်ဝတ္တရားတွေကို လုပ်တာ တစ်ခါတစ်ရံ တော့ မပြည့်စုံခဲ့ဘူး။ သို့သော်ကျွန်တော့်ကို ကြိုးစားပြီးတော့ ဒီဟာကို ကူညီဘို့ လူအများကြီးကို ကျွန်တော်ရရှိပါတယ်။ ကျွန်တော်ကျေးဇူးတင်ရမဲ့လူတွေ အမှုတော်ဆောင် ညီအစ်ကိုတွေဘဲ ဖြစ်ပါတယ်။

10 ၁၀။ ကျွန်တော်အခု လူတွေကို ဒီလိုမထားချင်ဘူး။ အကယ်၍ သင်တို့ ဒီသတင်းစကား ရောက်ရှိနိုင်တဲ့နေရာတွေကို မတ်တပ်ရပ်ပြီး ပတ်ပတ်လည်ကို ကြည့်ဆိုရင် ဒီဘုရားရှိခိုးကျောင်းရဲ့ဒီမနက်မှာ ဘုရားကျောင်းအလယ် လမ်းကွေ့မှာ ကလေးများအတွက် အခန်း၊ အပြင်ဖက်တွေ၊ရေဒီယို ဖွင့်ထားတာတွေ၊ ဘတ်စ်ကားတွေအထဲမှာ၊ တွဲထားတဲ့ယာဉ်တွေ အစ ရှိသည်ဖြင့်လူနာတင်ကာတွေနဲ့ ဘာပြဿနာလဲဆိုတာကို သင်တို့ တွေ့ရမယ်။ အစည်းအဝေးတိုင်းမှာ လူတွေလူတွေ ကားဖြတ်မောင်းပြီး ခေါ်နေကြတာတွေ အစရှိသဖြင့်နဲ့ သူတို့အထဲကို ဝင်လို့မရကြဘူး။ ထိုင်ပြီး ဖိမ်ကျကျနဲ့ နေနိုင်ဘို့ရန် အခန်းတွေ ထပ်ပြီး ကျွန်တော်တို့လိုအပ်ပါတယ်။ ပြီးရင် ကျွန်တော့်အထင်တော့ သိပ်ပြီး အရေးပါတဲ့ သတင်းစကားတွေကိုဝေငှဘို့ရန် ဖြစ်ပါတယ်။ ကျွန်တော့် ခံစားချက်ကတော့ လူတိုင်း ဖိမ်ကျကျထိုင်နားထောင်ပြီး မှတ်စုရေးနိုင်ဘို့၊ ခဲတံတွေ၊ စာရွက်တွေ မှတ်စုတွေ၊ကျမ်းစာတွေကို အဆင်သင့် လုပ်ထားဘို့ပါဘဲ။ ဒါပေမဲ့ ဒီနည်းလမ်းကို ကျွန်တော်စဉ်းစားထားတာ ကတော့ ကျွန်တော်တို့ ရရှိထားသော အချိန်ကို ပြန်သွားပြီး ..... ကျွန်တော်တို့ ယခု အသက်ရှင်နေတဲ့ အချိန်ကာလမှာ ကြိုးစားပြီးသင်တို့ ကြုံတွေ့ရမဲ့ တချို့အရယတွေကို ကြိုးစားပြီး ယူဆောင်လာပေးမှာပါ။ဒီအရာတွေကို သင်တို့ လိုအပ်မှာဘဲ ဖြစ်ပါတယ်။

11 ၁၁။ တစ်ကယ်လို့ဒီနေ့ ဒီကိုလာပြီး ဒါမှမဟုတ် အခြားတစ်ရက်၊ ဒါမှမဟုတ် အခြားအမှုတော်ဆောင်တွေလာပြီးလူတွေကို သတင်းစကားတစ်ခု လာပြီး ပြောကြားမယ်။ ကျွန်တော်တို့ တတွေကဲ့သို့သေလုမြောပါး ဖြစ်နေတဲ့လူတွေ အချိန်တွေက အလွန်နီးကပ်လာတာကို ကျွန်တော်ယုံကြည်သကဲ့သို့ ဒီနေ့ရက်ကာလမှာ သတင်းစကား ယူဆောင်လာပြီး သင်တို့ကိုနှစ်သိမ့်စေမှာ၊ ဒါမှ မဟုတ် ပရိတ်သတ်တွေကို ဆွဲဆောင်တဲ့ အရာတစ်ခုခု ဒါမှမဟုတ်အဲဒါနဲ့ တူတဲ့အရာတွေကို ဝေငှပြီး ဒီဝေငှချက်ဟာ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်နဲ့ဆန့်ကျင်နေရင် ကျွန်တော်ဟာ ကြောင်သူတော် ကြွက်သူခိုး ဖြစ် နေမှာဘဲ။

ဒီမှာ ရောက်နေတာ ခရစ်တော်ရဲ့အမှုတော်ဆောင်တစ်ယောက် ဖြစ်နေမှာ မဟုတ်ပါဘူး။ ကျွန်တော်ထင်တဲ့ ကျွန်တော်ယူဆောင်ချင်တာကတော့ သင်တို့နဲ့ အကျွမ်းဝင်ပြီး အလွန်အရေးကြီး သတင်းစကား ဖြစ်တယ်။အခုတော့ မြင်ရမှာ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော် ဒီနေ့သေရင် မနက်ဖန်မှာ သင်တို့ရဲ့နှလုံးသားထဲမှာ ကျောက်ချကာ ဆက်ပြီး ဘုရားသခင်ရဲ့ အမှုတော်ကို ဆောင်ဘို့ ကျွန်တော်သတင်းစကား တစ်ချို့ကို ယူဆောင်လာချင်တာပါ။

12 ၁၂။ အခုကျွန်တော် ပြောချင်တာကတော့ အခု တစ်ခုခု ဖြစ်လာတော့မှာပါ။ ကျွန်တော် အဲဒါကို သိတယ်။လူအတော် များများကတော့ ညီအစ်ကို ဂျူနီယာဂျက်ဆင် သူရရှိခဲ့တဲ့ အိမ်မက်အရ အရီဇိုးနားပြည်နယ်ကိုမသွားခင် ကျွန်တော့်ဆီ လာတာကို သင်တို့ အများကတော့ မှတ်မိတယ်မဟုတ်လား ? အံ့ဩဘွယ်ရာ တစ်ခုဘဲ။ ဘယ်သူတွေမှတ်မိကြသေးလဲ ? ဘုရားသခင်ကျွန်တော်တို့ကို အနက်ဖွင့်ပြတယ်။ အဲဒီစာအတိုင်း ဖြစ်ပါတယ်။ သူအခုလေးတင်အခြားအိမ်မက်တစ်ခုကို မက်တယ်။ တစ်ခုခု။

အံ့ဩစရာဘဲ။ အော်ရီဂင်ပြည်နယ်ကလူတစ်ယောက် ကျွန်တော့်ကို သိပ်မသိဘဲ ဂျူနီယာဂျက်ဆင် အိမ်မက် မက်တဲ့အိမ်မက်မျိုးမက်တာကို ကျွန်တော့်ကို လာပြောပြတယ်။ အိမ်မက်ရဲ့ အနက်အဓိပ္ပါယ်ကို ကျွန်တော်မသိပါဘူး။ ကျွန်တော် ဘုရားသခင်ကိုဘဲ စောင့်နေရပါတယ်။ ဒါပေမဲ့ ဘုရားသခင်ဆီက တစ်ခုခုဖေါ်ပြချင်မှာဘဲဆိုတာ ကျွန်တော် သိတယ်။ အခု သိရတာက ဘုရားသခင် ဒီလိုမိန့်တော်မူတယ်။ ဒါဟာ တစ်စုံတစ်ခု ဘုရားသခင်ထံမှာ လာတပါဘဲ။ ဘာလဲဆိုတာကို ကျွန်တော်မသိပါဘူး။ ဒါဟာ တစ်ကယ်ထိုးနှက်ချက်ဘဲ။ အလွန့်အလွန် ထိုးနှက်ချက်ဘဲ။ အမှတ်အသားဘဲ။နှစ်ယောက် စလုံးရဲ့ အိမ်မက်အရ တစ်ယောက်က ကျွန်တော် .....သူကတော့ နှစ်ခြင်း၊ ပရက်စ်ဘီတေးရီးယန်း၊ သူဒီမနက်မှာ ထိုင်နေ ကောင်းထိုင်နေလိမ့်မယ်။ ကျွန်တော်တော့ မသိပါဘူး။ တခြားနေ့တုန်းက သူဒီမှာ ရှိတယ်။အဲဒီလူကို ကျွန်တော် မသိပါဘူး။

ဒါပေမဲ့ သူ့ရဲ့အိမ်မက်ကိုမျက်ရည်မျက်ခွက်နဲ့ ပြောပြခဲ့တယ်။ နောက်ပြီး သူ့ကို တုန်လှုပ်စေတယ်။ သူအော်ရီဂင်ပြည်နယ်က လာပြီး ဒါကို ပြောပြဘို့ဖြစ်တယ်။ ညီအစ်ကို ဂျက်ဆင်ကလည်း ဒီမနက်ဒီအကြောင်းနဲ့ဘဲ ဝင်လာခဲ့တယ်။ သူတို့ တစ်ယောက်ကိုတစ်ယောက် မသိကြဘူး။ သူတို့နေတာလည်း မိုင်ထောင်ချီ တစ်ယောက်နဲ့တစ်ယောက် ဝေးကြတယ်။ သူတို့ အိမ်မက်ကလည်း အတိအကျအတူတူဘဲ ဖြစ်နေတယ်။ ဒါကြောင့် သန့်ရှင်းသောဝိညာဉ်တော်က အနက်ဖွင့်ပြချက်ကိုခွင့်မပြုခဲ့ဘူး။ အဲဒီ လူကို ဘယ်လိုပြောပြရမလဲဆိုတာ ကျွန်တော် မသိဘူး။ ဒါပေမဲ့လည်းကျွန်တော် သိရတာကတော့ တစ်ခုခုကို လုပ်ဆောင်တော့မှာပါဘဲ။ ဒါဟာ ကျွန်တော်တို့မြင်ရမဲ့ ဘုန်းအသရေပါဘဲ။

13 ၁၃။ အခုဒီမနက် ဝေငှမဲ့ သတင်းစကားအတွက် ဂလာတိသြဝါဒစာကို ကျွန်တော် ဖတ်ချင်ပါတယ်။ ကျွန်တော်တရားဟောတာ မဟုတ်ပါဘူး။ ဒါမှမဟုတ် အခု ...... တနင်္ဂနွေမှာ သင်ကြားတဲ့သင်ခန်းစာလိုပါဘဲ။ ယခု နံရံနားမှာ မတ် တပ်ရပ်နေတဲ့ အမျိုးသား၊ အမျိုးသမီးတွေတချို့လူတွေ နေရာဖယ်ပေးပြီး ခင်ဗျားတို့ကို ထိုင်ခိုင်းခဲ့ရင် ဒါမှမဟုတ် တစ်ခုခုအခု ကျွန်တော်ကို အနှောင့်အယှက် မဖြစ်စေပါဘူး။ ရိုရိုသေသေ လေးလေးစားစားနေဘို့ပါဘဲ။ တကယ်လို့ အမေတွေ ဒါမှမဟုတ် ကလေးလေးတွေ ငိုတဲ့အခါ ဒါမှ မဟုတ် တစ်ခုခုကလေးထိန်းတဲ့ အခန်းထဲကို သွားပြီး ကလေးထိန်းဘို့ပါဘဲ။

ယခု သင်တို့ရဲ့ ခဲတံတွေ ကျမ်းစာတွေကျွန်တော်တို့ ဖတ်မဲ့ ကျမ်းစာကို ရေးမှတ်ဖို့ အဆင်သင့်ဖြစ်ပြီလို့ ထင်ပါတယ်။ခင်ဗျား တို့ကို ကျွန်တော် စိတ်ကျဉ်းကြပ်တာကို မခံစားစေချင်ပါဘူး။ ကျွန်တော်ခင်ဗျားတို့ကို မခံစားစေချင်ပါ။ ..... ကျွန်တော်ခင်ဗျားတို့ကို ထိုင်ပြီး လွတ်လွတ်လပ်လပ် လေ့လာစေချင်ပါတယ်။ ခင်ဗျားတို့သဘောမတူတာတွေ - ဒါဟာ ကောင်းပါ တယ်။ - ဒါပေမဲ့ ဒီမနက် တစ်နိုင်ငံလုံးကိုပြောချင်တာက ယေရှုခရစ်တော် ကျွန်တော့်ကို ဒီအချိန်ကာလ သတင်းစကားကိုလက်ခံသူတို့အတွက် ဘာတွေ ဖြစ်လာမလဲနဲ့ ပတ်သက်ပြီး ကျမ်းစာတော်မြတ်ထဲမှာ ဖေါ်ပြထားတာသိဖို့အတွက်ဘဲ ဖြစ်ပါ တယ်။

14 ၁၄။ လွန်ခဲ့တဲ့တနင်္ဂနွေနေ့တုန်းက ကျွန်တော်တို့ နောက်ဆုံးသောကာလမှာ ဘိသိတ်ပေးခြင်း ခံရတဲ့လူတွေအကြောင်း ကို ပြောပြခဲ့တယ်။ သင်တို့ တိပ်ခွေ နားထောင်တဲ့လူတွေအတွက် အဲဒီတိပ်ခွေကို အသေအချာ ရယူထားပါ။ အဲဒီ တိပ်ခွေ တွေကို ရောင်းချဘို့အတွက် မဟုတ်ပါဘူး။အဲဒါဟာ ကျွန်တော်တို့ရဲ့ သဘောထား မဟုတ်ပါဘူး။ ကျွန်တော်တို့ သဘောထား ကတော့ဒီသတင်းစကား ပျံ့နှံ့ဘို့ဘဲ။ တွေ့တယ်မဟုတ်လား ? သင်တို့မှာ တိပ်ခွေ နားထောင်တဲ့စက် ရှိခဲ့ရင် လူတွေ စုပြီးတော့ ဖွင့်ပါ။ နီးကပ်စွာ နားထောင်ပါ။

ဘိသိတ်ပေးခံရတဲ့သူတွေ သင်တို့လူတွေစုပြီး ပြောတာကို ကြားကြမှာဘဲ။ 'အိုး .ကျမ်းစာတော်မြတ်က ပြောတယ်။ နောက်ဆုံးသောကာလမှာ မိစ္ဆာပရောဖက်တွေ ပေါ်လာပြီးဒီနိမိတ်လက္ခဏာတွေကို ပြမယ်။ (ဒီအရာဟာ ကျမ်းစာတော်မြတ်ရဲ့ အတိအကျ ဖေါ်ပြချက်ဘဲ။)ထို့နောက် ဘယ်နေရာမှာ အသုံးပြုထားတာလဲ ?' ဖေါ်ပြချက် မှန်ကန်ဘို့ လိုပါတယ်။ ဒီည ဘုရားသခင် အလိုရှိခဲ့ရင် ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ထဲ ဘယ်လို ဖွင့်ပြထားသလဲ ?ဘယ်လို မျက်လုံးတွေ အသုံးမချ နိုင်သလဲ၊ ဘယ်လိုနားတွေ ဖြစ်သင့်သလဲဆိုတာကိုကျွန်တော် ပြောပြချင်ပါတယ်။ တွေ့တယ် မဟုတ်လား ? ကျမ်းစာတစ် အုပ်လုံးကို ပုံနှိပ်ထားသလိုမျိုးကျမ်းစာတစ်အုပ်လုံးက ယေရှုခရစ်တော်ကို ပုံဖေါ်ထားပါတယ်။ ဒါကြောင့် ဘုရားသခင်အလိုရှိခဲ့ရင် ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ပြောပြချင်ပါတယ်။ ယခု မဟုတ်ခဲ့ရင်နောက်တစ်ရက်မှာပေ့ါ။

15 ၁၅။ အခုဂလာတိသြဝါဒစာနဲ့ ကောရိန်သုသြဝါစာ ဒုတိယစောင် အခန်းကြီး (၄း၁-၆)နဲ့ (ဂလာတိ ၁း၁-၄)ကျွန်တော် တစ်ချို့ နှုတ်ကပတ်တော်ကို ဖတ်ချင်ပါတယ်။ အခု (ဂလာတိ ၁း၄)ထဲမှာ -

ရှင်ပေါလု တမန်တော် တစ်ယောက် ...... (ဒီအဆုံးသတ်ကို စောင့်ကြည့်ပါ။ တမန်တော်ရဲ့ အဓိပ္ပါယ်ကတော့ ' စေလွှတ်ခြင်း ခံရသူတစ်ယောက်၊ ဒါမှမဟုတ်အမှုတော်ဆောင်တစ်ယောက်၊' ဖြစ်ပါတယ်။)

ရှင်ပေါလု တမန်တော် တစ်ယောက်ဖြစ်တာ(လူတွေက ခန့်လို့မဟုတ်ပါ။ လူတွေအားဖြင့် မဟုတ်ပါ။ သို့သော်လည်း .....

ယေရှုခရစ်တော်အားဖြင့် အဖခမည်းတော် သူ့အား သေခြင်းမှရှင်ပြန်ထမြောက်စေပါတယ်။)

ကျွန်တော်နှင့်အတူရှိသော ဂလာတိအသင်းတော်မှ ညီကိုမောင်နှမများ အဖဘုရားထံနှင့် ယေရှုခရစ်တော်ထံမှ လာသောငြိမ်သက်ခြင်း ကျေးဇူးတော်သည် သင်တို့၏ အပေါ် ကျရောက်ပါစေ။ ကျွန်တော်တို့၏အပြစ်များအတွက် သူ့ကိုယ်သူ ပေးဆပ်ခဲ့ပြီး ယနေ့ ဆိုးယုတ်သော ကမ္ဘာထဲမှာကျွန်တော်တို့ကို ကယ်တင်ဘို့ရန်မှာ ဘုရားသခင်၏ အလိုတော်အရ .... ကျွန်တော်တို့၏ အဖခမည်းတော် ဖြစ်ပါတယ်။ သူ၏ဘုန်းအာနုဘော်သည် အစဉ်အမြဲ တည်ရှိပါစေ။ အာမင်။

16 ၁၆။ အခု(၂ကော ၄)ထဲမှာ ကျွန်တော်တို့ (အခန်း၄ယ် ၁-၆)အထိ ဖတ်ပါမယ်။

ထို့ကြောင့် ငါတို့သည် ထိုသို့သောတရား၏အမှုကို ဆောင်ရွက်သောသူဖြစ်၍ ဂရုဏာကျေးဇူးတော်ကို ခံရသည်နှင့်အညီ အားလျော့စိတ်ပျက်ခြင်းနှင့် ကင်းလွတ်ကြ၏။

ဆိတ်ကွယ်ရာအရပ်၌ ပြုသော ရှက်ဖွယ်သောအမှုများကို ကွယ်ကြ၏။ ပရိယာယ်ကိုမသုံး၊ ဘုရားသခင် နှုတ်ကပတ်တရား တော်ကိုထိမ်ဖုက်မှောက်လှန်ခြင်းမရှိ၊ သမ္မာတရားကို အတိအလင်း ဖေါ်ပြ၍ ဘုရားသခင်ရှေ့တော်၌လူအပေါင်းတို့၏ စိတ်ထင်အတိုင်း ချီးမွမ်းဘွယ်သော အကျင့်ဓလေ့ကို ကျင့်ကြ၏။

ငါတို့ဟောပြောသော ဧဝံဂေလိတရားသည်ဖုံးအုပ်လျှက်ရှိလျှင် ဆုံးရှုံးခြင်းသို့ ရောက်သောသူတို့အားသာ ဖုံးအုပ်လျှက်ရှိ၏။အကယ်၍ ဒီအရာဟာ ခွဲခန့်မှတ်သားသူတွေကို မယူဆောင်ဘူးဆိုရင် ဘာဖြစ်လာမလဲဆိုတာကိုကျွန်တော် မသိတော့ဘူး။)

ထိုသို့ မယုံကြည်သောသူတို့ကား၊ဘုရားသခင်၏ ပုံသဏ္ဍာန်တော်တည်းဟူသော ခရစ်တော်၏ ဘုန်းအသရေနှင့် ပြည့်စုံ သောဧဝံဂေလိတရား၏ အရောင်သည် အလင်းကို မပေးစေခြင်းငှာ ဤလောကကို အစိုးရသောဘုရားသည်သူတို့၏ညဏ် မျက်စိကွယ်စေ၏။ (ဒေဝ်ဥယျာဉ်ကန့် အတူတူဘဲ။ အဲဒီ သစ်ပင်ကို မတို့ထိဘို့ထားခဲ့တယ်။)

ငါတို့သည် ကိုယ့်အကြောင်းကိုဟောပြောကြသည်မဟုတ်။ ယေရှုခရစ်သည် သခင်ဖြစ်တော်မူကြောင်းကိုငှင်း၊ ငါတို့သည်ယေရှုအတွက် သင်တို့၏ ကျွန်ဖြစ်ကြောင်းကိုငှင်း ဟောပြောကြ၏။ မှောင်မိုက်ထဲကအလင်းထွန်းလင်းမည့်အကြောင်း မိန့်တော်မူသော ဘုရားသခင်သည် ယေရှုခရစ်၏ မျက်နှာ၌ထွန်းလင်းသော ဘုရားသခင်၏ ဘုန်းတော်ကို သိသောညဏ်၏ အလင်းရောင်ကို ပေးလိုသောငှာငါတို့၏ စိတ်နှလုံးထဲ၌ အလင်းကို ထွန်းလင်းစေတော်မူ၏။

17 ၁၇။ (အာမင်။ဒါကြောင့် နှုတ်ကပတ်တော်ကို ဖတ်ပါ။)

ယခု ကျွန်တော် ဝေငှမဲ့ အကြောင်းအရာကတော့ဆိုးသွမ်းနေတဲ့ ယနေ့ခေတ်ကာလရဲ့ဘုရား ဖြစ်ပါတယ်။ ဒီနှုတ်ကပတ် တော်ထဲက ဖတ်ခဲ့သလိုဘဲဒီကမ္ဘာရဲ့ဘုရား၊ ဆိုးသွမ်းသော ခေတ်ကာလ..... အခု ဒီသတင်းစကားကတော့ဒီဆိုးသွမ်းတဲ့ ခေတ်ကာလရဲ့ မိုက်ပြစ်တွေကို ညွှန်ပြနေပြီး ဒီဆိုးသွမ်းတဲ့ကာလကိုပရောဖက် ပြုခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော့် ယုံကြည် ချက်ကတော့ အရာရာတိုင်း ..... ကျမ်းစာတော်မြတ်က ခေတ်ကာလတိုင်းမှာရှိတဲ့ယုံကြည်သူများအတွက် အဖြေတွေကို ရေးသားထားပါတယ်။ ကျွန်တော်တို့လိုအပ်တဲ့အရာရာတိုင်းကို ဒီမှာ ရေးသားထားတာကို ကျွန်တော် ယုံကြည်ပါတယ်။သန့်ရှင်းသောဝိညာဉ်တော် အနက်ဖွင့်ပြချက်ကိုသာ ယခု လိုအပ်ပါတယ်။ လူတိုင်းဟာနှုတ်ကပတ်တော်ကို သူတို့ရဲ့ ကိုယ်ပိုင်အတွေးနဲ့ အနက်ဖွင့်နိုင်တာကို ကျွန်တော်မယုံကြည်ပါဘူး။ ဘုရားသခင်ဟာ သူ့ရဲ့ နှုတ်တော်ထွက်စကားကို အနက်ဖွင့်နိုင်တာကိုကျွန်တော် မယုံကြည်ပါဘူး။ ဘုရားသခင်ဟာ သူ့ရဲ့ နှုတ်တော်ထွက်စကားကိုအနက်ဖွင့်နိုင်တာကို မလိုအပ်ပါဘူး။ သူကိုယ်တိုင် သူ့နှုတ်ကပတ်တော်ကိုအနက်ဖွင့်တာပါ။ သူ ဒီဟာလုပ်မယ်လို့ သူပြောတဲ့အတိုင်း သူလုပ် တယ်။

ကျွန်တော် အကြိမ်များစွာ ပြောခဲ့သလိုဘဲသူပြောခဲ့တယ်။ အပျိုကညာ ပဋိသန္ဓေတည်လာမယ်။ သူ့ရဲ့ ပရောဖက်က ပြောတဲ့ နှုတ်ကတစ်ဆင့်ပြောခဲ့တယ်။ သူမ ကိုယ်ဝန်ရှိလာတယ်။ ဘယ်သူတစ်ဦး တစ်ယောက်မျှ အနက် ဖွင့်စရာ မလိုဘူး။သူ့နှုတ်မြွက်တယ်။ အစအဦး၌ အလင်းဖြစ်စေပြီး အလင်းပေါ်ပေါက်လာတယ်။ ဘယ်သူတစ်ဦးတစ်ယောက်ကမှအနက်ဖွင့်စ ရာမလိုဘူး။ နောက်ဆုံးသောကာလမှာ သူ့ရဲ့ ဝိညာဉ်တော်ကို လူတိုင်းအပေါ်ကိုသွန်းလောင်းခဲ့မယ်လို့ သူမိန့်တော်မူခဲ့တယ်။ သူသွန်းလောင်းခဲ့တယ်။ ဘယ်သူတစ်ဦးတစ်ယောက်မှ အနက်ဖွင့်စရာ မလိုဘူး။ သူမိန့်တော်မူခဲ့တာက နောက်ဆုံးသောကာလမှာ ကျွန်တော်တို့ မြင်ရတဲ့ အရာရာတိုင်း ယခု ဖြစ်ပေါ်နေတာ ဒီမှာ တွေ့ရတယ်။အနက်ဖွင့်စရာ မလိုအပ်ဘူး။ အနက် ဖွင့်ပြီးသား ဖြစ်နေတယ်။ တွေ့တယ်မဟုတ်လား?

18 ၁၈။ ယခုကျွန်တော်တို့ အသက်ရှင်နေထိုင်နေတဲ့ ဆိုးသွမ်းတဲ့ ခေတ်ကာလကိုနှုတ်ကပတ်တော်အားဖြင့် နီးကပ်စွာ လေ့လာနေတာကို သတိပြုကြပါ။ အဲဒါ အံ့ဩဘွယ်ရာလို့ ထင်ကြတာပါဘဲ။ဒီကျေးဇူးတော်ကာလရဲ့ ထူးဆန်းတဲ့အရာတွေ ဘုရားသခင် သူ့ရဲ့နာမတော်အဖို့ အလို့ငှာလူတွေကို ရွေးချယ်တဲ့အခါ ဒါဟာ သူ့ရဲ့ သတိုးသမီး၊ ဒီဆိုးသွမ်းတဲ့ ကာလထဲမှာလို့ခေါ်တွင်တဲ့ ဆိုးသွမ်းတဲ့ ကာလဖြစ်ပါတယ်။ ဒီခေတ်ကာလဘဲ ဘုရားသခင်ဟာသူ့ရဲ့နာမတော်အတွက် လူတွေကို ခေါ်နေတယ်။ ကျေးဇူးတော်အားဖြင့် ခေါ်ထုတ်ပြီးဆိုးသွမ်းတဲ့ ခေတ်ကာလလို့ ခေါ်ပါတယ်။ အခု ကျမ်းစာတော်မြတ်အား ဖြင့် သက်သေပြချင်တာကဒီနေ့ ခေတ်ကာလဘဲဆိုတာ သူမိန့်တော်မူတယ်။

ဒီလိုဆိုးယုတ်တဲ့ အချိန်ကာလမှာဘုရားသခင် သူ့ရဲ့ သတိုးသမီးကို ခေါ်တာဟာ အလွန်အံ့ဩဘွယ်ရာလို့ ထင်ရတယ်။ သူလူတစ်စုလို့ ပြောတယ်။ အသင်းတော် တစ်စုလို့ မပြောတာကို သင်သတိထားမိလား? ဘာကြောင့်လဲ? အခုထိတော့ အသင်း တော်ကို ခေါ်တယ်။ဒါပေမဲ့ လူတစ်ဦးတစ်ယောက်ချင်းကို ခေါ်ခဲ့တယ်။ အခု အသင်းတော်က လူတွေဟာခြားနားတဲ့သူတွေ နဲ့ စုစည်းထားတာပါ။ ဒါပေမဲ့ ဘုရားသခင် အဲဒီ အသင်းတော်ထဲကတစ်ဦးဦးကိုဘဲ ခေါ်နေတာပါ။ ငါ မက်သဒစ် အသင်း တော်ကို ခေါ်တာ၊ နှစ်ခြင်း၊ပင်တေကုတ္တေ အသင်းတော်ကို

ခေါ်တာလို့ မပြောခဲ့ဘူး။ သူလူတစ်ဦးတစ်ယောက်ကိုခေါ်တယ်လို့ ပြောခဲ့တယ်။ ဘာအတွက်လဲ ?သူ၏နာမတော်အတွက် တွေ့တယ်မဟုတ်လား ?လူတစ်ဦးတစ်ယောက် မက်သ ဒစ်အသင်းတော်ထဲက တစ်ယောက်၊ နှစ်ခြင်းအသင်းတော်ထဲကတစ်ယောက် လူသာရင်အသင်းတော်ထဲက တစ်ယောက်၊ ကက်သလစ် အသင်းတော်ထဲက တစ်ယောက်ကိုခေါ်တာပါ။ တွေ့တယ်မဟုတ်လား ? ဒါပေမဲ့သူအသင်းတော်ထဲက လူတစ်စုကို ခေါ်တာ မဟုတ်ဘူး။ ဒါပေမဲ့ သူ့ရဲ့နာမတော်အတွက်လူတစ်ဦးတစ်ယောက်တွေ သူ၏နာမတော်ကို ယုံကြည်လက်ခံတဲ့သူတွေ၊ သူ၏နာမတော်ထဲမှာစေ့စပ်ထားတဲ့သူတွေ သူနဲ့ လက်ထပ်ဘို့ မင်္ဂလာ အခမ်းအနားကို လာတဲ့သူတွေ သူရဲ့အစိတ်အပိုင်းဖြစ်ဘို့ ခွဲ့ခန့်မှတ်သားခံရတဲ့ သူတွေဘဲ ဖြစ်ပါတယ်။ လူတစ်ယောက်ရဲ့သူ့ရဲ့ ခန္ဓာအစိတ်အ ပိုင်းဖြစ်ဘို့ ဘိသိတ်ပေးခံရတဲ့ မှန်ကန်တဲ့ ဇနီးမယားကိုရွေးချယ်ခဲ့သလိုဘဲပေ့ါ။ ဒါကြောင့် ဒါဟာ ခရစ်တော်ရဲ့ သတိုးသမီးကို ယခု ဘုရားသခင်ဟာသူ၏ခန္ဓာအစိတ်အပိုင်း တစ်ခုဖြစ်လာဖို့ ယခင်ကတည်းက ဘိသိတ်ပေးထားခဲ့တာပါ။ တွေ့လား ? နှုတ် ကပတ်တော်ဟာ အလွန်ကြွယ်ဝပြီးပျားရည်နဲ့ ပြည့်ဝနေပါတယ်။

19 ၁၉။ သတိထားမိလား ? လူတစ်ဦးတစ်ယောက် ပြောသလိုလူတစ်ယောက်ယောက်ကို ဘယ်လိုခေါ်ခဲ့သလဲ ?ဒါပေမဲ့ ဘုရားသခင်က ကမ္ဘာကြီးကို မဖန်ဆင်းမှီကတည်းက ဘုရားသခင်ခေါ်ဆိုခြင်းဖြစ်ပြီး နောက်ဆုံးသောကာလမှာ ခေါ်ဆိုခြင်း ဖြစ်ပါတယ်။ အဖွဲ့အစည်းတစ်ခုခုကို မဟုတ်ဘူး။ သူ၏နာမတော်အတွက် လူတစ်စုံတစ်ဦးကိုဘဲ ဖြစ်ပါတယ်။ ဒီလိမ်လည်လှည့်ဖျားတဲ့ ခေတ်ကာလ၊ ဒီဆိုးသွမ်းတဲ့ ကာလမှာ ပြုလုပ်ခြင်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ အပါတ်တုန်းက ခေတ်ကာလတွေထဲမှာအလွန် လိမ်လည်လှည့်ဖျားတဲ့ ခေတ်ကာလအားလုံး ဧဒင်ဥယျာဉ်ထဲကစပြီး ဆက်လက်ဆင်းသက်လာတာ၊ဒီခေတ်ကာလလောက် လိမ်လည်လှည့်ဖျားခံရတာ မရှိသေးဘူး။ မိစ္ဆာပရောဖက်တွေ ပေါ် လာပြီးနိမိတ်လက္ခဏာတွေ၊ အံ့သြဖွယ်ရာတွေ ဖြစ်နိုင်ရင် ရွေးချယ်ခံထားရတဲ့လူတွေကိုတောင်လှည့်ဖျားမှာ ဖြစ်တယ်။ တွေ့လား ?အခု အနည်ထိုင်နေတာ၊ ခလေ့ထုံးစံတွေ ထုံးတမ်းစဉ်လာ အသင်းတော်တွေနဲ့ အစရှိသဖြင့်လူတွေလုပ်တဲ့ သီသြ လော်ဂျီတွေ ဒါတွေမဟုတ်ဘူး။ ရွေးချယ်ခံထားရတဲ့ လူတွေကတော့ဒါတွေကို ဂရုစိုက်မှာ မဟုတ်ဘူး။ ဒါပေမဲ့ ဒါတွေဟာ စစ်မှန်တဲ့အရာတွေလိုနီးပါးဖြစ်နေတယ်။ သင်တို့ လုပ်ချင်တာကတော့ နှုတ်ကပတ်တော် တစ်ခုကို နှုတ်ယူဘို့လောက်ဘဲ။ဒီခေတ်ကာလမှာ ဂတိပေးခဲ့တယ်။ အလွန်အရေးကြီးတဲ့အချိန်ဘဲ။ .... နေရာတိုင်းမှာရှိတဲ့ ခရစ်ယာန်တွေ ကျွန်တော်တို့အသက်ရှင်နေတဲ့ ဒီအချိန်ကာလကို သတိထားကြပါ။ မှတ်သားရေးချပါ။ ဖတ်ပါ၊နားစိုက်ထောင်ပါ။

20 ၂၀။ ဘုရားသခင်ဘာကြောင့် ဒီဆိုးယုတ်သော ခေတ်ကာလမှာ သူ၏နာမတော်အတွက် ဘာကြောင့် လူတစ်ယောက်စီ ကိုခေါ်ရတာလဲ ? အကြောင်းကတော့သူ့ရဲ့ သတိုးသမီးကို စမ်းသပ်ဘို့ရန်အတွက်ဘဲ ဖြစ်ပါတယ်။ ဒီဟာကို ..... သူမကို ကိုယ်ထင်ပြတဲ့အခါ စမ်းသပ်တယ်၊ သက်သေပြတယ်၊ စာတန်ကိုသက်သေပြတယ်။ ..... အစအဦးတုန်းကကဲ့သို့ဘဲနောက် ဆုံးသောကာလမှာလည်း ဒီအတိုင်းဘဲ ဖြစ်လာမှာ ဖြစ်တယ်။

မျိုးစေ့ဟာ မြေကြီးပေါ်မှာအစပြုသကဲ့သို့ သယ်ဆောင်သူအားဖြင့် ကြီးထွားလာတယ်။ သူ့ရဲ့ ကိုယ်ပိုင်အသက်ပေ့ါ။ဒါပေမဲ့ သူ့ရဲ့အဆုံးဟာလည်း ဒီမျိုးစေ့ မြေကြီးထဲမှာ ရှိနေစဉ်က အတိုင်းဘဲ။ဒီနည်းလမ်းအတိုင်း လှည့်ဖျားတဲ့ မျိုးစေ့ဟာလဲ ဧဒင်ဥယျာဉ်ရဲ့ မြေကြီးထဲမှာ ကျနေပြီးအဲဒီ နည်းလမ်းအတိုင်း နောက်ဆုံးသောကာလမှာ အဆုံးသတ်မှာ ဖြစ်တယ်။ ခရစ်တော်၏အမှုတော်မြတ်ဟာ နိုင်ခေးလား၊ ရောမမှာရှိတဲ့ ဂိုဏ်းဂဏပေါ်ကို ကျရောက်သကဲ့သို့အဆုံးမှာ စုပါအဖွဲ့အစည်းကြီး ဖြစ်လာတယ်။ အသင်းတော်ရဲ့မျိုးစေ့ အဲဒီမှာကျနေသလိုမျိုး နိမိတ်လက္ခဏာတွေ၊ အံ့သြဘွယ်ရာတွေ အသက်ရှင်တော်မူ သော ခရစ်တော်ဘုရားသူတို့နဲ့အတူ ရှိနေသလို နောက်ဆုံးသော အဆုံးသတ်ကာမှာ (မာလခိ ၄)မျိုး ပြန်ပြီး မူလယုံကြည်ခြင်းမျိုး အသစ်တစ်ဖန် ပြန်လည်ပြုပြင်ပေးတယ်။

21 ၂၁။ ကျွန်တော်တို့အခု တွေ့ရှိရတာကတော့ ဒီဆိုးယုတ်သောကာလမှာ စာတန်ကို သက်သေပြမှာကတော့ သူမဟာဧဝနဲ့မတူဘူး။ အဲဒီလိုပုံစံ၊ အမျိုးသမီးမျိုး မဟုတ်ဘူး။ သူမကို ဘုရားသခင်ရဲ့နှုတ်ကပတ်တော်အားဖြင့် စမ်းသပ်လိမ့်မယ်။ သတိုးသမီး အာဒံရဲ့ အမျိုးသမီးကိုနှုတ်ကပတ်တော်နဲ့ စမ်းသပ်သကဲ့သို့ ဖြစ်တယ်။ အာဒံရဲ့ အမျိုးသမီးက နှုတ်ကပတ်တော်အားလုံးကို ယုံကြည်တယ်။ အားလုံးဘဲ။ ဒါပေမဲ့ ဂတိတစ်ခုအပေါ် စိတ်ရှုပ်ထွေးသွားတယ်။(သူမနေ့၊ ယနေ့၊ နောင်ကာလ၊ မပြောင်းလဲတဲ့ ဘုရားဖြစ်တယ်။ တွေ့လား ?) ဒါပေမဲ့ ကတိတစ်ခုကိုကျဆုံးသွားတာ သူ့ရန်သူရဲ့ လှည့်ဖျားမှုအောက် ရောက်သွားလို့ဘဲ။မျက်နှာချင်းဆိုင်မှာဘဲ။ ယခု သူ၏နာမတော်အား ခေါ်ဆိုသောလူတွေ အမှန်တစ်ကယ်တော့ သူ၏သတိုးသမီး ဖြစ်ပါတယ်။ အဲဒီ တူညီတဲ့ အကြောင်းအရာအတွက် သူမတစ်ဖန်လာပြီးတော့ဆက်သွယ်ရမှာဘဲ။ ဂိုဏ်းဂဏ တွေရဲ့ အမှန်တရားအားဖြင့် ဒါမှမဟုတ် တစ်ခုခုအားဖြင့်မဟုတ်ဘဲ နှုတ်ကပတ်တော် အားလုံးအားဖြင့်ဘဲ ဖြစ်ပါတယ်။

ကျမ်းစာတော်မြတ်ရဲ့ အစအဦးမှာ လူတွေအသက်ရှင်ဘို့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ပေးထားပါတယ်။ စာတန်လို့ ခေါ်တဲ့လူတစ်ယောက်ဟာ စဲပင့်လို့ခေါ်တဲ့ တိရိစ္ဆာန်ရဲ့အထဲမှာနေပြီး နှုတ်ကပတ်တော်တစ်ခုကိုမှားယွင်းစွာ အနက်ဖွင့်ခဲ့ တယ်။ စာတန်ဟာ အဲဒီပုဂ္ဂိုလ်ထဲမှာနေပြီး ဧဝကိုစကားပြောတယ်။ နှုတ်တော်ထွက်စကားကို မှားယွင်းစွာ သူမကို အနက်ဖွင့် တယ်။ကျဆုံးသွားတယ်။ တွေ့တယ်မဟုတ်လား ?နှုတ်ကပတ်တော် အားလုံးဘဲ ဖြစ်ရမယ်။

22 ၂၂။ ကျမ်းစာတော်မြတ်ရဲ့အလယ်မှာတော့ယေရှုလာပြီ။ ‘လူတွေဟာမုန့်အားဖြင့်သာ အသက်မရှင်ပါ။ သို့သော် နှုတ်တော်ထွက်အားဖြင့်သာ အသက်ရှင်ပါတယ်။’ သူစာတန်ရဲ့သွေးဆောင်ဖျားယောင်းတဲ့အခါမှာ ပြောခဲ့ပါတယ်။ အခု နောက်ဆုံးသောကာလမှာ လောကီရဲ့ဘုရားပေါ်လာပြီး နှုတ်ကပတ်တော်ကို ပေါင်းထည့်တာ၊ ဒါမှမဟုတ် နုတ်ယူတဲ့လူတွေ ကိုအသက်စာစောင်ထဲမှာ သူ့ရဲ့အမည်ကို ပယ်ဖျက်ခြင်း ခံရမယ်လို့ ဘုရားသခင်ကျွန်တော်တို့ကို မိန့်တော်မူတယ်။ ဘုရားသခင် ကျွန်တော်တို့ကို သနားတော်မူပါ။ကျွန်တော်တို့ စတစ်ရုပါအင်္ကျီတွေလို လမ်းမလျှောက်ရ၊ ရင်ကော့ပြီး ခေါင်းမော့ပြီးဒါတွေအားလုံးကို သိတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့လည်းနာခံလိုက်လျှောက်တဲ့သူတွေထဲမှာ ပါလို့ဘဲ။ ကျွန်တော်တို့ဟာ ကျေးဇူးတော်အားဖြင့်သနားခြင်းဂရုဏာအားဖြင့်

ကျွန်တော်တို့ရဲ့ နှလုံးသား ခံစားမှုဟာ ဘုရားဆီကိုဘဲဖြစ်ရမယ်။ ကျေးဇူးတော် ပလ္လင်ကို နှိမ့်ချစွာ လာရမှာ ဖြစ်ပါတယ်။

ထူးဆန်းတယ်။ အခု သတင်းစာကိုနှစ်ပေါင်း(၁၉၀၀) ဝေငှအပြီးမှာ အခု သူမ ဒါဟာ လောကီရဲ့ လုပ်ထုံးလုပ်နည်းဟာကိုယ်တော် လောကမှာ နေထိုင်ခဲ့တုန်းကထက် ပိုပြီး ဆိုးယုတ်တယ်။ ကမ္ဘာရဲ့လုပ်ထုံးလုပ်နည်းတွေဟာ ပိုမို ဆိုးယုတ် လာတယ်။ ကမ္ဘာကြီးဟာ သူ့ရဲ့ ကြီးမားတဲ့အထွဋ်အထိပ်ကို ဦးတည်နေပြီး သင်တို့ သိပါတယ်။ ကိုယ်တော်ဟာ သူ့ရဲ့ နှုတ်ကပတ်တော်ကိုအဖက်ဖက်ကနေ ပြည့်စုံအောင် ဆောင်ရွက်နေပြီ။ ....

23 ၂၃။ မနေ့ကမတ်တပ်ရပ်နေတယ်။ .... ကျွန်တော် မြော်လင့်တာက အဲဒီ ကောင်မလေး.... သူလိမ်မည်မဟုတ်ဘူး။ ကျွန်တော့မိန်းမနဲ့အတူလာတယ်။ မစ္စဝုဒ် ညီအစ်ကို ရှိုင်းရော်ဘင်ဆင် အခု ဒီမှာ တစ်နေရာရာမှာရှိတယ်။ ဒီနေရာရဲ့ အထက်ဖက်မှာ ရှိတဲ့ ယွန်းတောင်း ဈေးဝယ်စင်တာမှာ ရပ်နားပြီးတော့ညီအစ်မ ဝုဒ်မှာရှိတဲ့ အထုပ်အပိုးလိုမျိုး အထုပ်အပိုး ကို သွားယူဘို့ဖြစ်တယ်။ကျွန်တော်တို့ အဲဒီမှာ ထနေတဲ့အချိန်မှာ လူငယ်လေးတစ်ယောက်က လာပြီး သူ့ကိုယ်သူမိတ်ဖွဲ့ပါ တယ်။ သူက တစ်စိမ်းတစ်ယောက်ဘဲ။ အခြားလူငယ်တစ်ယောက်ကလာပြီး သူတို့လည်းအလာဘားမားမှာ နေပါတယ်လို့ ပြောပါတယ်။ သူတို့ ဂျော်ဂျီယားမှာ နေတယ်လို့ ယုံကြည်တယ်။ဘာဖြစ်လို့လဲဆိုရင် သူတို့ ဝဲလ်ချင်အီဗန်းကို သိသလားလို့ ကျွန်တော် မေးခဲ့တယ်။ကျွန်တော်တို့ မိနစ်အနည်းငယ် စကားပြောတယ်။ အဲဒီလူငယ်ဟာ ကျွန်တော့်ကို ကြည့်ပြီးသူပြော တယ်။ ‘ကျွန်တော်ပြောချင်တာ တစ်ခုရှိတယ်။’

ကျွန်တော် ပြောတယ်။ ‘သင်ဟာ ယုံကြည်သူလား? သင်ဟာ ခရစ်ယာန်တစ်ယောက် ဖြစ်သလား?

ပြောတယ်။ ‘မဟုတ်ပါဘူး ဆရာကြီး လို့ သူပြောတယ်။’

24 ၂၄။ သူပြောသလိုတော့ကျွန်တော် မကိုးကားပါဘူး။ ဒါပေမဲ့ သူဟာ သံသယ အနည်းငယ်တော့ ရှိသင့်တယ်။ သူပြောချင်တဲ့အရာနဲ့ ပတ်သက်လာတယ်။ သူအဲဒီအရာကို ကြားခဲ့တယ်လို့ သူပြောတယ်။ ဒါပေမဲ့သူဘုရားရှိခိုးကျောင်းကို တစ်ခါမှ အရင်တုန်းက မလာဖူးဘူး။ ..... ဒီဘုရားကျောင်းကို ကျွန်တော်က ‘သင်အဲဒါကို ယုံကြည်သလားလို့’ မေးတယ်။

ပြောတယ်။ ဟုတ်ကဲ့ဆရာကြီးလို့ သူပြောတယ်။ကျွန်တော် တစ်ခုခုကို စောင့်ကြည့်နေတယ်။ ‘ပြောတယ်။ ’လူတွေကကျွန်တော့်ကို ကြိုတင်ဟောကိန်းနဲ့ တခြားအရာတွေကို ကျွန်တော့်ကို ပြောပြတယ်။ကျွန်တော် ကြိုတင်ဟောကိန်းထုတ်ထား တဲ့ ကယ်လီဖိုးနီးယား ဒီလိုအက်ကွဲလာမှာကိုတိတ်ခွေထဲမှာ ကြားခဲ့တယ်။ ‘ ပြောခဲ့တယ်။ ’ ကျွန်တော်စာရွက်ထဲမှာ တွေ့ရတဲ့အခါ ကျွန်တော် အဲဒါကို ယုံကြည်တယ်။ ‘ သူပြောတယ်။ ’ကျွန်တော် ဒီနေ့ ဒါမှမဟုတ် မနက်ဖန်(ဒါဟာ ဒီနေ့ဘဲ) ဒီကိုလာတာ ပထမဆုံး အကြိမ်ဘဲ။

ကျွန်တော် ပြောခဲ့တယ်။ ‘ဘုရားသခင် ကောင်းချီးပေးပါစေသား ’ သူ့ကို လက်ဆွဲနှုတ်ဆက်ပါတယ်။

သူပြောတယ်။ ‘ဒါပေမဲ့ ကျွန်တော် သင့်ကို တစ်ခုပြောချင်ပါတယ်။’ ဆရာကြီးသူပြောတယ်။ ‘ပျောက်ဆုံးနေသူတစ်ယောက်လို့ ကျွန်တော် ပျောက်ဆုံးနေပါတယ်။’ သူပြောတယ်။ ‘ကျွန်တော်သဲပုံထဲမှာ နစ်နေတယ်။ ဒဂ်ါးလိုဘဲ။ ပျောက်ဆုံး နေပါတယ်။

ကျွန်တော် ပြောခဲ့တယ်။ ‘ဒါပေမဲ့ထိုနည်းအတိုင်းမနေသင့်ဘူး။တစ်စုံတစ်ယောက်သောသူ ဒီမှာ မတ်တပ်ရပ်ပြီး ယခု ရှိနေတာ သင့်ကို ရှာပြီးတဲ့မိနစ်မှာဘဲ သင်ဟာရှာတွေ့ဖို့ အဆင်သင့်ဖြစ်နေတယ်။

သူပြောတယ်။ ‘ကျွန်တော် အဆင်သင့်ပါဘဲ။’

ကျွန်တော် ပြောတယ်။ ‘သင်ခေါင်းကို ငုံ့ထားမှာလား?’

သူပြန်ပြောတယ်။ ကျွန်တော် မရှက်ပါဘူး။ဒါတွေတောင် မကဘူး။ သူဒူးထောက်လိုက်ပြီး လူအများရှေ့မှာ ပါဝင်ခဲ့တယ်။ လမ်းပေါ်ကလူတွေဟာ သူ့ကိုစောင့်ကြည့်နေကြတယ်။ အဲဒီမှာ သူနဲ့အတူ ဘုရားသခင့်ထံသို့ သူ့ရဲ့နှလုံးသားကို ပေးအပ်တဲ့အထိ ကျွန်တော်တို့ ဆုတောင်းခဲ့တယ်။ သူအပြစ်သားတစ်ယောက်အနေနဲ့ လာပြီး ဘုရားသခင် သားတစ် ယောက် အဖြစ်နဲ့ ပြန်သွားခဲ့တယ်။သူ့ရဲ့ကားဘေးမှာ လူသေတစ်ယောက်လို လျှောက်လာခဲ့ပြီး အသက်ရှင်စွာနဲ့ ပြန်သွားခဲ့တယ်။ ကျွန်တော် ပြောတယ်။ နှစ်ခြင်းကန်ကတော့ မနက်ဖန် ဖွင့်မယ်။

သွေးတွေနဲ့ ပြည့်နေတဲ့စမ်းရေတစ်ခုရှိတယ်။

ဧမာနွေလရဲ့ သွေးကြောထဲကနေ ထွက်လာတယ်။အပြစ်သားတွေ အဲဒီရေထဲကို ငုံ့လျှိုးသွားခဲ့ရင်၊

ကျုံးလွန်စွန်းထင်းတဲ့ အပြစ်တွေမှကင်းလွတ်မှာဘဲ။ ကျွန်တော် ပြောတယ်။ မတ်တပ်ရပ်ပြီး ယေရှုခရစ်တော် နာမ၌ နှစ်ခြင်းယူပါ။ ကိုယ်တော်ရဲ့ နာမတော်ကို ခေါ်ပါ။ ဘုရားသခင် သင်တို့ကို သူ့ရဲ့သန့်ရှင်းသောဝိညာဉ်တော်နဲ့ ပြည့်ဝစေမှာပါ။ ဒီကြီးမြတ်တဲ့အရာတွေကိုသင်တို့အားပေးပြီး သင်တို့ ဒီအရာကို မြင်ရဖို့ သင့်ကို ပြုမှာပါ။

25 ၂၅။ အဲဒါဘာလဲ? ကမ္ဘာကြီးဟာပျက်စီးခြင်းအထွဋ်အထိပ်ကို ရောက်နေပြီ။ ဘာကြောင့်လဲ? တရားဥပဒေ မဲ့နေတဲ့ စိတ်ဓါတ်တွေ၊ ယိုယွင်းပျက်စီးနေတဲ့စိတ်ဓါတ်တွေ၊ သိပ္ပံနည်းကျ ဘာသာရေးတွေဟာ မုန်းတီးခြင်းတွေနဲ့ မသန့်ရှင်းတဲ့ငှက်တွေရဲ့ လှောင်အိမ်ထဲကို ဦးဆောင်နေတယ်လို့ ကျမ်းစာတော်မြတ်ကမိန့်တော်မူသကဲ့သို့ ဖြစ်နေတယ်။ (ဗျာဒိတ် ၁၈)ကို ဖတ်ကြရအောင်။ အချက်အလက်ကိုအစပြုချိန်မှာ ကျွန်တော်တို့ (ဗျာဒိတ် ၁၈း၁-၅) ဖတ်ကြရအောင်။ အဲဒီ အမှတ်အသား ကတော့အမှန်လို့ဘဲ ထင်တယ်။

ထို့နောက်မှ ကောင်းကင်တမန် တပါးသည်ကြီးစွာသော တန်ခိုးနှင့် ပြည့်စုံ၍ ကောင်းကင်က ဆင်းသက်သည်ကို ငါမြင်၏။

သူ၏ရောင်ခြည်အားဖြင့် မြေကြီး ထွန်းလင်းလျှက်ရှိ၏။

သူသည် ကျယ်သောအသံနှင့် ကြွေးကြော်၍ (အခုသင် လူအပေါင်းတို့ ဒါဟာ အိမ်မက်တွေဘဲ) ဗာဗုလုန်မြို့ကြီး ပြိုလဲပြီ၊ ပြိုလဲပြီ၊ နတ်ဆိုးနေရာ ဖြစ်လေပြီ။ ညစ်ညူးသော ဝိညာဉ်မျိုး၏ တွင်းဖြစ်လေပြီ။ ..... ညစ်ညူး၍ စက်ဆုပ်ဘွယ်သော ငှက်မျိုး၏ မှီခိုရာ ဖြစ်လေပြီ။

အကြောင်းမူကား လူမျိုးအပေါင်းတို့သည်သူ၏ မတရားသော မေထုန်၏ အဆိပ်အတောက်တည်းဟူသော စပျစ်ရည်ကို သောက်ကြပြီးလောကီရှင်ဘုရင်တို့သည် မတရားသော မေထုန်ကို သူနှင့် ပြုကြပြီ။ လောကီကုန်သည်တို့သည်သူ၏ ကာမဂုဏ် စည်းစိမ် ကြွယ်ဝခြင်းအားဖြင့် ဥစ္စာရတတ်ကြပြီဟု ပြောဆို၏။

အခြားသော ကောင်းကင်အသံကား ငါ၏လူမျိုးတို့ သူ၏အပြစ်တို့ကို ဆက်ဆံခြင်းနှင့်ငှင်း၊ .....သူ၏ဘေးဒါဏ်များနှင့် ကင်းလွတ်အံ့သောငှာ၊

သူ၏အပြစ်တို့သည် ကောင်းကင်ဘုံတိုင်ရောက်ရှိနေပြီး ဘုရားသခင်.... သူတို့၏ မတရားမှုတို့ကို သတိရတော်မူပြီ။

26 ၂၆။ တစ်ကယ့်ကိုသတိပေးချက်ဘဲ၊ အသင်းတော်ကို (ဗျာဒိတ် ၃း၁၄)ကို ပြန်ရောက်စေတယ်။ လောဒိကိ အသင်းတော်ကာလကိုဘဲ တရားဥပဒေ ကင်းမဲ့နေတယ်။ သင်ကလည်း ငါသည် ဥစ္စာရတတ်၏။ ဘဏ္ဍာများကိုဆည်းပူးပြီး။ တစ်စုံတစ် ခုကိုမျှ မလိုဟု ပြောဆို၍ ကိုယ်တိုင်ပင်ပန်းခြင်း၊သနာဖွယ်ဖြစ်ခြင်း၊ ဆင်းရဲခြင်း၊ မျက်စိကန်းခြင်း၊ အဝတ်အချည်းစည်း ဖြစ်သည်ကိုမသိပါတကား? နှုတ်ကပတ်တော်ဖေါ်ပြတဲ့ ဒီခေတ်ကာလရဲ့ အပြည့်အစုံဘဲ။ ဒံယေလ ခေတ်ကာလက ဖေါ်ပြတဲ့ နှုတ်ကပတ်တော် မဟုတ်ဘူး။နံမည်နဲ့လူတွေ နောခအေချိန်ကာလ မဟုတ်ဘူး။ ဒါပေမဲ့ နောက်ဆုံးသော ဆိုးယုတ် တဲ့ကာလဖြစ်တယ်။

ဒီနေရာလေးကို သတိပြုပါ။ သင်အဝတ်အဝတ်အချည်းစည်း ဖြစ်နေတယ်။ ဒီအကြောင်းကို နက်နက်လေး သွားကြရအောင်။ ကျွန်တော်ရဲ့ဒီအတွေးပေါ်ကို သဘောမတူတဲ့ လူတွေ အများကြီး ရှိမှာကို ကျွန်တော် သိပါတယ်။ ဒါပေမဲ့ခရစ်ယာန်တစ် ယောက် သူ၏အိမ်မှ ခက်ခဲစွာ ထွက်ခွာလာပြီး မလုံမလဲ ဝတ်ဆင်ထားသောအမျိုးသမီးတွေအားဖြင့် ဒီဆိုးယုတ်သော အချိန် ကာလရဲ့ ရှေ့မှောက်ကို မပို့ဆောင်ဘို့ဖြစ်တယ်။

27 ၂၇။ အမျိုးသမီးကျွန်တော် အဲဒီအကြောင်းကို ပြောချင်ပါတယ်။ ခင်ဗျားတို့ကိုလည်းနားထောင်စေချင်ပါတယ်။ အမျိုးသားနဲ့ အမျိုးသမီးတွေအကြောင်းနဲ့ ပတ်သက်လို့ခင်ဗျားတို့ သဘောတူချင်မှတူမယ်။ ဒါပေမဲ့ ကျွန်တော့် ခံစားချက်အ ရ အဲဒီအကြောင်းကိုပြောပြချင်တယ်။ ခင်ဗျားတို့ သိခဲ့တယ် မဟုတ်ဘူးလား? အမျိုးသမီးတိုင်း အဲဒီလို အဝတ်နက်နဲ့ ရှိနေ ရင် သူစိတ်မမှန်လို့ဘဲမဟုတ်ဘူးလား? သင်တို့သိတဲ့အတိုင်းဘဲ သူမဟာသူမ ယုံချင်ယုံ မယုံချင်နေ ဒါမှမဟုတ် မစဉ်းစားသည်ဘဲဖြစ်စေ၊သူမဟာ ပြည်တန်ဆာမဘဲ ဖြစ်တယ် မဟုတ်ဘူးလား?အဲဒီ အမျိုးသမီးမျိုး ဘုရားသခင်ရဲ့ မျက်မှောက်မှာ မတ်တပ်ရပ်ပြီးလက်မြှောက်ထားပြီး သူ့ယောကျ်ားကလွဲရင် ဘယ်အမျိုးနဲ့မှ ထိတွေ့ခြင်းမရှိသော်ငြားလည်း အဲဒီအရာဟာ စစ်မှန်တဲ့ အမှန်တရား ဖြစ်သော်လည်း ဒါပေမဲ့ သူမဟာပြည်တန်ဆာမ ဖြစ်နေတုန်းဘဲ။ ယေရှုက ပြောတယ်။ ဘယ်သူဘဲဖြစ်ဖြစ် အမျိုးသမီးတစ်ယောက်ကိုပြင်းပြတဲ့ ဆန္ဒနဲ့ကြည့်နေရင် သူမနှင့်အတူ သူတပါး သားမယားကို ပြစ်မှားပြီးဖြစ်ပါတယ်။ အဲဒီအမျိုးသမီးဟာ ဖြစ်ကောင်းဖြစ်တယ်။

တွေ့လား? သူမအဝတ်မပါဘူးဆိုတာကို သူမ မသိဘူးလို့ ကျမ်းစာတော်မြတ်ကမိန့်တော်မူပါတယ်။ သူမကို ဒီလိုအလုပ်လုပ် စေဘို့ စေခိုင်းတဲ့ ဝိညာဉ်ဟာဆိုးသွမ်းတဲ့ ပြည့်တန်ဆာ ဝိညာဉ်ဖြစ်ပါတယ်။ သူမရဲ့ အပြင်ပိုင်းအရာသူမရဲ့အသွေးအသားကို သူမ သန့်ရှင်းစေရမယ်။ သူမဟာ သူတပါးသားမယားကို မပြစ်မှားဘဲဘုရားသခင်ထံကျိန်ဆိုရမယ်။ အမှန်တရားဘဲ ဖြစ်ရမှာ က သူမ ဘယ်တော့မှ ဒါပေမဲ့သူမရဲ့ဝိညာဉ်ဟာ ပြည်တန်ဆာဝိညာဉ်ဘဲ ဖြစ်ပါတယ်။ သူမဟာ လောကီဘုရားရဲ့ ဖက်ရှင်တွေနဲ့မျက်စိကန်းနေပြီး သူမကိုယ်ကို ရာဂစိတ်နိုးထစေတဲ့ ဝတ်စားဆင်ယင်မှုကို ဝတ်ဆင်ပြီးဟိုအပြင်ဖက်ကို ထွက်သွားတယ်။

28 ၂၈။ အခြားတစ်နေ့တုန်းကညီအစ်ကို ဝုဒ်နဲ့ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့လှေကို မြစ်ထဲချလိုက်တယ်။မြစ်ထဲကို သွားဘို့ရန် ကျွန်တော် မိနစ်အနည်းငယ်အတွင်း အိမ်ကနေ ထွက်ခွာလာခဲ့တယ်။ဘယ်နေရာဘဲသွားသွား ထိုသို့သော အမျိုး သမီး အစုအဖွဲ့လေးတွေ ...... ‘ခင်းနစ်’ လို့ခေါ်တယ်။ ဒါမှမဟုတ် သူတို့ ပတ်လည်မှာ ဝိုင်းနေတဲ့ အရာတွေပေ့ါ။ ဒီအရာဟာအလွန်ရှက်ဖွယ်ရာဘဲ။ စိတ်မမှန်တဲ့ အမျိုးသမီးတွေဟာ ဒီလိုမျိုး ဝတ်ဆင်ကြတယ်။ သူမဟာပြည်တန်ဆာဝိညာဉ်ကို ပိုင် ဆိုင်ထားတယ်။ အခု အမျိုးသမီး ဒီအရာကို ဘုရားသခင်နဲ့ဖြေရှင်းပြီးပြီ။ တနေ့တော့ ဒီအရာဟာ အမှန်တရားဘဲဆိုတာ သင် တွေ့ရှိလာလိမ့်မယ်။

အမျိုးသမီးတစ်ယောက် သင်ဘယ်လိုသင့်ခန္ဓာဟာ မြင့်မြတ်တယ်ဆိုတာသိပြီး ဒီပြင်းပြတဲ့စိတ်နဲ့ ပြည့်နေတဲ့သူတွေ အပြစ်သားတွေ သရဲသဘက်တွေလိုမျိုး ယနေ့ လမ်းလျှောက်နေတဲ့သူတွေကို လှန်ပြနေတယ်။ အကယ်၍ဘုရားရဲ့သားတွေဟာ ယခုထိတိုင် ဘုရားသားတွေ ဖြစ်နေရင် သင်ရဲ့ ယောကျ်ားဟာလည်းဘုရားသားဖြစ်နေတယ်။ သူဟာ သင့်ကို အဝတ်အ စားတွေ ဝတ်ဆင်စေပြီး ဒါမှမဟုတ် သင့်ကိုပြစ်ခွာသွားမှာပါ။ တကယ်လို့ အဲဒီ ယောကျ်ားလေးဟာ ဘုရားသား ဖြစ်ခဲ့ရင် ဒီအရာတွေကိုဘယ်တော့မှ လက်ထပ်မှာ မဟုတ်ဘူး။ တွေ့လား?သင်ပြောမယ်။ သင်ဟာ ပြုလုပ်နေတယ်။ ..... မဟုတ် ဘူး။ .... သင့်ကို ကျွန်တော် အမှန်တရားဘဲ ပြောတာပါ။ တနေ့ကျရင် အဲဒါနဲ့သင်ဆုံတွေ့ရမှာပါ။ အဝတ်အချည်းစည်း၊ သူများ သားမယား ပြစ်မှားခြင်း၊ အဲဒါကို မသိဘူး။

အိုး ကျွန်မ လင်ယောကျ်ားနဲ့ကျိန်ဆိုထားတာကို ဘယ်တော့မှ မဖောက်ဖျက်ဘူးလို့ ကျွန်မ ကျိန်ဆိုပါတယ်။ သင်ယောကျ်ားက သင်အဲဒါကို ကျူးလွန်ခဲ့ရင် သင့်ကို အပြစ်ပေးမှာဘဲ။ ဒါပေမဲ့ ဘုရားသခင်ကတော့အတွင်းလူဖြစ်တဲ့ သင့်အထဲမှာရှိတဲ့ ဝိညာဉ်မျိုးကို တရားစီရင်မှာပါ။ သင့်ရဲ့ခန္ဓာကိုတရားစီရင်မှာ မဟုတ်ပါဘူး။

29 ၂၉။ အပြင်လူဆိုတာခန္ဓာကိုယ်ဖြစ်ပြီး မေထုန်အာရုံ ….. ဒါမှမဟုတ်အာရုံ(၅)ပါးနဲ့ပါ ထိန်းချုပ်ထားတယ်။ ဩတ္တပ္ပစိတ်၊ ချစ်ခြင်း၊ အစရှိသည်ဖြင့်ပေါ့။အပြင်လူကတော့ အမြင်၊ အရသာ၊ ခံစားမှု၊ အနံ့၊ အကြားတွေပေါ့။ ဒါပေမဲ့ အဲဒီဝိညာဉ်ထဲမှာနာမ်တစ်ခု (စိုးလ်) အရာတစ်ခုက ထိန်းချုပ်ထားတယ်။ သင့်ရဲ့ လွတ်လပ်တဲ့ ဆန္ဒဘဲ။ သင်စာတန်ရဲ့စကား၊ ဒါမှမဟုတ် ဘုရားသခင်ရဲ့စကားကို လက်ခံနိုင်တယ်။ သင့်အထဲမှာရှိတဲ့ဝိညာဉ်တွေက ဆုံးဖြတ်မှာဘဲ။ ဘုရားသခင်ရဲ့ ဝိညာဉ်တော်ဖြစ်ခဲ့ ရင်ဘုရားသခင်နဲ့ဆိုင်တဲ့အရာတွေကို ကျွေးလိမ့်မယ်။ လောကီနဲ့ဆိုင်တဲ့အရာတွေကို ကျွေးမှာမဟုတ်ဘူး။ ယေရှု မိန့်တော် မူတယ်။ သင်ကမ္ဘာကြီးကို ဒါမှမဟုတ် လောကီအရာတွေကိုချစ်မယ်ဆိုရင် အဲဒါ ဘာကြောင့်လဲဆိုရင် ဘုရားသခင်ကို ချစ်ခြင်းဟာသင့်ရဲ့အတွင်းပိုင်းကို မဝင်လာလို့ဘဲ စာတန်က သင့်ကို လှည့်ဖျားတယ်။ 'လူတွေဟာ မုန့်အားဖြင့် အသက်ရှင် တာမဟုတ်ဘူး။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်က ထွက်လာတဲ့ နှုတ်ထွက်စကား အားလုံးကြောင့်ဘဲဖြစ်တယ်။

သတိပြုပါ။ အခု ကျွန်တော်တို့တွေ့ရှိတာကတော့ သူမဟာ အဝတ်မပါဘူး။ ညစ်ညမ်းတယ်။ ကိုယ်လုံးတီး ဖြစ်နေတယ်။

30 ၃၀။ ကမ္ဘာကြ ီးဟာယခင်ကထက်စာရင် အဆိုးယုတ်ဆုံး ကာလရောက်နေပြီလို့ မြင်တွေ့ရတယ်။ ….. ဘယ်ခေတ်ကာလ ကမှ အမျိုးသမီးတွေ ဒီလို မပြုမူခဲ့ဘူး။ဘယ်တော့မှကိုဘဲ။ သို့သော် ကမ္ဘာကြီးကို ရေနဲ့ မလွှမ်းမိုးမီက ဖြစ်ခဲ့တယ်။ ယေရှုကအဲဒါကို ထောက်ပြခဲ့တယ်။ နောက်အချိန် အနည်းငယ်မှာ ဒီအကြောင်းကို ပြောကြမယ်။

ဘုရားသခင်ရဲ့ ထိန်းချုပ်ခြင်းလွတ်သွားတာလား? ဒါမှမဟုတ်အခြားအေးဂျင့်တစ်ခုကို ထိန်းချုပ်ဘို့ ခွင့်ပေးလိုက်တာလား? ကျွန်တော် စဉ်းစားတယ်။ ဒီမေးခွန်းရဲ့အဖြေမှန်ကတော့ ကျွန်တော့်ရဲ့ ထင်မြင်ချက်အရ ဒီကမ္ဘာပေါ်မှာ ဆန့်ကျင်ဖက် ဝိညာဉ်(၂)ခု အလုပ်လုပ်နေတယ်။ အခု (၂)ခုထက် မပိုဘူး။ ခေါင်း(၂)ခေါင်း၊ တစ်ခုကတော့သန့်ရှင်းသောဝိညာဉ်တော် အလုပ်လုပ် တာနဲ့ အခြားတစ်ခုက စာတန်၏ ဝိညာဉ်ဘဲ။ နောက်ဆုံးသောကာလမှာ လှည့်ဖျားခြင်းဘဲ ဖြစ်တယ်။ အခု ကျွန်တော့်ရဲ့ ထင်မြင်ချက်ကိုဒီမှာ ကျန်နေတဲ့ သင်ခန်းစာပေါ်မှာ ….. ကျန်တဲ့ကျွန်တော့်ရဲ့ သတင်းစကားပေါ်မှာ အခြေခံမယ်။

31 ၃၁။ ဝိညာဉ်(၂)မျိုး၊ပထမ(၁)မျိုးကတော့ ဘုရားသခင်ရဲ့ သန့်ရှင်းသောဝိညာဉ်တော်နဲ့ အခြားတစ်ခုသော လိမ်လည်လှည့်ဖျားခြင်းကို ပြုလုပ်နေတဲ့ စာတန်၏ ဝိညာဉ် ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ရှိနေတဲ့လူသားတွေကတော့ သူတို့ရဲ့ ဆုံးဖြတ် ချက်ကို ချနေကြတယ်။ သန့်ရှင်းသောဝိညာဉ်တော်ကတော့ဒီမှာ ခရစ်တော်ရဲ့ သတို့သမီးကို ခေါ်နေတယ်။ သူ၏နှုတ်က ပတ် ဂတိတော် သက်သေအားဖြင့်ဒီခေတ်ကာလမှာ ပြုလုပ်ခဲ့တယ်။ ခရစ်တော်ဘဲဆိုတာကို ဖေါ်ပြခဲ့တယ်။ ဆိုကြပါစို့။လက်ချောင်းတွေဟာ ဒီခေတ်ကာလမှ လှုပ်ရမယ်ဆိုရင် လက်ချောင်း လှုပ်ရှားလိမ့်မယ်။ဆိုကြပါစို့၊ ဒီခေတ်မှာ ခြေထောက် တွေ လှုပ်ရှားသွားလာရမယ်ဆိုရင် ခြေထောက်တွေလှုပ်ရှားသွားလာလိမ့်မယ်။ ဒီမျက်စိတွေ ဒီခေတ်ကာလမှာ မြင်ရမယ်ဆို ရင် မျက်စိတွေမြင်ရမယ်။ တွေ့တယ် မဟုတ်လား? ဘုရားသခင်ရဲ့ ဝိညာဉ်တော်က ဘုရားသခင်ရဲ့ သဏ္ဍာန်တော်အပြည့်နဲ့ ကြီးထွားလာတဲ့အခါဖြစ်တယ်။ ကျွန်တော်တို့ ယခု အသက်ရှင်နေတဲ့ ခေတ်ကာလမှာ ဒီအချိန်ကာလရဲ့ သတင်းစကားကိုသန့်ရှင်းသောဝိညာဉ်တော်က ဒီမှာ ဖေါ်ပြတယ်။ သန့်ရှင်းသောဝိညာဉ်တော်က ဒီအရာကိုပြုလုပ်နေတာဟာ ဘုရားသခင် ကို ယုံကြည်တဲ့လူတွေကို ဒီရှုပ်ထွေးခြင်းတွေထဲကဖေါ်ထုတ်ဘို့ ဖြစ်တယ်။ စာတန်ရဲ့ ဝိညာဉ်ဆိုးကတော့ ဒီမှာ အသင်းတော် ကိုအမှားတွေအားဖြင့် ခေါ်ဆိုတယ်။ လုပ်လေ့လုပ်ထအတိုင်း အစအဦးမှာ ပြုလုပ်ခဲ့သလိုဘုရားသခင်ရဲ့ နှုတ်ကပတ်တော် ကို သွေဖီလမ်းလွဲသွားစေခြင်းဖြင့် ပြုလုပ်ခဲ့တယ်။တွေ့လား? မျိုးစေ့အချိန်ကာလကို တစ်ဖန် ပြန်သွားသလိုဘဲ မဟုတ်လား? ဧဒင်ဥယျာဉ်မှ ဒီမှာ တစ်ဖန် ပြန်ပြီးတော့ ဖြစ်တယ်။

32 ၃၂။ အခုအခြားသော ခေတ်ကာလတွေကို ပြန်သွားကြမယ်ဆိုရင် သင်တို့ဟာ ဂိုဏ်းဂဏတွေရဲ့ပိုင်ဆိုင်မှု ဖြစ်နေတယ်။ သင်ဟာ ဒီဟာနဲ့ဆိုင်တယ်။ ဟိုဟာနဲ့ဆိုင်တယ်။ ဒါမှမဟုတ်အခြားဟာတွေပေါ့။ ဒီဂိုဏ်းဂဏရဲ့ ပင်စည်တွေက ဘာဖြစ်သွား တာလဲ? ခြောက်သွေ့သွားတယ်။ ဝိညာဉ်တော်ကတော့အဲဒီကနေ ဖယ်ခွာသွားတယ်။ ဆက်သွားနေတယ်။ မျိုးစေ့တစ်စေ့ကို ဦးတည်သွားတယ်။

သူတို့တွေရဲ့ဖျားယောင်းသွေးဆောင်ခြင်းကို သင်တွေ့တယ်မဟုတ်လား? အစအဦးက ဖြစ်ခဲ့သလိုဘဲ ဦးတည် ပြန်သွားနေပါ တယ်။ သတိထားပါ။ယခု အဲဒါကို မမေ့ပါနဲ့။ ယောဟန်ကဲ့သို့ (၁ယော ၄း၅-၆) သင်တို့ မှတ်သားထားချင်ရင်သူ့ရင်းကို ထားတယ်။ 'မှားယွင်းတဲ့ဝိညာဉ်'

ဧဝက ဘယ်တော့မှ သူမရဲ့ စိတ်ဆန္ဒအတိုင်းရိုးသားစွာ ထွက်သွားပြီး ဘုရားသခင်ကို ကျွန်မ မယုံကြည်ဘူးလို့ ပြောတာ မဟုတ်ဘူး။ သူယုံကြည်တဲ့ အမှားအယွင်းကြောင့်ဘဲ ဖြစ်တယ်။

စာတန် ဘယ်တော့မှ အပြင်ထွက်လာပြီး 'အိုး ကောင်းပြီ။ ဒါဟာ နှုတ်ကပတ်တော်မဟုတ်ပါဘူး။' လို့ပြောမှာ မဟုတ်ပါဘူး။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဆိုတာ သူအသိအမှတ်ပြုတယ်။ ဒါပေမဲ့သူ့ရဲ့ကိုယ်ပိုင် အနက်ဖွင့်ဆိုချက်ကို အဲဒီမှာ ထည့် လိုက်တယ်။ ဘုရားသခင်ကသူတို့ကို အဲဒါ မလုပ်ဖို့ ရိုးရှင်းစွာ မိန့်တော်မူခဲ့တာဘဲ။ ဒီဟာကို ဘာကြောင့်လုပ်တာလဲ? ဒီအလွန်ဆိုးယုတ်တဲ့မှားယွင်းသော ယုံကြည်ချက်ကို လူတွေက ယုံကြည်ပြီး ကျိန်ခြင်းအမင်္ဂလာကို ခံရဘို့ပြုလုပ်ခြင်း ဖြစ်ပါ တယ်။ အခု အဲဒါနဲ့ပတ်သက်ပြီး ခင်ဗျားတို့ ဖတ်ချင်ရင် (၂သက်၂)မှာပါ။ ကျွန်တော့်မှာ ရှိထားသလောက် ဒီမှာ နှုတ်ကပတ် တော် အနည်းငယ်ဘဲ။ကျွန်တော်တို့ အကုန်လုံး ဖတ်မှာ မဟုတ်ပါဘူး။ တခုပြီး နောက်ထပ် ကျွန်တော် ခင်ဗျားတို့ကိုပေးမှာ။

ဒါဟာ ခင်ဗျားတို့အတွက် ထူးခြားပြီးမေးခွန်းထုတ်မှာ ဒါမှမဟုတ် တစ်ခုခု ကျွန်တော်တို့ ရေးမှတ်ထားပြီး သင်တို့ကောင်းဘို့ အတွက် ဖတ်မှာပါ။

33 ၃၃။ ကျမ်းစာတော်မြတ်ကမိန့်ဆိုခဲ့သလို အလွန်မှားယွင်းတဲ့ ယုံကြည်ခြင်းတစ်ခုကို ပြုလုပ်တယ်။ (၂သက်)အပြစ်နဲ့ လူသား ဘယ်လိုပေါ်ထွက်လာပြီး ဘုရားသခင်ရဲ့ ဗိမာန်ထဲမှာ ထိုင်ကာ သူ့ကိုယ်သူဘုရားဆိုပြီး လူတွေကို အမှား ယုံကြည် ဘို့ရန် ပြင်းပြတဲ့အမှား

ယုံကြည်ချက်ထဲကိုပို့ဆောင်တယ်။ ယုံကြည်ပြီး အဲဒါနဲ့ အပြစ်ဒါဏ်ခံရဘို့ ဖြစ်တယ်။ ဒါဟာ ဧဝကိုလုပ်ခဲ့သလိုမျိုးနဲ့ အတူတူဘဲ။ သူမကို ပေးတယ်။ .....နှုတ်ကပတ်တော် မှားတယ်လို့ တစ်ခါမှ မပြောဖူးဘူး။ ဒါပေမဲ့ အမှားကို ယုံကြည်ဘို့ပြင်းပြတဲ့ အမှားယုံကြည်စိတ်ကို ပေးတယ်။

အမှား ယုံကြည်ခြင်းရဲ့ဝိညာဉ်ဟာ စာတန်ဘဲဖြစ်ပါတယ်။ ဒီမကောင်းဆိုးဝါးတွေဟာ နာခံမှု မရှိတဲ့ လူငယ်တွေအထဲမှာ အလုပ်လုပ်တယ်။ဘာကို နာခံမှု မရှိတာလဲ? ဒီကနေ့နာခံမှု မရှိတဲ့ ကလေးတွေမှာဘဲလား?အစအဦးက ဧဝကဲ့သို့ ဘုရား သခင်ရဲ့ စစ်မှန်တဲ့ နှုတ်ကပတ်တော်ကို မနာခံလို့ဘဲ။ဟုတ်တယ်မဟုတ်လား? အခု အဲဒါကိုသင်တို့ သိချင်ရင် (ဧဖက် ၂)ကို ဖွင့်ပါ။ တစ်မိနစ်အတွင်းပေါ့ ဘာ့ကြောင့်လဲဆိုရင်တစ်မိနစ်လောက် နားတာ ပိုကောင်းပါတယ်။ ခင်ဗျားတို့ အရင်မလိုခဲ့ရင် ဒီဟာကို ဖတ်ပါ။(ဧဖက် ၂း၁-၂၆) အထိ၊

သင့်ကို သူရှင်ပြန်ထမြောက်စေမယ်။တခါတုန်းက အပြစ်နဲ့ မနာခံမှုတွေအတွက် သေခဲ့တဲ့ လူတွေကိုပေါ့။

ဟိုးလွန်ခဲ့တဲ့ အချိန်တွေက လောကီသဘောသဘာဝအရ လျှောက်ခဲ့တဲ့လူတွေ၊ လေထဲမှာ အာဏာရှိတဲ့မင်းသား၊ အဲဒီဝိညာဉ်ဟာ အခုနာခံမှု မရှိတဲ့ ကလေးတွေမှာ အလုပ်လုပ်နေတယ်။

34 ၃၄။ (နာခံမှုမရှိတဲ့ကလေးတွေ)

အန္တိခရစ်ဟာ နာခံမှုမရှိသေးတဲ့နုနယ်သူတွေနဲ့ အစပြုခဲ့ရင် အန္တိခရစ်ဆိုတဲ့ ပုဂ္ဂိုလ်ဆီကို ဦးတည်သွားမယ်ဆိုရင်ဘာတွေ ဖြစ်လာမလဲ? ဘယ်လိုလှည့်ဖျားမှုတွေ ဖြစ်လာမလဲ? နို့စို့ကလေးတွေထက်စာရင်အရွယ်ရောက်သူတွေဟာ ကမ္ဘာကို ပိုမိုအစွမ်းထက်တဲ့ လှည့်ဖျားခြင်း ဘယ်လောက်ပိုမိုမှာလဲ? ၎င်းကပြောတယ်။မှားယွင်းသော ယုံကြည်မှု ဝိညာဉ်ဟာ နာခံမှုမရှိတဲ့ကလေးတွေထဲမှာ အလုပ်လုပ်နေတယ်။ နှုတ်ကပတ်တော်ပေါ်မှာ နာခံမှု မရှိဘူး။

သတိပြုပါ။ အခု ဒီအကြောင်းနဲ့ ပတ်သက်လို့တစ်မိနစ်လောက် ပြောချင်ပါတယ်။ နာခံမှု မရှိတဲ့ ကလေးတွေ ကလေး တစ်ယောက် သင်သိခဲ့လား? သင် သင့်ရဲ့အစပြုခြင်း၊ ......။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်နဲ့ သက်သေပြမှာကတော့ သင် ဒီမှာရှိတဲ့ လူတိုင်း သင်တို့ရဲ့ဘိုးဘေးတွေထဲမှာ အသက်ရှင်နေတယ်။ သင့်ရဲ့ ဘေးကနေ....သင့်ရဲ့အဘိုးကနေတစ်ဆင့် ထုတ်လုပ် ဆင်းသက်လာပြီး သင့်ရဲ့အဖေ၊ ပြီးတော့သင်ကိုယ်တိုင်ပါဘဲ။ အဲဒါကို သင်သိသလား?ကျမ်းစာတော်မြတ်က ပြောခဲ့တယ်။ ဟေဗြဲလိ္ု ကျွန်တော် ထင်တယ်။ အဲဒါ မေလခိဇေဒက်ဘဲ။အာဗြဟံက မင်းတွေကို သုတ်သင်ပြီး ပြန်လာတဲ့ အခါ အာဗြဟံက တိုက်ရာပါပစ္စည်းရဲ့ဆယ်ဖို့တစ်ဖို့ကို မေလခိဇေဒက်ကို ပေးတယ်။ ဒီမှာ ရှင်ပေါလုက အခု ဒီမှာပြောတာ လေဝိ၊ဆယ်ဖို့တစ်ဖို့ကို လက်ခံတဲ့သူတွေ အခု သူဆယ်ဖို့တစ်ဖို့ကို ပေးတယ်။ ဘာကြောင့်လဲဆိုအာဗြဟံနဲ့ မေလခိ ဇေဒက်ကို တွေ့တဲ့အချိန်မှာ သူဟာ အာဗြဟံရဲ့ ခါးအတွင်းမှာ အခုတွင်ရှိနေခြင်းကြောင့်ဘဲ။ ဒါကြောင့် အာဗြဟံ လုပ်တဲ့ အရာရာတိုင်း .... ထို့နောက်မှာ ကျွန်တော်တို့ တွေ့ရှိရတာကတော့ လေဝိအာဗြဟံအထဲမှာ ရှိတယ်။ သူ့ရဲ့အဖိုး ဖြစ်လို့ပါဘဲ။ အာဗြဟံက ဣဇက်ကို မွေးဖွားခဲ့တယ်။ဣဇက်က ယာကုပ်ကို မွေးဖွားခဲ့တယ်။ ယာကုပ်က ဣသရေလ (၁၂)ယောက်ကို မွေးဖွားခဲ့တယ်။ လေဝိ.... ယခု တိကျတဲ့ ပုံဖေါ်မှုကို သင်တို့တွေ့ခဲ့ရတယ်။ ခွဲခန့်မှတ်သားထားခြင်း ဖြစ်တယ်။

35 ၃၅။ အခုဒီသတင်းစကားနဲ့ ပတ်သက်ပြီး ကျွန်တော် အလေးအနက် ပြောပြချင်တာကတော့ ဒီညနေချမ်းအချိန်ကာ လမှာ ဘုရားသခင်ရဲ့ မိန့်မှာချက်တွေဟာ ဒီကမ္ဘာပေါ်ကို ကျရောက်လာလိမ့်မှာဘဲဖြစ်ပါတယ်။

သတိထားမိလား? လူ .....လောကီကိုလာတဲ့ သားရဲဟာ ကမ္ဘာကြီး မတည်မီကတည်းက အသေသတ်ခြင်း ခံရတဲ့ သိုးသူငယ်ရဲ့ အသက်စာစောင်ထဲမှာ မပါတဲ့လူတွေကို လှည့်ဖျားမှာ ဖြစ်ပါတယ်။

ဘုရားသခင်ရဲ့ ကိုယ်ပိုင်အတွေးထဲမှာ ..... ဘုရာသခင် ကြီးမြတ်တဲ့ဝိညာဉ် အစအဦး၊ အစအဦးမတိုင်မီမှာ သူဟာဘုရားဖြစ် ခဲ့တယ်။ သင်ဘုရားသခင်ထဲမှာ ရှိတာကို သင်သိသလား? အခု သင်ဟာ ခရစ်ယာန်ဖြစ်ခဲ့ရင် သင်ဟာဘုရားသခင်ထဲမှာ ရှိမှာ ဖြစ်ပါတယ်။ ဒီအတိုင်းသာ ဖြစ်ခဲ့ရင် ဘုရားသခင်ရဲ့သဏ္ဍာန်တော်တစ်ခုဟာ ယေရှုခရစ်တော်ထဲမှာ ရှိပါတယ်။ ယေရှု ဟာ ကားတိုင်ပေါ်မှာအသေသတ်ခြင်းကို ခံတဲ့အခါမှာ ကျွန်တော်လည်း သူနဲ့အတူ သေပါတယ်။ အကြောင်းမှာကျွန်တော် သူ့အထဲမှာ ရှိသောကြောင့်ဘဲ။ ဘာကြောင့်လဲဆိုတော့ သူဟာ နှုတ်ကပတ်တော်အပြည့်အဝ ကိုယ်ထင်ပြကာ နောက်မကြာ ခင်မှာလည်း ကျွန်တော်တို့ကို ကိုယ်ထင်ပြမှာသိရပါတယ်။ ကျွန်တော်တို့ သူနဲ့အတူ ကရာနီတောင်ကုန်းပေါ်မှာ အတူရှိပါ တယ်။ သူနဲ့အတူကျွန်တော်တို့ သင်္ချိုင်းထဲကို သွားပါတယ်။ သူ၏ ရှင်ပြန်ထမြောက်ခြင်းနှင့်အတူကျွန်တော်တို့ ရှင်ပြန်ထ မြောက်ပါတယ်။ အခုတော့ ကျွန်တော်တို့ သူ၏ဝိညာဉ်တော်အားဖြင့် ကျေးဇူးတော်ပလ္လင်ကို တက်ရောက်သွားပြီး အမြဲတမ်း အတူတကွကောင်းကင်နိုင်ငံတွေထဲက ယေရှုခရစ်တော်ထဲမှာ ထိုင်နေပါတယ်။

36 ၃၆။ အကြောင်းကတော့အသက်ရဲ့ပိုးတွေဟာ ဆင်းသက်လာပြီး အဖေကတစ်ဆင့် ဆင်းသက်လာပြီး အဖေကနေ နောက်အဖေကနေဒါကြောင့် ယေရှုခရစ်တော်ရဲ့ ဆင်းသက်လာမှု ဖြစ်ပါတယ်။ ဒီအကြောင်းကြောင့်တွေကြောင့်ဘုရား သခင်ဟာ ဧလီယရဲ့ဝိညာဉ်မျိုးကို (၅)ကြိမ်တိုင်တိုင် အသုံးပြုခဲ့ပါတယ်။အဲဒါဘာလဲ? အဲဒါလက်ဆင့်ကမ်းတာဘဲ။

သင်ရဲ့ သဘာဝအသက်တာနဲ့ ဗီဇစရိုက်သင့်အဖေရဲ့ မျိုးပွားခြင်းမှ ဆင်းသက်လာသကဲ့သို့ ဖြစ်ပါတယ်။ ဒါကြောင့် ဘုရားသခင်၏ဝိညာဉ်တော် ကမ္ဘာကြီး မတည်မီကတည်းက ခွဲခန့်မှတ်သားခြင်း ဖြစ်တယ်။ဘုရားသခင်ရဲ့ နှုတ်ကပတ်တော် အကုန် လုံး ပြီးမြောက်သွားတဲ့အခါမှာ ယေရှုခရစ်တော်လို့ခေါ်တဲ့လူ့ခန္ဓာထဲကို ဦးတည်သွားခဲ့ပြ်ီး အဲဒီအထဲမှာ ဘုရားသခင်က ကျွန်တော့်ရဲ့အပြစ်တွေကိုသူ့အထဲမှာ ပေးဆပ်ခဲ့တယ်။ ထို့နောက် ကျွန်တော့်ကို သူနိုးထစေတယ်။ သူနှင့်အတူရှင်ပြန်ထ မြောက်စေတယ်။ ကျွန်တော်တို့ သူနှင့်အတူ မကောင်းဆိုးဝါးတွေကိုလွှမ်းမိုးသောတန်ခိုးနှင့် အခွင့်အာဏာနဲ့ ထိုင်နေပါ တယ်။ အိုး. ဘုရားသခင်

ဘာတွေပေးအပ်တာကို သင်ယုံကြည်မှု ရှိခဲ့ရင်ပေါ့။ ဒါပေမဲ့ အဲဒီမှာ မထိုင်နေခဲ့ရင် သင်အဲဒါကို ရရှိမှာ မဟုတ်ဘူး။ အဲဒီမှာ ထိုင်နေပြီး မယုံကြည်ဘဲ လှုပ်ရှားဘို့ကြောက်နေမယ်ဆိုရင် အဲဒါကို ဘယ်တော့မှ အသုံးမပြုနိုင် ဘူး။ ဒါပေမဲ့ အဲဒီမှာထိုင်နေပြီး အသုံးပြုမယ်။ ဘာကြောင့်လဲဆိုရင် လုပ်စရာကို လုပ်ဖို့ဘိသိတ်ပေးထားခဲ့လို့ဘဲ။

ဖာရောဘုရင်ဖြစ်ဖို့ ဖာရောဘုရင်ကိုအခြားတစ်ဖက်မှာ ဒီရည်ရွယ်ချက်နဲ့ မြေတောင်မြှောက်ခဲ့တယ်လို့ ကျမ်းစာတော်မြတ်ကမိန့်တော်မူခဲ့တယ်။ ယုဒရှကာယုတ်ဟာလည်း ပျက်စီးရာ ပျက်စီးတဲ့သားဖြစ်ဘို့ပျိုးထောင်ခဲ့တယ်။

အခု ကျွန်တော်တို့ ချဉ်းကပ်တဲ့ကြီးမြတ်သော အမှန်တရားကို သတိထားမိမှာပါ။

37 ၃၇။ အခုတော့အသင်းတော်တွေဟာ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော် သူတို့ကို အုပ်စိုးအုပ်ချုပ်မှာကိုငြင်းပယ်ပြီး အဲဒီ အစားဘာရာဘတ်ကို ရွေးချယ်ခဲ့တယ်။ အခု အဲဒါနဲ့ပတ်သက်တဲ့ကျမ်းပိုဒ်ကို လိုချင်ရင် အဲဒါ (ရှင်မဿဲ ၂၇း၁၅-၂၃)အထိ ဖြစ်ပါတယ်။ ဒါကိုဘယ်လိုလုပ်ခဲ့တာလဲ? ဘယ်လိုအဆင့်အတန်းနဲ့ဒီဟာကို ပြုလုပ်ခဲ့တာလဲ? အခု အဲဒါကိုစဉ်းစားကြပါ။ ကမ္ဘာ့အသင်းတော်တွေက သူတို့ရဲ့ ဖြောင့်မတ်တဲ့ အလင်းနဲ့ဖွဲ့စည်းထားတဲ့အခါ သန့်ရှင်းသူတွေ လူတွေရဲ့အမြင်မှာ သူတို့ကိုယ်သူတို့အဲလိုထင်ကြတယ်။ ယေရှုကို ကားတိုင်တင်ပြီး ပြောကြတယ်။ ‘ကျွန်တော်တို့ကို အုပ်ချုပ်ဖို့ဒီလူတွေကို အလိုမရှိဘူး’ ယေရှုကဘုရားသခင်ရဲ့ နှုတ်ကပတ်တော် အပြည့်အဝဘဲ ဖြစ်တယ်။ (၁ယော ၁)က ဖေါ်ပြထားတယ်။ သူတို့ကပြောတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်က ကျွန်တော်တို့ကို အုပ်စိုးဘို့အလိုမရှိဘူး။ အခုထိတိုင်အောင် သူဟာ နှုတ်ကပတ်တော် ဖြစ်တယ်။ ဒါပေမဲ့ သူဟာဘယ်သူဖြစ်တယ်ဆိုတာကို သူတို့ မျက်စိကန်းနေကြတယ်။ ဘာကြောင့်လဲ ဆိုရင် သူဟာပရောဖက်ပြုခဲ့ခြင်း အားလုံးရဲ့ တိုက်ရိုက်အဖြေ သူ့အထဲမှာ ဖြစ်ပေါ်လာမှာ ဖြစ်တယ်။အခု ကျွန်တော်တို့အား လုံး အဲဒါကို ယုံကြည်တယ်။ ဘာကြောင့်လဲဆိုရင် ဒီဟာဖြစ်ပေါ်လာမယ်ဆိုတာကို ပြန်ကြည့်လို့ဘဲ ဖြစ်တယ်။ ဒါပေမဲ့ ယနေ့ ကမ္ဘာ၊ ဆိုးသွမ်းတဲ့မျက်မှောက်ခေတ်ကာလဟာ ဟိုယခင်တုန်းကဆိုရင်လည်း သူယနေ့ ပြုလုပ်သလိုဘဲ သူတို့ထိုနည်းတူ ပြုလုပ်ကြမှာဘဲ။ ဘာကြောင့်လဲဆိုရင် နှုတ်ကပတ်တော် အတူတူဘဲ။ ဒီခေတ်ကာလမှာအခုထက်ထိ ဖေါ်ပြလို့ဘဲ ဖြစ်တယ်။ သူတို့ အဲဒါကို လုပ်မှာဘဲ။ သူတို့ တခြားအရာကိုလုပ်မှာ မဟုတ်ဘူး။ သူတို့ဟာ နာခံမှုမရှိတဲ့ ကလေးတွေဘဲ။ ပြင်းပြတဲ့အမှားအယွင်းယုံကြည်မှုနဲ့ လိမ်လည်မှုတွေကို ယုံကြည်ပြီး ပျက်စီးခြင်းကို ရောက်ဖို့ပေးထားခဲ့သည်။

38 ၃၈။ သတိထားမိလား။ကမ္ဘာ့အသင်းတော်သခင်ယေရှုကိုမယုံကြည်တဲ့အခါ အဲဒီအချိန်မှာ ဖော်ပြတဲ့နှုတ်ကပတ်တော်ကိုမယုံကြည်တာဘာကြောင့်လဲဆိုရင် သူတို့အခြားနည်းလမ်းနဲ့အနက်ဖွင့်လို့ဘဲ ဖြစ်ပါတယ်။ဒါပေမဲ့သူဟာ နှုတ်ကပတ်တော် ဖြစ်တာကို သူတို့သိသင့်တယ်။ ဘာကြောင့်လဲဆိုရင်ဘုရားသခင်မိန့်တော်မူခဲ့တဲ့ သူလုပ်မဲ့အရာတိုင်းကို သူလုပ်ခဲ့တယ်။ ပြီးတော့သူတို့ကို မိန့်တော်မူတယ်။ ဒီနေ့အချိန်ကာလနဲ့ပတ်သက်တဲ့ နှုတ်ကပတ်တော်ကိုရှာပါ။ ပြီးတော့ငါလုပ်ရမဲ့အလုပ်ကို လုပ်ဖို့ အရည်အချင်းမပြည့်မှီဘူးဆိုရင်ငါ့ကိုမယုံကြည်ပါနှင့်။

သူတို့ကပြောတယ်။ကျွန်တော်တို့ မောရှေကိုယုံတယ်။

သူကမိန့်တော်မူတယ်။သင်တို့မောရှေကိုယုံကြည်ရင် ငါကိုလည်း ယုံကြည်ရလိမ့်မည်။ ဘာကြောင့်လဲဆိုရင်မောရှေက ငါအကြောင်းကို ပြောခဲ့လို့ဘဲ ပြီးတော့ယခုထက်ထိသူတို့အဲဒါကို မမြင်ဘူး။ကောင်းကင်ဘုံ၌ ရှိတော်မူသောဘုရားသခင် ကိုယ်တိုင် ကားတိုင်ပေါ်မှာအသေခံခဲ့တယ်။ပြီးတော့ပရောဖက်တွေမိန့်တော်မူတဲ့စကားတွေကို သူပြောပြခဲ့တာ၊ ပြီးတော့ယခုထက်ထိသူတို့အဲဒါကို မမြင်ကြဘူး။ တွေ့တယ်မဟုတ်လား။ သူတို့ဟာ သူတို့အမျိုးအစားထဲကမဟုတ်ပါဘူး။ သူတို့က နှုတ်ကပတ်တော်ထဲကမဟုတ်ဘူး။ နှုတ်ကပတ်တော်မဟုတ်ဘူး။ပြီးတော့သူတို့ဟာ ယခုထိဘာသာရေးကိုင်းရှိုင်းတဲ့သူတွေ ဖြစ်တယ်။ ဒါပေမဲ့သူတို့ကနှုတ်ကပတ်တော်ကမဟုတ်ဘူး။ ဘာကြောင့်လဲဆိုရင်သူတို့ဟာ အဲဒီအချိန်မှာ ရှိရမဲ့သူရဲ့နေရာကို အသိအမှတ်မပြုလို့ဘဲ ဖြစ်ပါတယ်။

39 ၃၉။ နှုတ်ကပတ်တော်တွေဟာခေတ်ကာလတိုင်းမှာ ဆက်စပ်မှုတွေ ဘယ်လောက်လှပမှုရှိတာကို သတိထားမိမှာပါ။အခုသတိပြုမိမှာပါ။ ပြီးတော့ကမ္ဘာအသင်းတော်ဟာ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်သူတို့ကိုအုပ်စိုးရမှာကို မရရှိတဲ့အခါ သူတို့လူသတ်သမား ဗာရဗ ကို လက်ခံကြသည်။ဘာကြောင့်ဒီလိုဖြစ်ရတာလဲ။ စာတန်ဆိုးယုတ်တဲ့ ကာလရဲ့ ဘုရားသခင်ကိုမြှင်တင်ချီးမြှောက်ဘို့ဘဲ ဒီနေရာကိုသူအမြဲတမ်းအလိုရှိတယ်။ ..... အခုနားထောင်ပါ။ .... ဘာကြောင့်လဲဆို ရင် စာတန်ကိုအခြားသောခေတ်ကာလအတွက် ပြောတာမဟုတ်ဘူး။ ဒါပေမဲ့ဒီခေတ်ကာလဘဲ။ သူကိုနောဧခေတ်ကာလကဘုရားကိုမပြောခဲ့ဘူး။ ဧလိယခေတ်ကာလက ဘုရားသခင်ကိုမပြောခဲ့ဘူး။သို့သော်ဒီဆိုးယုတ်တဲ့ခေတ်ကာလမှာ သူဟာ ... အိုး ဒါကို မျက်ခြေမပျက်ပါနှင့်။ သူဟာဒီဆိုးယုတ်တဲ့ကာလရဲ့ဘုရား သန်းပေါင်းများစွာ သန်းပေါင်းများစွာတို့ဟာသူကိုကိုး ကွယ်ကြတယ်။ ပြီးတော့ သူတို့စာတန်ကို ကိုးကွယ်တာသူတို့မသိကြဘူး။

သို့သော်ဒီမနေ့ကျမ်းစာတော်မြတ်က သူဘယ်သူလဲဆိုတာကို ဖွင့်ပြဘို့ဖြစ်တယ်။ ပြီးတော့ ကျွန်တော်တို့ကြည့် ကြရအောင်၊ ထိုနောက်မှာ သင်သိရပါလိမ့်မည်။ နှုတ်ကပတ်တော်အရကြိုတင်သိမြင်နိုင်တဲ့ သန့်ရှင်းသောဝိညာဉ်တော်ဟာ သူရဲ့နှုတ်ကပတ်တော်ထဲမှာ ရှိတဲ့အခါပြီးတော့ဒီလူကို ခေါ်ထုတ်ပြီး ပြောတယ်။ သင်ဒီအခြားမိန်းမနဲ့နေစရာအကြောင်းမရှိ ဘူး။ထိုလူရဲ့မိန်းမနဲ့ပေါင်းဖက်နေတာ ဆယ်နှစ်ရှိပြီ။ သူဘာလုပ်နေတာလဲ။သူရဲ့လျှို့ဝှက်ချက်လုပ်ရက်ကို ဖွင့်ပြလိုက်တာဘဲ။ ဒီအမျိုးသားကိုစာတန်ချုပ်ကိုင်ထားတာ ဒါမှမဟုတ် အမျိုးသမီးက အခြားအမျိုးသမီးတစ်ယောက်ရဲ့ လင်ယောကျ်ားနဲ့အတူနေတာ ဒါမှမဟုတ်သူတို့ရဲ့လုပ်တဲ့ အပြစ်တွေ သူတို့လုပ်ခဲ့တဲ့အရာတွေကိုဖွင့်ပြလိုက်တာဘဲ။ အဲဒါကို ဘယ်လိုလုပ်တာလဲ။ သူကိုဖွင့်ပြလိုက်တာဘဲ။

40 ၄၀။ ဆရာဝန်တွေကသူတို့ရဲ့ ပစ္စည်းကိရိယာကို ယူပြီးဘာတွေ မှားယွင်းနေတယ်ဆိုတာကိုကြိုးစားရှာဖွေကြတယ်။

သူတို့မလုပ်နိုင်ပါဘူး။ သို့သော်ထိုနောက်မှာတော့သန့်ရှင်းသောဝိညာဉ်တော်ကလာပြီး သူဘယ်သူလဲဆိုတာကို ဖွင့်ပြပြီး သူကို လှန်ပြတယ်။ တွေ့တယ်မဟုတ်လား။ ဒါဟာဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဘဲဖြစ်ပါတယ်။ မှောင်မိုက်ထဲမှာထွန်းလင်းတဲ့အလင်းဖြစ်တယ်။ ပြီးတော့အသံတသံကို အခန်းထဲမှာ ယူဆောင်လာရင်းအဲဒါလျှို့ဝှက်ချက်လို့ ထင်ရမှာဘဲ။ လူတစ်စုအလုပ်လုပ်နေတယ်။ ပြီးတော့ သူတို့ ဘာလုပ်နေတာကိုသင်မသိဘူး မီးဖွင့်လိုက်ပါ။ မြန်မြန်၊ မတရားတဲ့အပြုအမူ ငါးအုပ်တွေ သူတို့ဟာမှောင်မိုက်ခြင်းရဲ့ ကလေးတွေဖြစ်တယ်။ ပြီးတော့အလင်းရောင်ဖျာကျလာတဲ့အခါမှာသူတို့အဝေးကို ပျံနှံ့သွားကြတယ်။ သူတို့ဟာ ကျွန်တော်တို့ဆီကို ထွက်ခွာသွားကြတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့အဖွဲ့ကမဟုတ် ဘူးလို့ နှုတ်ကပတ်တော်ကမိန့်တော်မူခဲ့တယ်။ တွေ့တယ်မဟုတ်လား။ သူတို့ဟာ ကမ္ဘာအလင်းထဲမှာ မနေနိုင်ဘူး။ဘာကြောင့်လဲဆိုရင် ကောင်းကင်ဘုံက ဘုရားသခင်ဟာ နောက်ဆုံးသောအချိန်မှာသူရဲ့အလင်းစေလွှတ်တာ သူခလေးတွေရဲ့လမ်းကို လင်းစေဖို့ဘဲ ဖြစ်ပြီး အမှောင်ထုမှာ မလျှောက်ဘို့နဲ့ခလုပ်မတိုက်မိဘို့ သို့သော်ယေရှုခရစ်တော်ရဲ့ တောက်ပတဲ့အလင်းထဲမှာလျှောက်ဘို့အတွက်ဖြစ်တယ်။ မနေ့၊ ယနေ့၊ ပြီးတော့ ထာဝရမပြောင်းလဲပါ။ အာမင်။

41 ၄၁။ သတိပြုမိလား။စာတန်ကို ဘုရားလို့ဘယ်ခေတ်ကာလက မခေါ်ခဲ့ဘူး။ ဒီနေ့ ခေတ်ကာလမှာဘဲ ဖြစ်တယ်။ အဲဒါသူရဲ့ ရည်ရွယ်ချက်ဖြစ်ပြီး ကမ္ဘာအစဦးထဲက ဘုရားသခင်လို ဖြစ်ချင်ခဲ့တာဘဲ။ ဒါကိုဖတ်ကြရအောင်။ ကျွန်တော်တို့ အချိန် ကိုတော့ ယူရလိမ့်မည်။ ပြန်သွားကြရအောင်။ကျွန်တော်ရေးမှတ်ထားတာကို ကြည့်ကြရအောင်။ ယေရှာယ ၁၄ ကျွန်တော်တို့ ယေရှာယ ၁၄ ကိုပြန်သွားပြီး အချိန်တမိနစ်လောက်ယူပြီး ဘုရားသခင်ဘာတွေပြောသလဲ။ လောက ဘုရား၊ ..စာတန်ဘာတွေလုပ်ခဲ့သလဲဆိုတာဘာဘဲ။ ယေရှာယ ၁၄း ၁၂ - ၁၄။ သတိထားမိလား။

သင်ကောင်းကင်ကနေဘယ်လို ကျဆင်းလာတာလဲ။အိုး လူစီဖာ နံနက်သား သင်ဘယ်လိုမြေကြီးပေါ်ကို ပစ်ချခံရသလဲ။ နိုူင်ငံတွေကိုလှည့်လည်အောင် ပြု လုပ်ခဲ့တယ်။

ဘာကြောင့်လဲဆို သင်ရဲ့နှလုံးသားထဲမှာသင်ပြောတယ်။ ငါကောင်းကင်ထဲကို တက်လာပြီ။ ငါ့ပလ္လင်ကို ဘုရားသခင်ရဲ့ ကြယ်တွေပေါ်မှာငါထားမယ်။ ( ယခု ဘုရားသခင်ရဲ့ သားတော်တွေ ) ပြီးတော့ မြောက်အရပ်မှာ ရှိတဲ့ဝတ်ပြုသူရဲ့တောင် ပေါ်မှာလဲဘဲ ငါထိုင်မယ်။ ဒါစာတန်ရဲ့ သူကို ဘုရားသခင်လိုကိုးကွယ်ဘို့ရန် ရည်ရွယ်ချက်ဘဲ။ သူဟာ ကောင်းကင်ကြယ် တွေရဲ့ သုံးပုံနှစ်ပုံကိုယူပြီး သူတို့ရဲ့အပေါ်မှာနေပြီး တရားဟောမယ်။ ပြီးတော့သူတို့ရဲ့ သုံးပုံနှစ်ပုံကိုလှည့်စားမယ်။ သင်တို့ တွေ့တယ်မဟုတ်လား။ ကောင်းပြီ။ သူရဲ့ရည်ရွယ်ချက်ကိုသတိထားမိမှာပါ။ ပြီးတော့ယခုသူဟာ သူရဲ့သတိရှိစွာနဲ့ ရွေးချယ်ထားတဲ့လူတွေနဲ့အဆင်သင့် ဖြစ်နေတယ်။ သူရဲ့ကိုယ်ပိုင်အသိပညာတွေနဲ့ ဖွဲ့ထားတဲ့ပညာတတ် ငှက်တွေ(တွေ့လား ) သူရဲ့လိမ်လည်ထားပြီးဆေးသုတ်ထားတဲ့ အဆောက်အဦးကြီးတွေ ပြီးတော့ ကြီးမားတဲ့ဂိုဏ်းဂဏကြီးတွေ ပြီးတော့ ဆေးသုတ်ထားတဲ့အသိပညာတွေ ပြီးတော့ သီဩလော်ဂျီတွေပြီးတော့ စတိုင်ကျသော ညဏ်ရည်မြင့်မားသော ပညာရှိတွေနဲ့ ဘုရားဖြစ်လာဖို့တကမ္ဘာလုံးကိုလိမ်လည်လှည့်ဖျားတယ်။ ( အဲဒါသူပြုလုပ်ပြီးဖြစ်တယ်။ )လူတိုင်းဟာခန္ဓာခရစ်ဆိုတဲ့ လူပုဂိုလ်ဆီကို သွားတယ်။ သူကို ယခု ဘုရားသခင်ရဲ့ကိုယ်စားအဖြစ်သရဖူအဆင်သင့် ဆောင်းပေးခဲ့တာ သူရဲ့ကမ္ဘာကြီးကို ချစ်ခင်တပ်မက်မှုသိပ္ပံနည်းကျသတိုးသမီး ခမ်းနားတဲ့အပြင်အဆင် ညဏ်ရေတွေနဲ့ စီရင်ထားတာ ဘာသာရေးပညာတွေနဲ့ အဆင်သင့်ဖြစ်နေပြီး အသင်းတော်ဟာ သူကဲ့သို့ဘုရားတရားကိုင်းရှိုင်းတဲ့လူတွေလို ပြုလုပ်ခဲ့တယ်။ ပြီးတော့ဘုရားသခင်နုတ်ကပတ်တော်ကို သူကိုယ်တိုင်အနက်ဖွင့်ပြီး ဧဝကိုပြုလုပ်ခဲ့သလိုပြုလုပ်တယ်။ ပြီးတော့ သူရဲ့သား ကာဣာန က ပြုလုပ်ခဲ့တယ်။

အခု သင်ပြောမှာဘဲ စာတန်၏သားလား။

42 ၄၂။ ကာဣာနကိုအာဒံရဲ့သားလို့ ခေါ်တာကို ကျမ်းစာမြတ်ထဲက ခေါ်တာ တနေရာရာရှိသလားဆိုတာကိုကျွန်တော်ကိုပြ ပါ။ ကျမ်းစာတော်မြတ်ပြောတာကတော့ သူဟာ အပြစ်သားရဲ့သားတစ်ယောက်ဘဲ။စာတန်ရဲ့ မျိုးစေ့ဘဲ။ မဟုတ်ပါ။ ဖုံးအုပ်ဖုံးကွယ်ထားတာယခုတော့ ဖွင့်ပြနေပြီ။ညီအစ်ကိုမောင်နှမတို့ ဒီပီရဗစ်ဟာ ဗျာဒိတ်ဖွင့်ပြခြင်းဖြင့် ဖွင့်ခဲ့ပြီ။

သူဘာလုပ်သလဲဆိုတာကို သူရဲ့ထင်ကြေးကိုသတိပြုမိသလား။ သင်ထင်တာကတော့ ဘုရားသခင်ဟာ ကမ္ဘာကြီးရဲ့အလှ အပတွေထဲမှာ နေတယ်လို့ဘဲ၊သူအဲဒါကို ကောင်းကင်ထဲမှာ ပြုလုပ်ခဲ့တယ်။ အပြစ်ကဧဒင်ဥယျာဉ်ထဲမှာ စခဲ့တာမဟုတ်ဘူး။ကောင်းကင်နိုင်ငံထဲကစခဲ့တာ။ လူစီဖာ အိုး နံနက်သားမိုးသောက်ကြယ်သူကိုယ်သူလှပခြင်းထဲကို မြင့်တင်ပြီး မိခေလထက် ပိုမိုလှပတဲ့ နိုင်ငံကိုထူထောင်ချင်တဲ့အခါမှာ ဖြစ်တယ်။ ပြီးတော့သူထင်တာက ဘုရားသခင်က လှပခြင်းထဲမှာနေထိုင်တယ် လို့ဘဲ ဖြစ်တယ်။

ပြီးတော့ကာဣာနကိုသတိပြုပါ။ သွေးနဲ့ပူဇော်ကိုသူအလိုမရှိခဲ့ဘူး။ သူဆင်းလာပြီး အသီးအနှံပူဇော်တယ်။ ... ဒါမှမဟုတ် လယ်ကွင်းက လှပတဲ့အရာတွေနဲ့ ပူဇော်တယ်။ တကယ့်ကိုဘာသာတရားကိုင်းရှိုင်းတဲ့လူဘဲ။ အာဗေလက ပြု လုပ်သလို ... အကုန်လုံး ပြုလုပ်တယ်။ ... ပူဇော်သကာတခုကို ပြုလုပ်တယ်။ ဘုရားသခင်ရဲ့ရှေ့မှောက်မှာ ဒူးထောက်ပြီးကိုးကွယ်တယ်၊ နည်းလမ်းအားလုံးကို လိုက်နာတယ်။ .... ဒါပေမဲ့ဘုရားသခင်ရဲ့ဗျာဒိတ်ဖွင့်ပြချက်တော့မပါဘူး။ပြီးတော့ နုတ်ကပတ်တော်က အစအဦးမှာရှိတဲ့ ဘုရားသခင်ရဲ့အစီမံပါဘဲ။ သို့သော်ဘုရားသခင်ကဗျာဒိတ်ယူပါရုံအားဖြင့် ဖွင့်ပြတဲ့ အဲ ဒီအရာကို သံသယကင်းစေပြီး အပိုင်းပုဒ်ဖြတ်နဲ့မှန်ကန်ခြင်းကို ဖွင့်ပြတယ်။ ဘာသာတရားမဟုတ်၊ ယဇ်ပလ္လင် တခုမဟုတ် သစ္စာရှိတာမဟုတ်ဘဲဘုရားသခင်ရဲ့နုတ်ကပတ်တော်ရဲ့ ဗျာဒိတ်ဖွင့်ပြခြင်းဘဲဖြစ်ပါတယ်။ ဘုရားသခင်သူကိုဖွင့်ပြတာကသူရဲ့အမေဟာ မွေပေးတဲ့ပန်းသီးတလုံးကို ယူတာမဟုတ်ဘဲ၊ သူမဟာစာတန်သဏ္ဍာန်သားရဲနဲ့ဖောက်ပြန်တာဘဲ၊ ထွားသွား သတ္တဝါ တကောင်မဟုတ်ဘူး။ သိပ်ပြီးတော့ စမတ်ကျ ၊ညဏ်သိပ်များတဲ့ လယ်ကွင်းထဲက သတ္တဝါ တက်လိုဘဲ လူရဲ့အသွင် သဏ္ဍာန်နဲ့ဘဲ မျိုးစေ့တွေရောနှောတဲ့ အရာတခုဘဲ။ အခု သိပ္ပံကတော့ သူကိုတွေ့ရှိဘို့ ရှာဖွေနေကြတယ်။ ပြီးတော့သူတို့ သူ့ကိုဘယ်တော့မှ တွေ့မှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုရင် သူရဲ့အရိုးတိုင်းကိုပြောင်းလဲပစ်လို့ဘဲ။ ဒီလိုဖြစ်လာမှာကို ကျမ်းစာတော်မြတ်က ကြေညာတယ်။

43 ၄၃။ ဒီပုဂိုလ်ဘာလုပ်နေတာကိုသတိထားပါ။ ဒီပု ဂိုလ် ဘုရားသခင်ရဲ့ဗိမ္မာန်တော်ပေါ်မှာ ထိုင်နေတယ်။ ဒါဟာ အသင်းတော်ဖြစ်တယ်။

သူကိုယ့်သူဘုရားလို့ဖော်ပြတယ်။ အခု အဲဒါကိုဖတ်ချင်ရင် အဲဒါဟာ ၂သက် ၂း၃နဲ့ ဗျာဒိတ်၁၃း၄၊ ၁၁ နဲ့ ၁၂ အထဲမှာ ဒီပရောဖက်နှစ်ယောက်စလုံး သူနောက်ဆုံးသောကာလမှာဘာဖြစ်လာမလဲဆိုတာဘဲ။ အခု ... သင်တို့ ပြန်ဖတ်ပါ။ ဘာဖြစ်လို့လဲဆိုရင်ကျွန်တော်ဒီမှာ ရေးမှတ်ထားပြီးဖြစ်ပါတယ်။ အချိန်ကို ယခုချွေတာတဲ့အနေနဲ့ပေါ့။

ယနေ့ကျွန်တော်တို့နေထိုင်တဲ့အချိန်ကိုကျမ်းစာတော်မြတ်ထဲမှာ လူတွေရဲ့နေ့ လူရဲ့နေ့လို့ခေါ်တယ်။ ဒီအချိန်ဟာ ဘုရားသခင်ရဲ့နေ့မဟုတ်ဘူး။ ဘုရားသခင်ဟာ ဒီကမ္ဘာရဲ့ဘုရားမဟုတ်ဘူး။ သူမဟုတ်ဘူးလို့ကျမ်းစာတော်မြတ်ကပြောတယ်။သူဟာ ကောင်းကင်ကဘုရားဖြစ်တယ်။ သို့သော်ဒီနေ့ဟာ ဘုရားသခင်ရဲ့နေ့မဟုတ်ဘူး။ ဒီဟာကရွေးချယ်ထားတဲ့နေ့ဖြစ် တယ်။ ဒီနေ့မှာ အသက်ရှင်တာနဲ့ သေခြင်းဘဲ ဘုရားသခင်ကို ရွေးချယ်ပြီးတော့ အသက်ရှင်ပါ။ ပြီးတော့ဘုရားသခင်ဟာ နှုတ်ကပတ်တော်ဖြစ်ပါတယ်။ ပြီးတော့ နှုတ်ကပတ်တော်ဟာ ဒီအချိန်နဲ့ဒီနာရီဖော်ပြတဲ့ နှုတ်ကပတ်တော်ဘဲဖြစ်ပါတယ်။

44 ၄၄။ လူတွေရဲ့နေ့ရက်ဆိုတာကို သတိထားမိလား ?အဲဒါကို ရေးမှတ်ချင်တယ်ဆိုရင် ကျွန်တော် ဖတ်ပေးပါမယ်။ ဒါပေမဲ့ (၁ကော ၅း၁-၅)(၁ကော ၄း၁-၅) ဖြစ်ပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ (၁ကော ၄း၁-၅)မှာ ရှင်ပေါလုကလူရဲ့နေ့ရက်မှာ လူရဲ့တရားစီရင်ခြင်းကို ခံရပါမည်။

နေ့ရက်တွေ ..... ‘ဘာကြောင့် လူရဲ့ နေ့ရက်လို့ခေါ်တာလဲ ?’ သင်ပြောလိမ့်မယ်။အဲဒီနေ့ဟာ လူတွေရဲ့ အသိပညာနဲ့ ပြုလုပ် တာကို အထင်ကြီး ခံရလို့ဘဲ။ ကွန်မြူနစ်တွေဘယ်လောက် ကြွားဝါသလဲဆိုတာကို ကြည့်ပါ။ လူတစ်ချို့က လးတစ်ချို့တို့ကို လပေါ်ကိုကြိုးစားဘို့ ခေါ်ဆောင်ပါတယ်။ ဘုရားသခင်ကတော့လူတွေကို ကောင်းကင်ကို ကြိုးစားဘို့ခေါ်ဆောင်ပါတယ်။ တွေ့လား ? သို့သော်သူတို့ဘယ်လို သန်းပေါင်းများစွာ အသုံးပြုတာ ပြီးတော့ ဘီလီယံ၊ ဘေလီယံ ဒေါ်လာတွေကိုအဲဒီအ တွက် အကျိုးမဲ့ အသုံးပြုကြတယ်။ သူတို့ အဲဒီကို ရောက်တဲ့အခါမှာလည်း သူတို့ဘာကိုမှ မတွေ့ရဘူး။ သူတို့မှာ ဘာပြသနာ ရှိသလဲ ? ကျွန်တော် လကိုလည်း ဂရုမစိုက်ပါဘူး။ ကျွန်တော် လကိုမမြင်ရတော့လောက်အောင် မြန်နိုင်သလောက် မြန်မြန် ဖြတ်သွားချင်တယ်။ မြင့်တဲ့နေရာကိုထပ်သွားမယ်။ ကျွန်တော် နို့နှစ်ရောင် ဖြူတဲ့လမ်းသွားမယ်။ ဆက်ပြီးတော့ သွားမှာဘဲ။မှန်ပါတယ်။

45 ၄၅။ ယနေ့ကမ္ဘာဟာ စာတန်ဆီက လာတဲ့ အသိပညာနဲ့ သူတို့ကိုယ်သူတို့ ဆက်ကပ်ကြတယ်။ လူရဲ့နေ့ရက်ဟာဘုရားသခင်ရဲ့ နှုတ်ကပတ်တော်နဲ့ ဘုန်းထင်ရှားတာ မဟုတ်ဘဲ သူတို့မှာရှိတဲ့အသိပညာနဲ့ဘဲ ဖြစ်ပါတယ်။ အခု စဉ်းစားပါ။ အဲဒါကို နက်နဲစွာ သွားရအောင်။ ဒီတိတ်ခွေကိုပြန်ပြီးနားထောင်ရင် ဒီနေရာ ရောက်တဲ့အခါမှာ ခဏရပ်ထားပြီး စဉ်းစားပါ။ သူ့ရဲ့လုပ်ဆောင်ချက်ဟာ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်နဲ့ ဘုရားသခင်ရဲ့ ထင်ရှားတဲ့အလုပ်ရဲ့အထက်ကို ရောက်နေ တယ်။ စာတန်ရဲ့ အသိပညာ အစအဦးမှာ ဧဝကို ပေးခဲ့သလိုဘဲ ဖြစ်တယ်။ ..... အခုနားထောင်ပါ။ ဒီအရာ မကျန်ခဲ့စေနဲ့။ စာတန်ရဲ့ အသိပညာဟာလူတွေရဲ့အထဲမှာ ရှိတဲ့ပလ္လင်ဟာ ဒီနေ့ဒီအချိန်မှာ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဖော်ပြခြင်းရဲ့ အထက်မှာ ချီးမြှောက်မြှင့်တင်ခြင်း ခံရတယ်။ အသင်းတော်တွေဟာသူတို့ရဲ့ ဓမ္မကောလိပ် လေ့ကျင့်ရေးကျောင်းတွေ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော် အသိထက်ပိုလေ့လာတယ်လို့ သူတို့ ထင်တာနဲ့ သက်သေပြခဲ့တယ်။ ဟိုမှာ ဒေါက်တာ၊ ဟိုတစ်ယောက်နဲ့ဒီတစ်ယောက် ပြီးတော့ဆရာ၊ ဟိုတစ်ယောက်နဲ့ ဒီတစ်ယောက် ပရောဖက်ဆာ တစ်ယောက်ပြီးတစ်ယောက် တွေဟာ သူတို့ရဲ့ အသိပညာကို သူတို့ ချီးမြှောက်တာဟာ စာတန်ဆီက လာတာလို့ ခေါ်ပြီးဘုရားသခင်ရဲ့ ဖော်ပြ ချက် အမှန်တရားရဲ့အထက်မှာ ရှိနေတာ သူတို့ရဲ့ မျက်မှောက်မှာရှင်းနေတာဘဲ။ ဒီအတွက် လူတွေဟာလည်း သွားကြတယ်။ တွေ့တယ်မဟုတ်လား ?

လူရဲ့သိပ္ပံ အောင်မြင်မှုတွေဟာဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဟာ မှားတယ်လို့ ကြိုးစားပြီး သက်သေပြပါတယ်။..... ဒါကို စဉ်းစားကြည့်ပါ။ သူ ....သူရဲ့ (ဒါဟာ လူတွေဖြစ်တယ်။) သီဩော်လော်ဂျီတွေဟာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို လူတွေအား ရှင်းပြပြီး ထိရောက်မှု နောက်တစ်ဖန် မရှိတာကိုဂိုဏ်းဂဏကာလမှာ ယေရှုကမ္ဘာမြေကြီးသို့ ကြွလာတဲ့အချိန်မှာ သူပြုလုပ်ခဲ့သလိုဘဲဖြစ်တယ်။ ယေရှု မိန့်တော်မူတယ်။ ‘သင်ကြောင်သူတော် ကြွက်သူခိုးတွေ သင်တို့ဟာ သင်တို့ရဲ့ ယဉ် ကျေးမှု၊ (အဲဒါ သူတို့ရဲ့ကိုယ်ပိုင်အနက်ဖွင့်ဆိုချက်) နဲ့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကိုထိရောက်မှုမရှိအောင် ပြုလုပ် တယ်။ ဒီနေ့ လုပ်ခဲ့တာနဲ့ အတူတူဘဲ။ ဒါကို ထိရောက်မှုမရှိအောင်ဘဲ။

46 ၄၆။ သတိပြုပါ။သူတို့လူတွေ ဘုရားလို့ခေါ်တဲ့အထိ သူ့ကို မြှင့်တင် ချီးမြှောက်ကြတယ်။(၂သက်သာလောနိတ်)က ပြောသလိုဘဲ သူတို့ ပြုလုပ်ခဲ့ကြတယ်မဟုတ်လား ? ပြီးတော့ ဂိုဏးဂဏအသင်းတော်ရဲ့ အာဏာနဲ့လူတွေဟာ ဂိုဏ်းဂဏကို ဘုရားသခင်ထက် ပိုယုံကြည်ကြတယ်။ ”””- ပြီးတော့ ဘုရားသခင်ဟာနှုတ်ကပတ်တော် ဖြစ်တယ်။ ””””” သူတို့ရဲ့ဂိုဏ်း ဂဏ အစွဲဟာ နှုတ်ကပတ်တော်ရဲ့အထက်မှာ ရှိတယ်လို့ ယုံကြည်ပြီး သူ့ကို ဘုရားလို့ ခေါ်တဲ့အထိ မြှင့်တင်ကြတယ်။ပြီးတော့ ဘုရားသခင် တစ်ပါးတည်းရှိတယ်။ အဲဒါဟာ နှုတ်ကပတ်တော်ဘဲ ဖြစ်တယ်။ ဘုရားလို့ခေါ်တဲ့ အရာတိုင်း ..... ဒါကြောင့် သူဟာဘုရားကဲ့သို့ ဘုရားသခင်ရဲ့ အသင်းတော်ထဲမှာ ထိုင်တယ်။ သူ့ကိုယ်သူ ဘုရားလို့ သက်သေပြတယ်။ ဘာကြောင့်လဲဆိုရင် သူ့ကို ကိုးကွယ်တဲ့ သူတွေ ရှိလို့ဘဲ။ ဘုရားသခင်ဟာနှုတ်ကပတ်တော် ဖြစ်တယ်။ ဘုရားလို့ခေါ်တဲ့ အရာအထက်မှာ သူ့ကိုယ်သူချီးမြှောက်မြှင့်တင်တယ်။ ပြီးတော့ ဘုရားတစ်ပါးတည်း ရှိတယ်။ အဲဒီ ဘုရားရှင်ဟာနှုတ်ကပတ်တော် ဖြစ်တယ်။ တွေ့တယ်မဟုတ်လား ?ဘုရားသခင်လို့ ခေါ်တဲ့အရာတိုင်းဟာ .... ယနေ့ခေတ်ကာလရဲ့ ဘုရား သူ့ကိုယ်သူဘုရားသခင်၏ နှုတ်ကပတ်တော် သက်သေရဲ့အထက်မှာသူ့ကိုယ်သူ မြှင့်တင်ချီးမြှောက်တယ်။ (အဲဒါ ရှင်ယောဟန် ၁) ဖြစ်တယ်။ တွေ့လား ? ဘုရားသခင်လို့ ခေါ်တဲ့အရာတိုင်းရဲ့အထက်မှာ ဒါကြောင့် သူဟာ ဘုရားကဲ့သို့ ဘုရားသခင်ရဲ့ ဗိမ္မာန်တော်ထဲ တန်ခိုးအာဏာနဲ့ထိုင်နေတယ်။ (ကြည့်ပါ။) ပြီးတော့ အဲဒီအတွက် သူ့ကို ချီးမွမ်းကြတယ်။ အိုး ... လူတွေ၊ ဘုရားဒီလိမ်လည် လှည့်ဖျားခြင်းကို မြင်ပါစေ။ အဲဒီအရာနဲ့ သူ့ကို ချီးမွမ်းကြပြီး ထုံးတမ်းစဉ်လာအရဒီဆိုးယုတ် သောကာလ လူတွေရဲ့ ယုံကြည်ခြင်းကို ခံရတယ်။ အခု ဒီဆိုးယုတ်တဲ့ ကာလရဲ့ဘုရားနဲ့ သူ့ရဲ့ အစေခံခြင်းတွေကို သင်တို့ ပြုကြပြီလား ?

47 ၄၇။ ယခုဘယ်လို သက်သေပြမလဲဆိုတာ ကြည့်ကြရအောင်။ သူပြောတာက သူပိုမို ကောင်းမွန်တဲ့ ကမ္ဘာမှာနေရအောင် သူ့ရဲ့ပညာ၊

ဘုရားသခင်ရဲ့ ဘယ်တော့မှ ကျဆုံးခြင်းမရှိတဲ့ နှုတ်ကပတ်တော်မပါဘဲနဲ့ သီးခြား ပြုလုပ်မှာပါ။ သို့သော် အတူတကွ ဂိုဏ်းဂဏတွေထဲမှာ ပြီးတော့အယူဝါဒတွေ ညဏ်ရည်မြင့်မားတော့်သူတွေ၊ သိပ္ပံနည်းကျတဲ့အရာတွေ ပြီးတော့ အစရှိသဖြင့်တွေအားဖြင့် သူဟာ ပိုမို ကောင်းမွန်တဲ့ ကမ္ဘာကို လူတွေနေဖို့ ဘုရားသခင်ရဲ့လူတွေနေဖို့ ပြင်ဆင် ထားတဲ့ (အနှစ် ၁၀၀၀) ကာလရဲ့ ဂတိတော်ကို လျစ်လျူရှုထားတယ်။သင်သိပါတယ်။ ကျွန်တော့်ရဲ့ ထင်မြင်ချက်က တော့ သူကောင်းမွန်တဲ့ ကမ္ဘာကြီးကိုပြုလုပ်တာဟာ နေထိုင်ဖို့ထက် အပြစ်ပြုလုပ်ဘို့အတွက်ဘဲ ဖြစ်တယ်။

သတိပြုပါ။ သူပြုလုပ်ခဲ့သလား ? သူ့အပြစ်ကို တရားဝင် ခွင့်ပြုတယ်။သူဝီစကီ သောက်တာတို့ စီးကရက် သောက်တာတို့ကို တရားဝင် ခွင့်ပြုခဲ့တယ်။ ပြီးတော့အသင်းတော်တွေထဲမှာ ဆံပင်တိုတို ညှပ်ထားတဲ့ အမျိုးသမီးတွေကို အသင်းသား တွေအဖြစ်တရားဝင် ခွင့်ပြုထားတယ်။ အခု သင်တို့ တစ်မိနစ်လောက် ရပ်ကောင်း ရပ်ကြမယ်။

48 ၄၈။ သူမအတိုတွေဝတ်ဆင်တယ်။ မျက်နှာကို ချယ်သတယ်။ ပြီးတော့ ဘာသာရေးအသင်းအဖွဲ့ရဲ့ အဖွဲ့ဝင်ဖြစ်တုန်းဘဲ။ ဒါဟာ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်နဲ့ လုံးဝကို ဆန့်ကျင်နေတယ်။ သူကတော့သိပ်ကောင်းတာဘဲလို့ ပြောတယ်။ သူ့ရဲ့အသိပညာတွေကို တွေ့လား ? ဒီအမျိုးသမီးနဲ့ ဘာတွေ ပတ်သက်နေလို့လဲ ? တားမြစ်ထားတဲ့အသီးကို စားမလား ? မစားဘူးလားနဲ့ အတူတူဘဲ။ အဲဒါပါဘဲ။ ဘုရားသခင်က မလုပ်ရဘူးလို့ ပြောတယ်။ ဒါပေမဲ့လည်း သူလုပ်တယ်။

ပြီးတော့ သူမ သူ့ကိုချစ်တယ်။အဲဒီအတွက်နဲ့ သူ့ကို ချစ်တယ်။ သူမ ဘုရားသခင်ကို မုန်းတယ်။ သူ့ရဲ့ လုပ်ရပ်တွေကသက်သေပြနေတယ်။ သူမ သူ့ကို ချစ်တယ်လို့ ပြောတယ်။ ဒါပေမဲ့ သူမ စာတန်ကို ချစ်တာပါ။သူမ ဖက်ရှင်ဘုရားကို ကိုးကွယ်တယ်။ ဒီကမ္ဘာကြီးရဲ့ဘုရား၊ ဘောလီးဝုဒ်ရဲ့ဘုရားမတွေဘဲ။ သူမ သူ့ကို ချစ်တယ်။ ဒါပေမဲ့ စစ်မှန်တဲ့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို မုန်းတယ်။ စစ်မှန်တဲ့ ဘုရားဖြစ်တယ်။ တရားဝင်ခွင့်ပြုထားတယ်။ ‘အသင်းတော်ထဲမှာ ဘာမှ ထိခိုက်မှုမရှိဘူး။ တို့ရဲ့ အမျိုးသမီးတွေဟာ အဲဒါကို လုပ်နိုင်တယ်။ ထိုဟာကို လုပ်နိုင်တယ်။ဒါမှမဟုတ် အခြားဟာတွေကိုပေါ့။’ ဒါပေမဲ့ အသက်ရှင်တဲ့ ဘုရားသခင်ရဲ့ မျက်မှောက်မှာ သူမ နောင်တရခြင်းမှတပါးလာဖို့ ခွင့်မပြုထားပါဘူး။

တွေ့လား ? သူဟာ ကမ္ဘာ့အလှအပရဲ့ ဘုရား ဖြစ်ပါတယ်။ သူမဟာ လှပခြင်းကိုအလိုရှိပါတယ်။ ပြီးတော့ သူဟာ အစအဦးကတည်းက လှပတဲ့ ဘုရားဖြစ်ပါတယ်။ သူလုပ်နိုင်တယ်။ပြီးတော့ သူ့ရဲ့ သိပ္ပံဘာသာနဲ့ ပတ်သက်တဲ့ အသိပညာ ပစ္စည်းတွေနဲ့ ဒီမော်ဒယ်ကာလ ..... ဒီခေတ်မှီ တိုးတက်တဲ့ကာလ၊ ယုတ်မာမှုတွေ သူလုပ်နိုင်အောင်မြင်နိုင်ခဲ့တယ်။ သူလှပအောင် လုပ်ခဲ့တယ်။

49 ၄၉။ သတိပြုပါ။ဒါဟာ ထူးခြားလို့သတိပြုရမှာပါ။ အစဦးမှာ ရှေသနဲ့ သူ့ရဲ့ခလေးတွေဟာသိပ္ပံနည်းကျတဲ့လမ်းကို ဘယ် တော့မှ မသွားဘူး။ ယခုသိပ္ပံအကြောင်းနဲ့ ပတ်သက်လို့မိနစ်အနည်းငယ်လောက်ပြောကြရအောင်။ ဒီဟာကိုပြောခဲ့ရင် ကျွန် တော်ရဲ့အသိပညာနည်းတာကိုအကြောင်းပြတာမဟုတ်ပါဘူး။ သို့သော်သိနားမလည်သူတစ်ယောက်ဖြစ်တဲ့ ဘုရားသခင်ရဲ့ နှုတ်ကပတ် တော်ကိုငြင်းပယ်တဲ့အရာတွေဘဲ။ တွေ့တယ်မဟုတ်လား။ အမှန်တွေပါဘဲ။ ဒါဟာထူးခြားတာပါဘဲ။စောင့်ကြည့်ပါ။ ရှေသ ရဲ့ခလေးတွေက သိပ္ပံလမ်းကို ဘယ်တော့မှ မသွားခဲ့ပါဘူး။ သူတို့ဟာနှိမ့်ချတဲ့ ကျွဲအုပ်၊ နွားအုပ်ထိန်းကျောင်းတဲ့လူတွေ၊ လယ်သမားတွေ အစရှိသည်ဘဲ။ ဒါပေမဲ့ကာဏ္ဍာန ခလေးတွေက ပြုလုပ်တယ်။ သူတို့အဖေ ညဏ်ဖွင့်ပေးတယ်။ စာတန်ဖြစ် တယ်။ကာဏ္ဍာနက သူ့အဖေက ညဏ်လွန့်မြူးပေးတယ်။ စာတန် ပြီးတော့ သူဒီညာဏ်ဟာ သူ့ရဲ့ဆင်းသက်လာတဲ့မျိုးစေ့ကို ဆင်းသက်လာတယ်။

ဘုရားသခင်ရဲ့မျိုးစေ့ဟာခေတ်ကာလတိုင်းမှာ ဆင်းသက်လာတာကို ကြည့်ပါ။ ပြီးတော့ ယနေ့ဘယ်ကို ဦးတည်သွားသလဲတိုတာကိုကြည့်ပါ။ ခရစ်ယာန်၊ စစ်မှန်သောခရစ်ယာန်တွေဟာသိပ္ပံနည်းကျရှာဖွေဆွေးစမ်းမှုတွေနဲ့ အဲဒီအရာတွေနဲ့ မပတ်သက်ဘူး။ မဟုတ်ဘူး။တမိနစ်အတွင်းမှာ အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး ပြောမှာပါ။ ဒါပေမဲ့ ကာဏ္ဍာန သူ့ရဲ့အဖေစာ တန်ရဲ့သဘာဝလိုဘဲ ပြုလုပ်ခဲ့တယ်။ လောကီအတတ်ပညာတွေနဲ့ ပြည့်နှက်နေတယ်။ လှပတယ်။ပြီးတော့ သိပ္ပံအစရှိသည် နဲ့ပေါ့။ ကာဏ္ဍာနခလေးတွေက သိပ္ပံနည်းကျတယ်။သူတို့ဟာပညာတတ်တွေဖြစ်တယ်။ သူတို့ဟာ တူရိယာတွေနဲ့ တီးမှုတ် ကြတဲ့သူတွေဖြစ်တယ်။(ခေတ်ပေါ် အဲလ်ဗစ်ပရက်စလေနဲ့ တချို့ဒီလိုလူမျိုးကျောင်းအုပ်အဖွဲ့လိုမျိုးတွေတနင်္ဂနွေညတိုင်း ဒီ လမ်းသွယ်လေးမှာ တီးမှုတ်ပျော်မြူးနေကြတယ်။ ) မြို့တော်ကိုတည်ဆောက်သူများကိုယ်တိုင်စိတ်ဆန္ဒကို ပြင်းပြစေတဲ့ ဖလမ်းဖလမ်းထနေတဲ့အမျိုးသမီးများအမျိုးသမီးချယ်သဖို့ စာတန်ပေးသကဲ့သို့ပြီးတော့ သူတို့ဆံပင် ဂုတ်ဝဲထားတယ်။ ပြီးတော့ တိုနန့်နန့်လိုမျိုးအဲဒီအရာများကို ဝတ်ဆင်တယ်။ ဒါတွေဟာ သူ့ရဲ့ ကိုယ်ပိုင်ညစ်ညူးတဲ့ ဆန္ဒဘဲ။ အဲဒါ လှပတဲ့ ပုံသေ ဘဲ။ ဒါပေမဲ့ တခြားဘယ်လိုပြောရမလဲဆိုတာကိုကျွန်တော်မသိတော့ဘူး။

50 ၅၀။ အခုကျွန်တော်တို့သိရတာကစာတန်ရဲ့သာသနာဟာ သိပ္ပံနဲ့ တိုးတက်မှု သာသနာဘဲ ဖြစ်ပါတယ်။ သူအဲဒါကို ဧဒင်ဥယျာဉ်မှာ ဟောကြားခဲ့တယ်။ ဘုရားသခင်မဟုတ်ပါဘူး။ စာတန်ပြုလုပ်တာပါ။သိပ္ပံနဲ့တိုးတက်မှုတွေဘဲဖြစ်ပါတယ်။ သိပ္ပံနဲ့ ကြွယ်ဝခြင်းဟာစာတန်ရဲ့သာသနာဖြစ်ပါတယ်။ သူဒီကနေ ကျွန်တော်တို့ကို အဲဒါနဲ့ ဘယ်မှာ ဦးဆောင်နေတာကိုကြည့်ရ အောင်။ တွေ့တယ်မဟုတ်လား။

သတိထားပါ။သူဧဒင်ဥယျာဉ်မှာ ဘယ်သူကိုဟောပြောတာလဲ။ စာတန်ရဲ့သတိုးသမီးကိုဘဲ။ ပြီးတော့ အဲဒါနဲ့ဘဲ သူမကျဆုံး သွားတာပါ။ သူဘုရားသခင်ရဲ့ နှုတ်ကပတ်တော်မေးခြင်းနဲ့ဘဲ သူမကို လှည့်ဖြားတယ်။သူဘာပြောခဲ့တယ်ဆိုတာကို ကြည့် ရအောင်။ သူပြောခဲ့တာကတော့ သိပ္ပံနည်းကျနဲ့အသင်းတော်မှာ သေရမှာမဟုတ်ပါဘူး။ ဒါမှမဟုတ် သင်ကျောင်းပညာနဲ့ ပညာတတ်ခဲ့တာသေခြင်းကဲ့သို့သော ကျိုးကြောင်းဆက်စပ်မှု မရှိတဲ့အရာကို မယုံကြည်လို့ဘဲ။ဘုရားသခင်ရဲ့ နှုတ်ကပတ် တော် အဲဒါနဲ့ ပတ်သက်ပြီး ပြောခဲ့တာကို ငါဂရုမစိုက်ပါဘူး။အဲဒါဟာ အကြောင်းပြချက်မခိုင်လုံဘူး။

51 ၅၁။ အိုး ဒီနေ့အချိန်မှာ သူကိုကြည့်ပါ။ ဘုရားသခင်ဟာကောင်းမြတ်တဲ့ဘုရားဖြစ်ပါတယ်။ သင်ဟာသူ့ရဲ့သန့်ရှင်းတဲ့ အ သင်းတော်ထဲမှာ ရှိပါတယ်။ဘာကြောင့်လဲ။ သင်ဟာမသေနိုင်ပါဘူး။ ဒါပေမဲ့ဘုရားသခင်က သင်ဟာ သေရမယ်။ ပြီးတော့ဒါဟာပြီးမြောက်သွားပါပြီ။

သူကိုယ်နေ့မှာ ကြည့်မလား။ အိုး၊ အခု အသင်းတော်ကပိုင်ဆိုင်ပါတယ်။ သင်လုပ်တာမဟုတ် ဘူး။ ဒါမှ မဟုတ် ဒီနေရာ ဟိုနေရာ ဒါမှ မဟုတ်တခြားအရာမဟုတ်ပါဘူး။ အသင်းတော်ကိုလာပြီး အသင်းသားကောင်းတစ် ယောက်ဖြစ်လာပါစေ။သင်ဆံပင်ကိုညှပ်တာဟာ ဘာမှအဓိပ္ပါယ်မရှိပါဘူး။ တိုတိုဝတ်ဆင်တာ ကာချယ်တင်တာ၊ ပြီးတော့က ပွဲတွေသွားတာ အချိန်တိုအတွင်းမှာဘီယာနည်းနည်းသောက်တာသင့်ကိုမထိခိုက်စေပါဘူး။သင်စိတ်အလိုမလိုက်ဘဲနေ ရင်ပေါ်။ပွင့်ပွင့်လင်းလင်းပြောရရင် ငါမြော်လင့်ထားတာက သင်ခလေးတို့ သောက်သင့်တယ်။ ဒါမှသူတို့ကြိုက်ကြိုက်မ ကြိုက်ကြိုက်သူတို့မှတ်သားရမှာပေ့ါ။ ဟိုမှာသူဘဲဖြစ်တယ်။ ဒီခေတ်ကာလရဲ့ဘုရားဖြစ်တယ်။ ဒီဆိုးယုတ်သောကာလမှာပါ။

ဘုရားသခင်ဟာကောင်းမြတ်တဲ့ဘုရားဖြစ်ပါတယ်။ ကျွန်တော်အကြိမ်များစွာ ဖျားမတတ်ကို ကြားခဲ့တယ်။ဘုရားသခင်ဟာ မျှတတဲ့ဘုရားဖြစ်ပါတယ်။ သူဟာ အစက်အပျောက်တွေရှိတဲ့ အဘိုးအိုပတ်လည်တွန်းရမှာမဟုတ်ဘူး။ သူရဲ့မြေးတွေ အပြစ် မရှိပါဘူး။ သူဟာတရားမျှတတဲ့ဘုရားသခင် မြင့်မြတ်သန့်ရှင်းတယ်။ သူဒေင်ဥယျာဉ်မှာ သူရဲ့ပထမသားအားဖြင့်သက်သေ ပြခဲ့တယ်။ သူရဲ့နှုတ်ကပတ်တော်စည်းတခုကို ကျော်ဖြတ်တာနဲ့ သင်ဟာသေရမယ်။အဲဒီအရာတွေဘဲ ဒီကနေပြဌာန်းထား တာဘဲ။

52 ၅၂။ ပြီးတော့သတိပြုပါ။ ထိုသိပ္ပံနည်းကျ၊လူမှုရေး ပညာတတ်ခြင်း ဧဝကိုတိုးတက်ကြီးပွားသောတရားကိုဟောပြောခဲ့ တယ်။ အာဒံရဲ့အမျိုးသမီးကလည်း ယုံကြည်တယ်။ ပြီးတော့သူဒုတိယအာဒံလို့ခေါ်တဲ့အသင်းတော် ခရစ်တော်သတိုးသမီး လို့ ခေါ်ကြတဲ့ူလူတွေကိုလှည့်ဖျားတာ၊ ဒီခြေအတင်အငြင်းခုံတွေနဲ့ဘဲ အောင်မြင်တယ်။ ဒါအမှန်ဘဲ။

အိုးဘုရားသခင်အတွက် မဟုတ်ဘူး။ဘုရားသခင်ဟာ ဒါကိုပြုလုပ်ဘို့သိပ်ကောင်းမြတ်တယ်။ ဘာကြောင့်လဲ။ သင်ဘုရားရှစ်ခိုးကျောင်းကို သွားနေသမျှကာလပတ်လုံး ... သင်ယုံကြည်ခဲ့ရင် ... စာတန်ကတော့ ယုံကြည်တယ်။ ယုံကြည်အောင် လုပ်တာတော့မဟုတ်ဘူး။ဒါပေမဲ့သူအမှန်တကယ်ယုံကြည်တယ်။ သူဟာ ကယ်တင်ခြင်းမရဘူး။ အကယ်၍ သင်ယုံကြည်ခဲ့ လျှင် ...

သူဒုတိယအမျိုးသမီးကို ပြောတယ်။ ... ဒါမှမဟုတ် ဒုတိယ အာဒံရဲ့ သတိုးသမီးကိုအစတုန်းကပြောခဲ့သလို သူပြောတယ်။ ဒီဟာကဲ့သို့ ယခုဘုရားသခင်ရဲ့အနာရောဂါငြိမ်းခြင်းဒီအရာမျိုးတွေမရှိပါဘူး။ အဲဒါကို ကျွန်တော်ကို သက်သေပြနိုင်ပါတယ်။ ဒီလိုပြသာနာမျိုးကိုသက်သေပြတာမဟုတ်ပါဘူး။ ပြီးတော့ သခင်ယေရှုနာမဥ္စ နှစ်ခြင်းပေးခြင်း၊ အခု ၊ငါ့အသင်းတော်ရဲ့ အခွင့်အာဏာကို ပိုင်ထားတာကို သင်တို့မသိကြဘူးလားလို့သူကပြောတယ်။အဲဒါကို ရောမမြို့ရဲ့ နိုင်ဓေးယာအစည်းအဝေး မှာ ဆုံးဖြတ်ပြီးပြီ။ ဒီမသန့်ရှင်းတဲ့ဝိညာဉ်သုံးခု နဂါးဆီက ထွက်လာတဲ့အခါမှာ ထွက်လာခဲ့တဲ့အခါမှာမိစ္ဆာပရောဖက်တွေ အစ ရှိသည်ဖြင့်ပေ့ါ။ ကျွန်တော်တို့ဘုရားသုံးပါးရှိတာကို ယုံတယ်။အိုး ကောင်းဘို့အတွက်ပေ့ါ။ ဒါတွေဟာဘုရားမဲ့ဝါဒအတွက်ပါ ဘဲ။ ဘုရားသခင်ထံပါးကိုဒီလိုအရာတွေမျိုးနဲ့ ဘုရားသခင်ရဲ့မျက်မှောက်တော်မှာရပ်ဘို့မလာပါနှင့်။ အိုး ခမည်းတော်၊ သား တော်၊ သန့်ရှင်းသောဝိညာဉ်တော်ဆိုတဲ့ ပညတ်နဲ့ နှစ်ခြင်းယူတာဘာကွာခြားချက်မှမရှိဘူး။ဒါဆိုရင် ဘယ်ဟာက ခြားနားချက် ပြုလုပ်တာလဲ။

53 ၅၃။ ဒါဟာအလွန်ကွာခြားစေတယ်။ ရှင်ပေါလုက သူတို့အပေါ် သန့်ရှင်းသောဝိညာဉ်တော် မဆင်းသက်မီနှစ်ခြင်းအ သင်းတော်တစုကို ယေရှုခရစ်တော်နာမတော်၌ နှစ်ခြင်းယူရမယ်လို့အမိန့်ပေးခဲ့တဲ့ တိုင်အောင်ပါဘဲ။ ပြီးတော့ တမန်တော် တွေကိုလည်း အသံနက်ကြီးတွေနဲ့အောက်ပြီးပြောစေတာက ကောင်းကင်တမန်တပါး ကောင်းကင်ကလာပြီး အခြားသောအ ရာတွေကိုဟောပြောခဲ့ရင် သူသည်ကျိန်ခြင်းအမင်္ဂလာကို ခံရပါစေ။ အမှန်ဘဲ ခြားနားခြင်းတခုကိုဖြစ်ပေါ်စေတယ်။ အိုး ကျွနုပ် ...

ထိုနေ့ထိုအချိန်ခါမှာတုံးက အဲဒီလိုနှစ်ခြင်းမျိုးတခါမှမရှိခဲ့ဘူး။ ထိုအရာသည်တမန်တော်တွေအတွက်ဘဲဖြစ်တယ်။ အဲဒါ ဖြတ်သန်းသွားတယ်။ ပြီးတော့ ပရောဖက်တွေလိုမျိုးလား။ အဲဒါကိုတောင်မသိခဲ့ဘူး။ အံ့ဩဖွယ်ဘဲမဟုတ်ပါလား။ သူတို့ဟာ သိပ္ပံ နည်းကျတဲ့သူတွေမဟုတ်ဘူး။ မာလိခိ ၄ မှာလား။ထိုဟာတခြားကာလအတွက်ဖြစ်တယ်။ ရှင်ယောဟန် ၁၄း၁၂ မှာလား။ အိုး ယေရှုကထိုအရာတွေကိုအမှန်တကယ်ဆိုလိုတာမဟုတ်ပါဘူး။ ရှင်လုကာ ၁၇း၃၀ လား။ အိုး ထိုဟာ ဒဏ္ဍာရီသာဖြစ်ပါတယ်။ တွေ့လား။ ဒါကို လွဲမှားစွာ အနက်ဖွင့်ခဲ့တာပါ။ သူရဲ့နဂိုမူလမဟုတ်ခဲ့ပါဘူး။ဒီလိုအဓိပ္ပါယ်မရှိတဲ့ လုပ်ရက်မျိုး ကြီး မြတ်တဲ့ ဘုရားသခင် ကျွန်တော်တို့ရဲ့အလယ်ဆင်းသက်လာပြီး သက်သေပြပါသည်။ သူမိန့်တော်မူတာက ယေရှုခရစ်တော် ဟာ မနေ့၊ ယနေ့နဲ့နောင်ထာဝရ ပြောင်းလဲခြင်းမရှိတာကို သက်သေပြပါတယ်။ လူတွေအဲဒီအကြောင်းကိုမပြောခဲ့တာလဲ။ ကျွန်တော်ဂရုမစိုက်ပါဘူး။ ဘုရားသခင်သူရဲ့ နှုတ်ကပတ်တော်ကိုသူကိုယ်တိုင် အနက်ဖွင့်ပါတယ်။ သူမိန့်မှာခဲ့တာက ဒီ အရာတွေကို နောက်ဆုံးသောကာလမှာပြုလုပ်မှာပါ။ ညနေခင်းအချိန် သမယမှာ ထွန်းလင်းပါလိမ့်မည်။ ပြီးတော့ အဲဒီအ လင်းဟာဘုရားသခင်ရဲ့ သားတော်ကို ဖော်ပြဘို့အတွက်ဘဲဖြစ်ပါတယ်။

54 ၅၄။ အရှေ့ဖက်မှာပေါ်ထွန်းလာတဲ့ နေမင်းဟာ အနောက်ဖက်ကိုဝင်သွားတဲ့ နေမင်းနဲ့ အတူတူပါဘဲ။ပရောဖက်ကပြော ခဲ့တယ်။ နေ့လို့ ညလို့ ခေါ်လို့မရတဲ့နေ့တနေ့ပေါ်လာမယ်။ဒါဟာမှုန်မှိုင်းခြင်းတခုပါဘဲ။ တိမ်တွေဟာနေရောင်ခြည်ကို ဖုံးလွှမ်းထားလို့ဘဲ။ သို့သော်လည်းဆိုခဲ့တာက ညနေချမ်းတချိန်လောက်မှာ အလင်းအသစ်ပေါ်လာလိမ့်မည်။အဲဒီသားတော် ဘဲ သူဟာ အာလဖနှင့် ဩမေဂဖြစ်ပါတယ်။ အဲဒီအရှေ့ဖက်မှာ ပေါ်ထွက်လာမယ်လို့ကြိုတင်ဟောကိန်းထုတ်ထားတဲ့ သား တော်ဟာ နောက်ဆုံးသောကာလနေ့ရက်များမကုန်ခင်မှာအနောက်အရပ်မှာတဖန်ပြန်ပြီး ပေါ်ထွက်လာရမှာပါ။ သူတို့ဒါကို အနက်ဖွင့်ထားသလဲဆိုတော့ကျွန်တော်မသိပါဘူး။ ဘုရားသခင်က သူရဲ့နှုတ်ကပတ်တော်ကို သူကိုယ်တိုင် အနက်ဖွင့် တယ်။ သူသက်သေပြတယ်။ ဒီအချိန်ကာလဟာ ညနေခင်းအချိန်ကာလဖြစ်ပါတယ်။

ဒါဟာဝမ်းနည်းစရာဘဲ။ ဒါပေမဲ့သူမဟာဒါနဲ့ဘဲ တဖန်ပြန်လှည့်ပြီး ကျဆုံးရမှာပါ။ ခရစ်တော်သတိုးသမီးတွေဟာ ဒီအရာနဲ့ဘဲကျဆုံးခဲ့ကြတယ်။ ပြီးတော့စစ်မှန်ဘုရားသခင်ဖော်ပြတဲ့ နှုတ်ကပတ်တော်ကို ရယူမဲ့အစားဓမ္မပညာလေ့လာထားတဲ့ ညဏ် ရည်ဖွင့်ဖြိုးတဲ့တရားဟောတွေရဲ့ တရားကိုလက်ခံခြင်းကြောင့်ဘဲ။

55 ၅၅။ ယခုဒီဒေသရဲ့အပြင်ဖက်ဘယ်နေရာမှာဘဲရှိတဲ့ အမှုတော်ဆောင်တွေဟာ ဒီအကြောင်းနဲ့ပတ်သက်လို့ သဘောတူကြမှာမဟုတ်ပါဘူး။ ခင်ဗျားတို့ကို ကျွန်တော်ထိခိုက်အောင်လုပ်တာမဟုတ်ပါဘူး။ကျွန်တော်ယခုလေးတင် … ကျွန်တော်ရဲ့ကိုယ်ပိုင်အဖွဲ့ကိုဘဲပြောနေတာပါ။ ကျွန်တော်ကြိုးစားပြီး … ခင်ဗျားတို့အထဲမှာ ထိုင်နေပြီးတော့ ကျွန်တော်ဝမ်းသာမှာပါ။ဘာ ကြောင့်လဲဆိုရင် သင်တို့ဒီဟာကို ကြားနာဖို့ဘဲဖြစ်ပါတယ်။ပြီးတော့ဒါကိုနားထောင်ကြပါတယ်။ သို့သော်ကျွန်တော်သူ တို့မြင်တာကို သူတို့ကိုအခုပြောပြပြီး သူတို့ကိုပြခဲ့တာပါဘဲ။ ဘုရားသခင်ကအဲဒါအမှန်ဘဲဆိုတာကိုသက်သေပြခဲ့တယ်။ ဒါဟာဒီအချိန်အခါဘဲ။ ဘယ်သူမှ အနက်ဖွင့်တာကို အလိုအပ်ပါဘူး။သင်ရဲ့လောကီပညာတွေနဲ့ ဘာမှလုပ်လို့မရပါဘူး။ … သူတို့မှာ ဘီအေဘွဲ့၊ အေဒီဘွဲ့၊ဒါမှဘာတွေဘဲရှိပါစေ ဘာတခုကိုမှဆိုလိုတာမဟုတ်ပါဘူး။ ဘုရားသခင်ဟာ သူရဲ့နှုတ်ကပတ်တော်ကို သူကိုယ်တိုင်အနက်ဖွင့်တာပါ။ သူဂတိပေးခဲ့တယ်။ ပြီးတော့ဒီမှာအဲဒါဘဲ။

ဒါပေမဲ့ကျမ်းစာကျောင်းကအသိပညာတွေ၊ဂိုဏ်းဂဏတွေရဲ့ တရားဟောချက်တွေဟာ တကမ္ဘာလုံးသားရဲကို အံ့သြပြီး ဒီ သားရဲရဲ့သေနိုင်တဲ့ ဒဏ်ရာတွေ ပျောက်ကင်းတာ ရုပ်တုကိုးကွယ်ခြင်းမှ ရဟန်းမင်းကြီးကာလအထိဘဲ။တွေ့လား။ သူမ ဘယ်ကိုဦးတည်နေလဲ။ သူမအဲဒါကိုယုံကြည်တယ်။ သူမကိုပြောတဲ့အသိပညာတွေနဲ့သူကိုယုံကြည်တယ်။

56 ၅၆။ အခုစောင့်ကြည့်ပါ။အဲဒါဘာလဲဆိုရင် စေ့စပ်ထားတဲ့သတိုးသမီးတွေဟာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ဆန့်ကျင်တဲ့စာတန်ရဲ့အသိပညာကိုယုံကြည်တယ်။ အာဒံရဲ့ သတိုးသမီးဟာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ဆန့်ကျင်တဲ့ စာတန်ရဲ့ အသိပညာကိုယုံကြည်ခဲ့တယ်။ ပြီးတော့ယေရှုရဲ့သတိုးသမီးဟာ စာတန်ရဲ့မြင့်မားဆုတ်ယုတ်တဲ့ ကာလ၏ဉာဏ် ရည်ကို ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ထက်ပိုယုံတယ်။ ပြီးတော့ သတိပြုမိလား။ ဧဝသူ၏သဘော ဇာတိနဲ့ အဲဒါကိုယုံကြည်ပြီး လူမျိုးတကာတို့ကို သေခြင်းထဲ ငုတ်လျှိုးစေခဲ့တယ်။ သဘာဂလူရဲ့သတိုးသမီး … ကမ္ဘာပေါ်မှာ သဘာဝလူဖြစ် တဲ့အာဒံ၊ သူရဲ့သတိုးသမီးသူမဆီသွားပြီး ဇနီးမယားမဖြစ်ခင်မှာ တမ္ဘာလုံးကို သေခြင်းထဲ ငုတ်လျှိုးစေခဲ့တယ်။သိပ္ပံနည်းကျ သည်မကျသည်ဖြစ်စေ၊ ကျွန်တော်တို့အတူတူ သေကြတာဘဲ။ ဘာလဲဆိုရင်ဘုရားသခင်က သင်ကိုသေရမယ်လို့ပြောခဲ့ တယ်။
သန့်ရှင်းတဲ့ဇေင်ဥယျာဉ်ထဲမှာဒါမှမဟုတ်သန့်ရှင်းတဲ့အသင်းတော်၊ ဒါမှ သန့်ရှင်းတဲ့ ဂိုဏ်းဂဏတွေ ဘာတွေဘဲဖြစ်နေသောလည်း ဘုရားသခင်ရဲ့နှုတ်ကပတ်တော်တလုံးဟာ အမှန်တရားဘဲဆိုတာသင်ကိုဖော်ပြပြီးသက်သေပြခဲ့တာကို မယုံ ကြည်ဘူးဆိုရင် အဲဒီနေရာမှာဘဲသင်သေရလိမ့်မည်။ အဲဒီနေ့ရက်ဟာသင့်ကိုသင် ဘုရားသခင်နဲ့ခွဲခွာတာဘဲ စာတကြောင်း လုံးမဟုတ်ဘူး။ စာလုံးတလုံးထဲဖြစ်တယ်။ ဘယ်သူတဦးတယောက်ဖြစ်စေ စာလုံးတလုံးကို ပေါင်းထည့် ဒါမှမဟုတ် နုတ်သူ ခဲ့ရင် အဲဒီနေ့မှာဘဲသင်သေရမည်။

57 ၅၇။ သတိပြုပါ။အာဒံရဲ့ သတိုးသမီးဟာ သူရဲ့မျိုးနွယ်စုကို သဘာဝသေခြင်းတရားကို ဖြစ်ပေါ်စေတယ်။လူတွေရဲ့ မျိုးနွယ်စု၊ ပြီးတော့ ဒုတိယအာဒံသတိုးသမီးခရစ်တော်နဲ့စေ့စပ်ထားတဲ့သတိုးသမီးဟာ အသင်းတော်တခုလုံးကို ဂိုဏ်းဂဏ သေခြင်းထဲကိုငုံလျှိုစေခဲ့ပြီး သားရဲရဲ့အမှတ်တံဆိပ်ဖြစ်တဲ့ သိပ္ပံနည်းကျ၊ပညာအလွန်ကြီးမားခြင်း၊ ကြီးမားတဲ့ဂိုဏ်းဂဏတွေ ရယူကြတယ်။ ကျွန်တော်တို့ကနှစ်ခြင်းတွေ ကျွန်တော်တို့က ပရက်ဘေတီးရီးယန်းတွေ ကျွန်တော်တို့က ပင်တေကုတ္တေ တွေအစရှိသည်ဖြစ်ပေ့ါ။ ကျွန်တော်တို့အဲဒါကိုရယူတယ်။ ပြီးတော့ကျွန်တော်တို့ပိုချမ်းသာလာတယ်။ ကျွန်တော်တို့ဟာ အစိုးရရဲ့အသိအမှတ်ပြုခြင်းကို ခံရတယ်။ကျွန်တော်တို့ဟာ တကမ္ဘာုလုံးမှာ ရှိကြတယ်။ ပြီးတော့ ဒီအရာတွေအားလုံးနဲ့ဘဲ။ပြီးတော့အကောင်းဆုံးတွေထဲက … မြို့တော်မှာရှိတဲ့ မြို့တော်ဝန်တွေလိုမျိုးတွေဟာကျွန်တော်တို့ဆီကိုလာကြတယ်။သမ္မ တကိုယ်တိုင်လာပြီး လူထုအစည်းတွေလုပ်ပြီးကျွန်တော်တို့နဲ့ ပြောဆိုကြတယ်။ ပြီးတော့ ဒီကို၊ ဟိုကိုဒါမှမဟုတ်အခြားကို လာတယ်။တကမ္ဘာလုံးဟာ ဝိညာဉ်ရေး၊ ဂိုဏ်းဂဏသေခြင်းထဲကို ငုံလျှိုကြတယ်။ အသင်းတော်တခုလုံးလည်း သူမသေသွား ပါပြီ။

သင်ပြောမှာဘဲ။ သင်တို့ဟာနယ်မြေအများကြီးတို့မှာ ရှိကြတယ်။ သခင်ယေရှုမိန့်တော်မူတယ်။ နောစအချိန်ကာလကဲ့သို့နံဝိညာဉ် ၈ လုံးသာ ကယ်တင်ခြင်းရသကဲ့သို့ လူသားကြွလာတဲ့အခါမှာ အဲဒီလိုဖြစ်လိမ့်မည်။လောတတုံးကကဲ့သို့ လူသုံး ယောက်သာ ထွက်လာခဲ့ကြတယ်။ အဲဒီအချိန်တုန်းက … အခုမှာ လူတစုဟာ အပြစ်ကို ထွက်လာပြီးသားဖြစ်တယ်။ သတိရ ကြလား။သို့သော်အဲဒီအချိန်မှာကဲ့သို့ လူသားဟာ ပေါ်လာလိမ့်မည်။ ကြည့်ပါဒါဘာလဲ။ … ကျွန်တော်တို့ယခုအသက်ရှင် နေထိုင်တဲ့ အချိန်ကာလကို ကြည့်ပါ။

58 ၅၈။ ယခုတကမ္ဘာလုံးကို သိပ္ပံနည်းကျ ခေါင်းဆောင်မှုဖြစ်သော သူမကိုပေးတဲ့အသင်းတော်ရဲ့အမည်အောက်မှာ ရှိတဲ့ ပညာရေးဆိုင်တဲ့အစီအစဉ်တွေကို လက်ခံဘို့ ပညာရေး၊သိပ္ပံနည်းကျအစီအစဉ်တွေရဲ့ ဦးဆောင်မှုဖြစ်တယ်။ ကျွန်တော် သင်တို့ကို လောကီဘုရားကိုပုံဖော်နေတာဖြစ်တယ်။ သူမဧဝကဲ့သို့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်သူမရဲ့လက်ထဲမှာပြည့်ဝနေတဲ့အခါမှာ … သူမဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကိုရယူနိုင်သောလည်း အဲဒါကိုသူမဘယ်လိုလုပ်လိုက်သလဲ။ သန့်ရှင်းသောဝိညာဉ်တော်ရဲ့နှစ်ခြင်းကို စောင့်နေရမဲ့အစား၊သန့်ရှင်းသောဝိညာဉ်တော်ဟာ တမန်တော်တွေအတွက်ဘဲလို့သိပ္ပံကသူမကို သက်သေပြတာကို ခွင့်ပြုလိုက်လို့ဘဲ။ ဘုရားသခင်ရဲ့အနာရောဂါငြိမ်းခြင်းဆက်သွားတာကိုလက်ကိုင်ရမဲ့ အစား၊ သူမသေတဲ့လူတွေကို ထမြောက်စေခြင်းနဲ့ အခြားကြီးမားတဲ့အံ့ဖွယ်နမိတ်လက္ခဏာပြုလုပ်သင့်တဲ့အချိန်အစား၊ ဘာ သာရေးဦးဆောင်တဲ့လူတွေရဲ့ အောက်မှာဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ယူပြီးဒါဟာ အခြားသော ကာလအတွက်ပါ လို့ကြိုးစားပြီးပြောတာကို သူမစာတန်ကို ခွင့်ပြုလို့ဘဲဖြစ်တယ်။ ပြီးတော့ သူမအဲဒါကိုယုံကြည်တယ်။

59 ၅၉။ ကျမ်းစာတော်မြွတ်ကပြောတဲ့အခါမှာ ငါပြုလုပ်သည့်အတိုင်းသင်တို့လည်းပြုရလိမ့်မည်ဟုသခင်ယေရှု မိန့်မှာခဲ့ပါ တယ်။ … တမ္ဘာလုံးကို သွားပြီးဝေနေယျသတ္တဝါအပေါင်းတို့ကို ငါ့ရဲ့တရားတော်ကို ဟောပြောပါ။ ကျွန်တော်တို့တတွေဟာယခုထက်ထိ ဝေနေယျသတ္တဝါတွေဖြစ်နေတယ်။ ယုံကြည်သူအယောက်စီတိုင်း ဒီနိမိတ်လက္ခဏာတွေလိုက်လာကြလိမ့် မည်။ သူမကတော့ဒီအရာတွေအားလုံးကို ငြင်းပယ်တယ်။

သာမာန်ထက်ထူးခြားတဲ့အရာတွေကိုသူမငြင်းပယ်တယ်။ ကျမ်းစာတော်မြတ်ကို သူမရဲ့အတွေးအခေါ်အသိပညာတွေနဲ့ ရှင်းထုတ်သလိုတရားဟောဆရာတွေ၊ ပြီးတော့ သန့်ရှင်းတဲ့အဖေ သူကိုခေါ်သလို ဂိုဏ်းချုပ်တွေပြည်နယ်ဂိုဏ်းချုပ်ကြီးတွေ၊ နယ်မြေဘုန်းတော်ကြီးတွေ အထွေထွေကြီးကြပ်အုပ်ချုပ်သူပြီးတော့အစရှိသည်ဖြင့် သူတို့ဟာ ကိုယ်ပိုင်အနက်ဖွင့်ချက်နဲ့အဲ ဒါကို ပြုလုပ်ကြတယ်။ပြီးတော့ ဘုရားသခင်အဲဒီမှာ ၁၂ နာရီ လုံးလုံးလူသေလိုထိုင်ခိုင်းတယ်။ ပြီးတော့ကျန်တဲ့အရာလေး တခုကတော့ နောက်ဆုံးသောနေ့ရက်အချိန်ကာလမှာသေးငယ်တဲ့ပင်တေကုတ္တေတစုဟာကျယ်လောင်တဲ့သီချင်းသံတွေကို အသားကုန်တီးခတ်ကြတယ်။ ကြမ်းပြင်ပေါ်မှာ အထက်အောက်ပြေးနေကြတယ်။ အခြားသောဘာသာစကားကိုပြောကြ တယ်။ ပြီးတော့အော်ဟစ်ကြတယ်။ ဘုရားတရားပုံစံတွေနဲ့ဘဲ ဒါပေမဲ့နှုတ်ကပတ်တော်ကို ငြင်းပယ်ကြတယ်။သူတို့ကို သခင်ယေရှုခရစ်တော်ရဲ့ နစ်ခြင်းယူရမယ်လို့ ပြောခဲ့ရင်သင်ရဲ့မျက်နှာကိုကြည့်ပြီး ရယ်ကြမှာဘဲ။ သို့သော်လည်း ဘုရားသ ခင်က အဲဒါကို သွားပြီးပြုလုပ်တယ်။ ဒါကြောင့်အတူတူပါဘဲ။ သူရဲ့နှုတ်ကပတ်တော်ဒီလိုဖြစ်မှာကို သက်သေပြတယ်။

60 ၆၀။ သတိထားပါ။ဇေဝါဝင်ဘို့ စာတန်ပြုတဲ့ သစ်ပင်ကတော့ အဆိုးအကောင်းဝေဖန်တဲ့ သစ်ပင်ဘဲဖြစ်ပါတယ်။၎င်းဟာ ရောနှောနေတဲ့သစ်ပင်ဖြစ်ပါတယ်။ ယခုကျွန်တော်တို့ အသက်ရှင်နေထိုင်တဲ့နေ့ရက်တွေကို ကြည့်ပါ။ စာတန်သူရဲ့ သတိုး သမီးကို ခေါ်ထုတ်လာတဲ့အခါမှာသူကောင်းမြတ်တာတွေကိုဘဲလုပ်ပါတယ်။ ပြောဆိုတဲ့အသင်းတသင်းသူရဲ့မကောင်းမှုက တော့နှုတ်ကပတ်တော်ကို ငြင်းပယ်တာကို သူရရှိခဲ့တယ်။ ရောနှောထားတဲ့သစ်ပင်၊ အိုး ပြောတယ်။ သူတို့မှာ ကြီးမားတဲ့အသိုက်အဝန်းများစွာတွေရှိတယ်။ သူတို့က ဒါကို ကူညီတယ်။ ပြီးတော့ ကြက်ခြေနီကထောက်ခံတယ်။ ပြီးတော့ ကျောင်း တွေအားလုံး သူတို့ ... ဒီမှာကြည့်ပါ။ အိုး ယခုထက်ထိနှုတ်ကပတ်တော်တလုံးကို ငြင်းပယ်တယ်။ ဒီအရာအားလုံးကို သင်ပြုလုပ်တာဟာသေဖို့ရန်အတွက်ဘဲ။ ဘယ်လိုဘဲ စဉ်းစားညဏ်တွေခေါ်ညဏ်ရှိရှိ၊ ဘယ်လောက်ဘဲ ကောင်းကောင်းပေ့ါ။ ယေရှုမိန့်တော်မူတာက တဆေးအနည်းငယ်ဟာ ဂျုံတတုံးလုံးကိုတဆေးနယ်ပြီးသားဖြစ်စေတယ်။ တဆေးအနည်းငယ် ဟာ နယ်ပြီးသားအတုံးတခုလုံးကိုပျက်စီးစေတယ်။ ဘုရားသခင်နှုတ်ကပတ်တော်တလုံးကို နေရာအထားမှားတာနဲ့ရုပ်ပုံတခုလုံးကို ပျက်စီးစေတယ်။ ခြေထောက်ရှိရမဲ့နေရာမှာ လက်မောင်းကဘာလုပ်လို့ရမှာလဲတွေ့လား။လက်ရှိရမဲ့နေရာ မှာ နားကဘာလုပ်ရမှာလဲ။ တဆေးအနည်းငယ်ဟာ မုန့်နယ်တလုံးကိုပျက်စီးစေတယ်။

ပြောပါ။ ဒါအမှန်ဘဲလို့ သင်ဘယ်လိုသိသလဲ။ဘုရားသခင်ကအမှန်ဘဲလို့ သက်သေပြတယ်။ အဲဒါကို ဖော်ပြတယ်။ ဒါကို နှုတ်ကပတ်တော်ထဲမှာပြောထားခဲ့ပါတယ်။ ထိုနောက်မှာ ဒါကို သက်သေပြတယ်။ဒါကြောင့်ကျွန်တော်တို့မှန်မမှန်ကို သိရ တယ်။ နှုတ်ကပတ်တော်တလုံးကိုငြင်းပယ်လိုက်တာနဲ့ အားလုံးကို သေခြင်းသို့ ပို့ဆောင်တယ်။ ဒီဆိုးယုတ်တဲ့ခေတ်ကာလမှာ တူညီတဲ့အဖြေကိုဘဲ ယူဆောင်လာတယ်။ ဝိညာဉ်သေခြင်းကဲ့သို့ လူမျိုးနွယ်တစုလုံးကိုခန္ဓာ သေခြင်းသို့ ပြုလုပ်ခဲ့တယ်။

61 ၆၁။ စာတန်ဘယ်လိုနောဇခေတ်ကာလကသူတို့လေ့လာသည်။ ယူခဲ့တဲ့ သူတို့ရဲ့ နားလည်သဘောပေါက်မှုရဲ့ ပူဇော် သကာကိုစာတန်ဘယ်လိုချုပ်ကိုင်ထားမိလဲဆိုတာကို သတိထားမိသလား။ သုတ္တံကျမ်းထဲမှာကျွန်တော်တို့ကို ပြောဆိုထား ပါတယ်။ ကျွန်တော်တို့ရဲ့ပညာနားလည်သဘောပေါက်မှုကိုမမှီခိုပါနှင့်။ ပြီးတော့ လူတိုင်းရဲ့စကားဟာ လိမ်လည်ခြင်းတွေ ဖြစ်ပြီး ဘုရားသခင်ဟာအမှန်တရားဘဲဖြစ်ပါတယ်။ ဒါပေမဲ့စာတန်သူရဲ့အသိပညာအားဖြင့် အစဦးမှာရှိတဲ့ဒေဝဥယျာဉ်ထဲ မှာ လူတွေကိုရယူပြီး သူတို့ရဲ့ အသိညဏ်နားလည်သဘောပေါက်မှုပေါ်မှာသင်ယူစေခဲ့တယ်။ ပြီးတော့ သင်တို့သိတာဘဲ သူရဲ့ အလုပ်ကုန်တွေနဲ့ သူဟိုမှာပြုလုပ်ခဲ့ခြင်းဖြင့် သူ့အလွန်လုပတဲ့ အမျိုးသမီးတွေကို ရယူပြီး အလွန်လုပသောကြောင့်လူ သားတော်တွေ ... ဘုရားသားတော်တွေ အပြစ်ထဲကျရောက်စေပြီးသူတို့ကိုလက်ထပ်ကြတယ်။ အမျိုးသမီးတွေဟာ သိပ် ကြည့်လို့ကောင်းသိပ်လှတယ်။

ယခုသင်လည်းလမ်းပေါ်ကအမျိုးသမီးကို ရယူတယ်။ လူတော်တော်များများကတော့ ဒီဇတ်လမ်းကိုဖတ်မှာဘဲ။ သင်တို့ဘယ်တော့မှ ကြားဖူးမှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုရင်ကျွန်တော်ခေတ်မတိုင်ခင်ကဖြစ်တယ်။ ဘယ်အိုဘေး ဆိုတဲ့ အမျိုးသမီး သူမအကြောင်းကိုဘယ်နှယ်ယောက်လောက်သိကြပါသလဲ။ အမှန်ဘဲ ဆိုကြပါစို့။ သူမဟာ ကမ္ဘာပေါ်မှာ အလှ ဆုံးအမျိုးသမီးတစ်ယောက်ဖြစ်ခဲ့တယ်။ ဘာကြောင့်လဲဆိုရင် ကျောင်းသူအရွယ်ကျောင်းကိုသွားတဲ့ကလေးမလေးတွေဟာ သူမထက်နှစ်ဆလောက်လှနေတယ်။ ဒါဟာဘာကြောင့်လဲ။ အမျိုးသမီးတွေရဲ့လှပခြင်းဟာ နောက်ဆုံးသောကာလမှာ ဖြစ်ပေါ်နေတယ်။ သူတို့ဆံပင်ကို တိုတိုလေးညှပ်ကြတယ်။ကလေးလေးတွေရဲ့အဝတ်ကို ဝတ်ကြတယ်။ တိုနံ့နံ့လေးတွေ ဝတ်ကြတယ်။ ပြီးတော့ ဘီကီနီကိုဝတ်ဆင်တယ်။ သူတို့ဝတ်ဆင်တာသင်ဘယ်လိုဘဲခေါ်ခေါ်ပေ့ါ။ သူတို့ချယ်သကြတယ်။ပြီးတော့မညီမညာဒီအရာတွေအားလုံးနဲ့ သူတို့မှာ မရှိတဲ့အရာကိုတခုခုရှိသလိုမျိုးပြုလုပ်ကြတယ်။ တွေ့လား။ ဒါပေမဲ့ သိပ္ပံ ပညာအားဖြင့် သူတို့ဒါကိုကြိုးစားအောင်မြင်ခဲ့တယ်။ သင်တို့သိလား။ ဒီစုပေါင်းထားတဲ့ပြည်နယ်မှာဒီအလှကုန်တွေအတွက် ဘဲ သုံးငွေဟာ သူ့တို့အစားအသောက်အတွက် သုံးခဲ့တာထက် နှစ်ဆသုံးဆရှိတယ်မဟုတ်လား။ ဒါကို သက်သေပြတယ်။ (ဒါအမှန်ဘဲ ) အလှကုန်တွေအတွက်ဘဲ။

62 ၆၂။ ဘုရားသခင်ရဲ့သားတွေဟာ လူသားတွေကို တွေ့ခဲ့တာကို သတိရမိလား။ ဘုရားသခင်ရဲ့ သမီးတွေမဟုတ်ဘူး။ လူတွေရဲ့သမီးတွေ ဘာကြောင့်လဲဆိုရင် သူတို့တတွေဟာ လုပသောကြောင့်ဖြစ်တယ်။ ပြီးတော့ဘုရားသခင်ရဲ့သားတွေကို သူတို့ရဲ့ လှည့်စားခြင်းထဲကို ရောက်စေပြီးအဲဒီအမျိုးအစားအမျိုးသမီးတွေကို လက်ထပ်ကြတယ်။ ပြီးတော့ ပြည်တန်ဆာရဲ့ အချိန်ကာလကိုပို့ဆောင်ခဲ့ပါသည်။ ဒီနေ့ကာလလိုပါဘဲ။ သောတုန်မြို့ထဲကလို ဒီကနေဖြစ်မှာကိုကြိုတင်ဟောကိန်းထုတ် ထားသကဲ့သို့ အမျိုးသားနှင့် အမျိုးသမီးတွေ ဒီနေ့အချိန်မှာသူတို့ရဲ့ ဇနီး မယားတွေကို မောင်းထုတ်ကြတယ်။ သူတို့သည် ဇနီးသည်ကို မကြိုက်တော့ရင်သူတိုရီနိုင်မြို့၊ နီဗားတားမြို့ သွားပြီးလက်ထပ်ကြပြီ။ ကွာရှင်းစာ ... လူကောင်းတစ်ယောက် ကိုကွာရှင်းပြီး ၁၅ မိနစ်အတွင်းမှာနောက်တယောက်ကို လက်ထပ်ကြတယ်။ ပြီးတော့ အမျိုးသမီးတွေဟာ သိပ်လှပလွန်းလို့သူတို့ပျော့ရှင်လွန်းလုနီးပါးဖြစ်ခဲ့တယ်။ ပြီးတော့ အဲဒါ ဒါကြောင့်လဲစာတန်ဘဲတွေ့လား။ စာတန်ကတော့ ယခုထက်ထိ လှပ တုန်းဘဲ။

သတိပြု သတိပြုပါ။ ထိုအပြစ်ဟာ သူတို့ကိုဘယ်တော့မှ ခွင့်မလွှတ်ဘူး။ ဒါဟာ လုပတယ်။ သိပ္ပံနည်းကျ ခေတ်ကာလဟာအလွန်ဆိုးဝါးတဲ့ခေတ်ကာလဖြစ်ပြီး ဘုရားသခင်ဟာ ကမ္ဘာမြေ မျက်နှာပြင်ကနေဖျက်ဆီးပစ်ခဲ့တယ်။ ထိုလုပတဲ့ သိပ္ပံနည်းကျခေတ်ကာလကိုဘဲ ယေရှုမိန့်တော်မူခဲ့တာကလူသားတော်နောက်တဖန်မလာခင်မှာ ဒီလိုအဖြစ်မျိုး နောက်တဖန်ဖြစ်ပေါ် ပါမည်။ ဒါအမှန်ပါဘဲ။

သတိပြုပါ။ ယေရှုမိန့်မှာခဲ့တာကနောဧအချိန်ကလို လူသားတော်လာတဲ့အခါမှာလဲ အဲဒီလိုဖြစ်ပါလိမ့်မည်။ သူတို့ကြိုးစားပြီး လက်ထပ်ကြတဲ့အခါမှာ … ယူကြည့်ပါ။ဘုရားသခင်ရဲ့သားတွေဟာ လူသမီးတွေကို လက်ထပ်ကြတယ်။ ပြီးတော့ ဘုရားသခင်ဟာအဲဒီလုပ်ရပ်အတွက် သူတို့ကို ခွင့်မလွှတ်ဘူး။

63 ၆၃။ ပရောဖက်ဗာလံ သွန်သင်ခဲ့သလိုဘဲ။ … သူဟာ လုပခြင်းကို ဖြစ်ပေါ်စေတယ်။ညဏ်ရည်မြင့်မားသူ၊ သိပ္ပံနည်းကျ တဲ့ မောဘပြည်ကအမျိုးသမီးတွေ သူတို့ရဲ့ ရွှံ့ရှာဖွယ်မျက်လုံးတွေ သူမရဲ့ခြယ်သထားတာတွေ ပြီးတော့ ပေါင်ဒါမှုန့်တွေ၊ ပြီးတော့ သူမရဲ့ မွှေးကြိုင်တဲ့ အမွှေးနံ့သာတွေနဲ့ဘုရားသခင်၏ သားတွေကို ဆွဲဆောင်ပြီးသူတို့ရဲ့ အလုပ်လုပ်ပြီး ဖိတ်တယ်။မလိမ်းချယ်ထားတဲ့ ထုံအအ အမျိုးသမီးတွေကို ဆန့်ကျင်စေခဲ့တယ်။ သူတို့ကိုသွေးဆောင်ပြီးတစ်ယောက်ကို တစ်ယောက်လက်ထပ်ကြရအောင်။ ဘာကြောင့်လဲဆိုရင် ငါတို့ဟာ လူမျိုး အတူတူဘဲဒါဟာ လိမ်လည်ခြင်းဘဲ။ ဒါဟာ အလိမ်ညာဖြစ်ပြီး မိတ်ဆွေတွေဟာ သူတို့ရဲ့ လူသမီးတွေကိုဘုရားသခင်နဲ့ လက်ထပ်လို့ရရှိတဲ့ အောင်မြင်ခြင်းဘဲ။ ဒါဟာ ပရောဖက် ဗာလံအတွက်စာတန်ရဲ့ အလိမ်ညာဘဲ ထိုမိဆ္ဆာပရောဖက် ကြိုးစားပြီး မောရှေကို ဆန့်ကျင်ပြီးပရောဖက်ပြုခဲ့ တာ ဒီမျိုးနွယ်စု နှစ်စုတို့ကို အတူတကွချုပ်ကိုင်ချုပ်ကိုင်ဘို့နှင့် ပြောဘို့က ကျွန်တော်တို့ ဘုရားတပါးကိုပြုလုပ်ကြတယ်။ ကျွန်တော်တို့တူညီတဲ့ ယဇ်ကို ပူဇော်ကြတယ်။ တူညီတဲ့အရာရာတိုင်းကိုပြုလုပ်ကြတယ်။ ဘယ်လောက်အထိနီးစပ်သလဲဆို ရင် ဖြစ်နိုင်ရာရွေးချယ်ပြီးသားလူတွေကိုတောင် လှည့်ဖျားကြမယ်။ တွေ့လား။ သူမရဲ့ လူတွေကနေ ဝေးဝေးထွက်ခွာခဲ့ပါ။သူမနှင့် လုပ်စရာဘာမှမရှိဘူး။

64 ၆၄။ သတိပြုပါ။ဒါဟာ ဘုရားသခင်သူ၏ နှုတ်ကပတ်တော်ကို ဏ္ဍကရေလ ဆိုးယုတ်ခဲ့သောအချိန်ကာလမှာဖွင့်ပြခဲ့တာ နှင့် မတူပါဘူး။ ဘုရားသခင်ဟာ သူ၏ နတ်ကပတ်တော်ကို သူတို့အားအနက်မဖွင့်ပြခဲ့ပါဘူး။ သတိပြုပါ။ … ( တိတ်ခွေအသံပျက်နေတယ်။ ) … ဘုရားသခင်ဟာ အသိပညာတွေနဲ့ ကမ္ဘာကြီးကိုအလွန်လုပပြီး သိပ္ပံနည်းကျပြီး အပြစ် လုပ်တာတွေကို သူပျက်စီးမှာပါ။ ကမ္ဘာကြီးကိုအလွန်လုပအောင် ဘုရားသခင်လုပ်မှာပါ။ ဒီမှာကြည့်ပါ။ ဘုရားသခင်ဟာ သူ ရဲ့သမီးတွေကိုအလွန်လုပပြီး သိက္ခာဆွဲနိုင်မှုရှိတဲ့ အဝတ်အစားတွေ ဝတ်စေပြီး သူ၏သားတွေ ပြင်းပြတဲ့ဆန္ဒနဲ့ သူများ သား မယားကို ပစ်မှားစေမှာပါ။ ဒါလည်း ဘုရားသခင်ဒီအရာမျိုးကိုလုပ်သလဲ။ ဒီ အဝတ်ဗလာ၊ အစင်းရာတွေနဲ့ လောတိကိ အသင်းတော်က လူတွေဟာကမ္ဘာပေါ်ကဘုရားကို သူတို့ရဲ့ စာရိတ္တတွေ ပြီး ပညာရေးတွေပြီးတော့လိမ်မာပါးနပ်မှုတွေပြီး တော့ လုပမှုတွေနဲ့ကိုးကွယ်ကြတယ်။ သူမဆီကနေထွက်လာကြပါလို့ ကျမ်းစာတော်မြတ်က မိန့်မှာတော်မူခဲ့တယ်။ သူမ ရဲ့ အပြစ်ထဲတွင်မပါဝင်ဘို့နှင့် သူမရဲ့ရောဂါကပ်ဆိုးတွေကို မရရှိဖို့ဖြစ်တယ်။ တနေ့ကျရင်ဘုရားသခင်ဟာ ကောင်းကင် ကနေ ပေါင် ၁၀၀ လောက်ကြီးတဲ့ မိုးသီးတွေကို ကောင်းကင်ကနေရွာချစေပြီး သူမကို သူပြုလုပ်မယ်လို့ သူ၏ နှုတ်က ပတ် တော်က အမြဲတမ်းမိန့်ဆိုသကဲ့သို့ သူမကို ပစ်ပေါက်ပြီး ဖျက်စီးမှာပါ။ သူရဲ့ ဥပဒေနဲ့ဘဲ။ ကောင်းပြီ။ ဘုရားသခင်ဒီလိုအရာ မျိုးကို လုပ်ခဲ့ရင် သူ၏ နှုတ်ကပတ်တော်ကို ဒီလိုလူမျိုးတွေကိုဖွင့်ပြခဲ့ရင် သူ၏ ရည်ရွယ်ချက်ကို သူကိုယ်တိုင် ပြန်အနိုင်ယူ သလိုဘဲပေါ့။ဘုရားသခင်သည် မမိုက်ပါဘူး။ သူဟာ ပညာညဏ်၏ အချုပ်အခြာဖြစ်ပါသည်။ ဒါကြောင့်ဒီလိုအစာသွပ်တာ မျိုး ဘယ်ကနေ လာတာပါလဲ။ ပြီးတော့ စာတန်ကနေ လာနေတုန်းဘဲ။ အဲဒါကိုအသင်းတော်က ယုံကြည်ခဲ့တယ်။

65 ၆၅။ ယခုသင်တို့တွေ့လား။အမျိုးသမီးတွေ၊ ကျွန်တော်အကောင်းဆုံး ကြိုးစားပြီးဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကိုပြတာဘဲ။ ကျမ်းစာတော်မြတ်ကပြောတယ်။ အကယ်၍ အမျိုးသမီးတွေက သူမရဲ့ဆံပင်ကိုဖြတ်ရင်သူ့ရဲ့ဦးခေါင်းကိုသူမ မလေးစားတာပါဘဲ။ အဲဒါသူရဲ့ယောကျ်ားဖြစ်တယ်။ ပြီးတော့သူမယောကျ်ားဟာဘုရားသခင်ရဲ့ဦးခေါင်းနဲ့အတူ ဖြစ်တယ်။ ဒါကြောင့် သူမဟာ ဘုရားသခင်နဲ့ သူမရဲ့ယောကျ်ားကို မလေးစားတာဘဲ။

အခုဒါဟာဘာကိုဖော်ပြသလဲဆိုရင် ကမ္ဘာအသင်းတော်ဖွဲ့စည်းပုံရဲ့ ခေါင်းဆောင်ဟာ ဘယ်သူလဲ။ ဒါဟာဘယ်သူကို ဦးဆောင်တာလဲဆိုတာကို ပြတာဘဲ။ စာတန်အသိပညာနဲ့ ကြွယ်ဝတဲ့စူပါမင်းသဏ္ဍာန်နဲ့ပေါ့။ စူပါအသိပညာ တွေနဲ့ဘဲ သူတို့အားလုံးတွေထက် သူကပိုသိတယ်။နှုတ်ကပတ်တော်က ဘယ်လိုဘဲ မိန့်ဆိုပါစေသူကတော့ သူရဲ့ ကိုယ်ပိုင် အနက်ဘဲဖွင့်ဆိုတယ်။ တွေ့လား။ ဒီဆိုးယုတ်တဲ့ကာလအတွက် အနက်ဖွင့်တာဘဲ။

66 ၆၆။ သူရဲ့စူပါဂိုဏ်းဂဏအသင်းတော်ကိုတည်ထောင်ဘို့သတိပြုပါ။ ကမ္ဘာအသင်းတော်များရဲ့ ကောင်စီပါဘဲ။ တွေ့လားစူပါဂိုဏ်းဂဏအသင်းတော်ကြီးတခု ဒါကြောင့် တကမ္ဘာလုံးက သူကို ကိုးကွယ်ဖို့ဘဲ သားရဲဖွဲ့စည်းထားတဲ့ ခရစ်ယာန်တွေရဲ့ အမည်အောက်မှာပါ။ အဲဒီအကြောင်းနဲ့ ပတ်သက်လို့ကျမ်းစာတော်မြတ်ထဲမှာ ဖတ်ချင်လား။ ဗျာဒိတ် ၁၃း၆ နဲ့ ၈ ထဲမှာပါ။ ဒါဟာ ခေတ်ပေါ်ဗာဗုလုံ မျော်စင်ကြီးပါ။

သင်တို့သတိရသေးလား။ နင်းရုဒ်လို့ခေါ်တဲ့ကြောင်သူတော်ကြွက်သူခိုးဟာ ဒီမျော်စင်ကို တည်ဆောက်ခဲ့တာ။ အခြားသောနိုင်ငံငယ်လေးတွေကိုလည်း အခွန်ဘဏ္ဍာထည့်ဝင်စေတယ်။ ဗာဗုလုံနှင့် ဗာလုံက အတူတူပါဘဲ။အဲဒါထွက်ပေါ်လာပြီးမှာ အမည်တွေပြောင်းကြတာပါ။ ရောမဟာ ယခုတော့ ဗာဗုလုန်ဖြစ်ပါတယ်။ပြီးတော့ တမ္ဘာလုံးကို ဗာဗုလုန်ကို ပို့ဆောင်ပါတယ်။ ကမ္ဘာအသင်းတော်ကောင်စီအားဖြင့်ပို့ဆောင်ပါတယ်။ လူတိုင်းဟာ သူကို အရိုအသေပေးဖို့ ပြုလုပ်ကြတယ်။ ပြီးတော့ သင်သားရဲရဲ့အမှတ်အသားကို ရယူခဲ့တဲ့လုပ်ရပ်ကို သင်မသိခဲ့ပါဘူး။ ( မသန့်ရှင်းတဲ့နှုတ်ကပတ်တော်တွေ ) ဒါပေမဲ့ ရွေးချယ်ခံ ထားတဲ့ လူတွေဟာ နှုတ်ကပတ်တော်ရဲ့အသံကိုကြားရပြီး အဲဒီကနေထွက်ခွာလာခဲ့ပါတယ်။

67 ၆၇။ ဂိုဏ်းဂဏတွေနဲ့ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဟာ ဘယ်လိုဆန့်ကျင်နေတာလဲ။ သူမတခုမှ မရှိပါဘူး။ တခုမှနဲ့ ဘယ်တော့မှ မပတ်သက်ပါဘူး။ ပရောဖက်တစ်ယောက်ဟာ အသင်းတော်ကနေထွက်လာတယ်ဆိုတဲ့သမိုင်းအထောက်အ ထားကျွန်တော်ကို ပြပါ။ အသင်းတော်ဖွဲ့စည်းပြီးနောက်ဘုရားသခင်ကောင်းကြီးပေးတယ်ဆိုတာကို ကျွန်တော်ကိုပြပါ။ သူမစင်ပေါ်ကိုသွားပြီးစာတန်ဆီကလာတဲ့ အလွန်မြင့်မားတဲ့အသိပညာရှိတဲ့ သူတို့ရဲ့ခေါင်းဆောင်မှုများနှင့်အတူသေပြီး ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဟာ ခရစ်တော်ရဲ့ ပြီးပြည့်စုံတဲ့ သဏ္ဍာန်တော်နှင့်ကြီးထွားလာတာကိုတော့ ငြင်းပယ်ကြ တယ်။ အခု ၎င်းဟာ ဦးခေါင်းမှာပါ။ဘယ်လောက်ဆန့်ကျင်နေလဲ။ ... ညနေခင်းအလင်းရှိတဲ့ သင်တို့ခလေးတွေမယုံကြည် တဲ့ ဇဝနဲ့ ခွဲထွက်လိုက်ပါ။

ဒီခေတ်ကာလရဲ့ဘုရားဖြစ်တဲ့စာတန်သူရဲ့အသိပညာအားဖြင့် လူတွေကို သူရဲ့ရောနှောနေတဲ့အကောင်းအဆိုးသစ်ပင်ကို စားစေတယ်။ ... သတိပြုပါ။ စာတန်ဟာ သူရဲ့အသိပညာနဲ့ ဒီဆိုးယုတ်တဲ့ကာလမှာ ရှိတဲ့ လူတွေကိုအကောင်းနဲ့အဆိုးသစ် ပင်ရဲ့အသိပညာအားဖြင့် ကြီးမားတဲ့ခရစ်ယာန်လူမှုအဖွဲ့အစည်းပေါ့။ ဒါပေမဲ့ခရစ်တော်ရဲ့ အပျိုကညာလေး နှုတ်ကပတ် တော် သိုးစုသတိုးသမီးကတော့ သူရဲ့အသိပညာတွေကို ဂရုမစိုက်ပါဘူး။ သူနဲ့ကင်းအောင်လွတ်လွတ်လပ်လပ်ဘဲနေတယ်။

ယခုသူမနဲ့ ပတ်သက်လို့ခဏလောက်ပြောကြရအောင်။ သူမက သူမရဲ့ကိုယ်တော်ရှင်ကို စောင့်မျှော်နေတာဟာ သူမနဲ့သူ့ရဲ့ အနှစ် ၁၀၀၀ ပျားရည်စမ်းခရီးအတွက် ဖြစ်တယ်။ ဒါအမှန်ဘဲ။နှုတ်ကပတ်တော်သတိုးသားနဲ့ အတူ သူဟာ နှုတ်က ပတ်တော်သတိုးသမီးဖြစ်လို့ဘဲ။

68 ၆၈။ အသိပညာနဲ့တိုးတက်နေသော လူမှုအဖွဲ့အစည်း၊ စစ်မှန်သောခရစ်ယာန်အသိုင်းအဝိုင်းနဲ့ တခုမှသဘာဝခြင်းမတူ ဘူး။ တိုးတက်တဲ့ လူမှုအဖွဲ့အစည်းဆိုတာအသိပညာအားဖြင့်ဖြစ်တယ်။ အဲဒါကိုကျွန်တော်တို့အားလုံးသိပါတယ်။ ပြီးတော့ အသိပညာဆိုတာ ဧဒင်ဥယျာဉ်မှလာတယ်။ .... သူရဲ့ဧဒင်ဥယျာဉ်မှာ တရားဟောခြင်းနဲ့ သက်သေပြနိုင်တယ်။ပြီးတော့ အသိပညာဟာ သေခြင်းကို ဖြစ်ပေါ်စေတယ်။ အဲဒါမှန်သလား။ဧဒင်ဥယျာဉ်ထဲမှာဘယ်အရာကသေခြင်းကို ဖြစ်ပေါ်စေတာ လဲ။ အသိပညာဘဲ။ ကောင်းပြီ။ ဘုရားသခင်ကမဟုတ်ဘူး။ဒါကြောင့်ဒါဟာ စာတန်ကဘဲဖြစ်တယ်။ ဝူး ... ဒါဟာ ကောင်းတဲ့ အရာတခုလား။ အသိပညာ၊သိပ္ပံ ပညာရေးဟာ ဘုရားမှာရှိတဲ့ အကြီးမားဆုံး နှေးကွေးတဲ့အရာဘဲ။ ဒါဟာ စာတန်ကဖြစ်တယ်။ ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ကျွန်တော်ထံ တချို့စာတွေရောက်ရှိတာကိုကျွန်တော်သိပါတယ်။ အဲဒါတွေကို ဘဲ ကျွန်တော်စောင့်မျှော်နေပါတယ်။

ယဉ်ကျေးမှုတွေ ကျွန်တော်တို့ဘယ်ကိုရောက်ရှိနေတာလဲ။ ကြည့်ပါ။ တွေ့လား။ အဲဒီအရာတွေ ဘာတွေလုပ်နေတာလဲ ကြည့်ပါ။ ကျွန်တော်တို့ယခုဘယ်ကို ရောက်ရှိနေပြီလဲ။ ကျွန်တော်တို့ ထိုအရာတွေကိုသိပ္ပံအားဖြင့် ကျွန်တော်တို့ရဲ့ ကိုယ် ပိုင် နားလည်မှုတွေနဲ့ လေ့လာနေတယ်။သင်ပြောမှာဘဲ။ ဘုရားသခင်ကတော့ဘယ်လိုလဲ။ သင့်အထင်ကတော့ သူဟာ အသိမကြွယ်ဘူးလား။ အိုးမဟုတ်ဘူး။ ဘုရားသခင်က ဒီကမ္ဘာပေါ်မှာ သူနဲ့မျိုးတူတဲ့ လူမှုအဖွဲ့အစည်းကိုဒီကမ္ဘာကြီးကို ပိုင် ဆိုင်တဲ့အခါမှာ ထူထောင်မှာပါ။ ဒီလိုလူမှုအဖွဲ့အစည်းမျိုးမဟုတ်ဘူး။ သင်တို့အဲဒါကို သတိရကြမှာဘဲ။ ကျွန်တော်တို့ယနေ့ ရရှိနေတဲ့ လူမှု အဖွဲ့အစည်းမျိုးမဟုတ်ဘူး။ မဟုတ်ဘူး၊ မဟုတ်ဘူး၊ အဲဒါဟာ သူရဲ့နှုတ်ကပတ်တော်နဲ့ ရည်ရွယ်ချက် အရံ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင်ဒီလက်ရှိဆိုးယုတ်တဲ့အချိန်ကာလရဲ့ ဘုရားဟာ သူရဲ့ နိုင်ငံနဲ့အတူ ဖျက်စီးခံရလိမ့်မည်။

69 ၆၉။ ဒီခေတ်ပေါ်အသိပညာဖြစ်ခြင်းအချိန်ကာလဟာ စာတန်လောက်ကောင်းမွန်တဲ့ ခေါင်းဆောင်ကိုမရရှိသေးပါဘူး။ စာတန်ဟာ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ဆန့်ကျင်ခဲ့တာ။ဧဒင်ဥယျာဉ်မှာအစပြုခဲ့သလိုပါဘဲ။ ဒါပေမဲ့ဘာသာရေး ကိုင်းရှိုင်းတဲ့လူတွေဟာသူရဲ့နားလည်သဘောပေါက်မှု အသိပညာမှာဘဲမှီခိုကိုးစားနေတာဟာ ... ကျွန်တော်အရင်ကပြောခဲ့ သလိုဘဲ ( သုတ္တံ ၃း၅)ကျွန်တော်တို့ရဲ့နားလည်သဘောပေါက်မှု အသိပညာမှာဘဲ မမှီခိုဘို့ရန် ဖြစ်တယ်။သူတို့မှာ ဘုရား တပါးရှိမယ်။ဘာကြောင့်လဲဆိုရင် သူတို့ဟာ လူသားဖြစ်လို့ဘဲ။အခုထက်တိုင်သူတို့ကို ဖန်ဆင်းတာဟာ သူတို့လုပ်ချင်တာ လုပ်ဖို့ ခွင့်ပြုထားပါတယ်။ လူသားတွေဖြစ်တဲ့အတတ်အမြဲတမ်းလူသားတွေ ... ဒီကို လာတဲ့အခါမှာ အင်ဒီယန်းတွေ ရုပ်တုပြီးတော့ အရာရာတိုင်းကို ကိုးကွယ်ကြတယ်။ လူသားတွေအနေနဲ့ သူတို့အတွက် ဘုရားတပါးတော့ရှိရမယ်။ ဒါကြောင့် ဒီလို ကြီးမားတဲ့ ညဏ်ရည်မြင့်မားတဲ့အချိန်ကာလမှာသူတို့အတွက်ဘုရားတပါးတော့ ရှိသင့်တယ်။ ဒါကြောင့်ဖြစ်ပေါ်တာ။ ဒီကမ္ဘာရဲ့ဘုရားဟာအသိပညာ၊ ဂိုဏ်းဂဏ သိပ္ပံ တကယ်ဘုရားတရားကိုင်းရှိုင်းတဲ့လူပုံစံ သို့သော်လည်းဘုရားသခင်ရဲ့ တန်ခိုးတော်ကို ငြင်းပယ်ခဲ့တဲ့လူတွေဖြစ်ပါတယ်။

70 ၇၀။ သူတို့ရဲ့ဘုရားဟာ သူတို့လုပ်ချင်တာကို လုပ်ခိုင်းတာကို သတိပြုမိလိမ့်မည်။ သူတို့ဟာ အသွေးသားတပ်မက်မှု စိတ်ပြင်းပြနေတယ်။

ပြီးတော့သူတို့ကို သူပေးခဲ့တဲ့အရာဘဲ။သူတို့ဘီကီနီဝတ်ဆင်ချင်တာကို ဝတ်ခွင့်ပြုတယ်။ တကယ်လို့သူတို့ဟိုဟာဒါမဟုတ်ဟိုဟာလုပ်ချင်ရင် သူတို့ကို လုပ်ခွင့်ပြုတယ်။ ဒီအထဲမှာ ဘာမှထိခိုက်စရာမရှိဘူး။ သူတို့ဘုရားကျောင်းကိုလည်း သွားကြတယ်။ သူတို့ရဲ့အမေဟာ မက်သဒစ်၊နှစ်ခြင်း၊ ပေတေကုတ္တေ၊ ပရက်ပေတေးရီးယမ်းတွေ ဖြစ်ကြတယ်။ သူတို့သီး ခြားဘဲနေပါစေ။ဒါဟာဒီခေတ်ကာလရဲ့ဘုရားဖြစ်တယ်။ သပ်ရပ်စနစ်ကျတယ်။ ပညာရှိတယ်။ သိပ္ပံနည်းကျတယ်။ယုံကြည် ခြင်းမလိုအပ်ပါဘူး။ ဘာကိုမှ သက်သေပြစရာမလိုပါဘူး။ သူတို့ရဲ့အသိပညာအားဖြင့်သက်သေပြခဲ့ပြီးပြီ။ ဘာကြောင့်လဲဆို ရင် ဒီမြို့ထဲမှာ ကျွန်တော်တို့ရဲ့ အသင်းတော်ဟာအကြီးဆုံးဘဲ သူတို့ရဲ့အသိပညာ။ .... ကျွန်တော်တို့ရဲ့သင်းအုပ်ဆရာဟာ ဒီဒီ၊ ပီအိတ်ဒီ ဘွဲ့ရရှိထားတယ်။ တွေ့လား။ယုံကြည်ခြင်းမလိုအပ်ပါဘူး။ အသိပညာကိုဘဲ ကိုးစားတယ်။ သူကို သူတို့ရဲ့ ဂိုဏ်းဂဏတွေအယူဝါဒတွေနဲ့ လာရောက်ကိုးကွယ်ရင် သူတို့ဘယ်လိုဘဲ အသက်ရှင်တာကို ခွင့်ပြုတယ်။ မျက်စိမွဲကြီးရှိနေတယ်။ ဒါပေမဲ့အဲဒါကို ကြည့်ပါ။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ရီနေတယ်။နှုတ်ကပတ်တော်ကို ဆန့်ကျင်တဲ့အရာတွေ ပြောပြီး သူတို့ရဲ့ အသိပညာတွေနှုတ်ကပတ်တော်မမှန်ကန်ဘူးဆိုတာကို သိပ္ပံနည်းကျသက်သေပြတယ်။ အိုး ဘယ်လိုအချိန်ကာလမျိုးမှာ ကျွန်တော်တို့အသက်ရှင်နေထိုင်ရတာလဲ။ တွေ့လား။ ဒီခေတ်ကာလရဲ့ဘုရားလည်းမဟုတ်ပါ။

71 ၇၁။ ဒါပေမဲ့ဘုရားသခင်ဟာဒီခေတ်သစ် အာမလက်လူမျိုးတွေရဲ့ အာခမ္မပြုကျင့်မှုတွေ ပြည်စုံဘို့အထိစောင့်ဆိုင်းနေတာကို သတိပြုပါ။ မပူပါနှင့်။ အဲဒီအချိန်ကျရင် သူရဲ့ ပရောဖက်မောရှေကို အဆင်သင့်ထားရှိမှာပါ။ တနေ့ကျရင် ဂတိတော် နိုင်ငံကို ထွက်ခွာဖို့ရှိလာမှာပါ။ မောရှေုလိုပရောဖက်မျိုးပေါ်လာပြီး ခေါ်ထုတ်ပြီးအဖရဲ့ယုံကြည်ခြင်းမျိုးကလေးတွေဆီကို ပြု ပြင်ပို့ဆောင်ပေးမှာပါ။ အဲဒါတနေ့ကျရင်လာမှာပါ။ သင်ပြောမှာဘဲ။ ကောင်းပြီ။ ကျွန်တော်တို့ ဘယ်လောက် တိုးတက်နေ တာကိုကြည့်ပါ။ အမှန်ဘဲအာမလက်တွေရဲ့ အခမ္မပြုကျင့်မှုတွေဟာ ယခုထက်မပြည်ဝသေးပါဘူး။ တနေ့ကျရင်လာပါလိမ့်မည်။ သူတို့ကိုယ်ကို သူတို့ဖျက်စီးဖို့ ခွင့်ပြုလိုက်ပါ။

လူမှုအဖွဲ့အစည်းအသိပညာတွေ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ဆန့်ကျင်နေတာတွေဟာ သူတို့ရဲ့ကိုယ်ပိုင်အရသာကို လိုက်ဖက်ဘို့ဘဲဖြစ်တယ်။ ဂိုဏ်းဂဏတိုင်းဟာ ဒီလိုဘဲပြုလုပ်ကြတယ်။ စာတန်ကတော့ သူရဲ့ကိုယ် ပိုင်အသင်းတော်မှာ သူရဲ့ကိုယ်ပိုင်ပညာရှိတဲ်တရားကိုဘဲ ဟောတယ်။

72 ၇၂။ ခမ္မသစ်ထဲမှာလူနှစ်မျိုးနှစ်စားဘဲ ရှိတယ်လို့ ပြောဆိုထားတယ်။ ဘုရားသခင်ရဲ့သားသမီးတွေနဲ့စာတန်ရဲ့ သားသမီးတွေဘဲဖြစ်ပါတယ်။ ဒါကိုသင်တို့သိသလား။ ဒီအကြောင်းနဲ့ ပတ်သက်လို့နှုတ်ကပတ်တော်ကို ရေးမှတ်ချင်လား။ ၁ယော ၃း၁၀ သင်၏ နှုတ်ကပတ်တော်ကိုလိုချင်ရင်ပေါ့။ ကျွန်တော်အဲဒီမှာဘဲ ဖတ်ပါတယ်။ ရေးမှတ်ကြပါ။ ကောင်းပြီ၊ကောင်းပြီ။ဧ

ဧဖက် ၂း၂ထဲမှာ သူတို့ကိုနာခံမှုမရှိတဲ့ခလေးတွေလိုခေါ်ပြီး ဧဝလိုဘဲ ဘုရားသခင်ရဲ့စကားကိုနားမထောင်ပါဘူး။စကားနား ထောင်တဲ့ကလေးတွေနဲ့ နားမထောင်တဲ့ လူတွေဟာ သဘာဝခြင်းမတူပါဘူး။ခရစ်တော်ရဲ့သတိုးသမီးနဲ့ ဂိုဏ်းဂဏတွေ နားမထောင်တဲ့လူတွေနဲ့ နားထောင်တဲ့လူတွေဟာဘယ်လိုပေါင်းစည်းကြ‌ျမှာလဲ။ တစ်ယောက်က နှုတ်ကပတ်တော်ဖြစ်ပြီး တစ်ယောက်ကနှုတ်ကပတ်တော်ကို ဆန့်ကျင်တဲ့သူတွေ ဘယ်လိုဖြစ်နိုင်မလဲ။ ပြည်တန်ဆာနဲ့ သန့်ရှင်းတဲ့အမျိုးသမီးတွေ ဘယ်လိုသဘောတူပြီး အတူတူ လျှောက်နိုင်ကြမှာလဲ။ သူတို့အဲဒါကိုမပြုလုပ်နိုင်ပါဘူး။ သူတို့မိတ်သဟာယဖွဲ့ခြင်းလည်း မရှိပါဘူး။သူတို့ဆီကနေထွက်လာကြပါ။ ဒါဟာစာတန်ကဖြစ်တယ်။ ဒါဟာသားရဲရဲ့ အမှတ်အသားဘဲဖြစ်တယ်။အဲဒီကို တုယူပြီးသွားနေကြတယ်။ ဂိုဏ်းဂဏအတိုင်းဘဲပေါ့။ ဘယ်သူဘဲဖြစ်ဖြစ်ကျွန်တော်ဂရုမစိုက်ပါဘူး။ ဘုရားသခင်လက်ခံတာ ဂိုဏ်းဂဏတွေ မဟုတ်ပါဘူး။ သူ၏ နာမဥ္စလူတွေကိုပါဘဲ။ ဂိုဏ်းဂဏတခုဟာ သမ္မာတရားကို လက်မခံပါဘူး။ ဘုရားသခင် ကိုမြင်နိုင်တဲ့တစ်ဦးချင်းစီကိုဘဲ လက်ခံတာပါ။ ပြီးတော့ သူရဲ့ နှုတ်ကပတ်တော်ကို ကြည့်ပြီးယုံကြည်တယ်။ ပြီးတော့ ဘယ် အဖွဲ့အစည်းနဲ့မှမဆိုင်တဲ့လူ ဒါပေမဲ့ ဘုရားသခင်အတွက်အသက်ရှင်တဲ့လူ တချို့ဘီးရှော့ ဒါမှမဟုတ် လူတချို့ရဲ့အသိ မြင့်မားတဲ့ပညာလူတွေရဲ့အဖွဲ့အစည်းထဲမှာ မပါဝင်တဲ့လူတွေဘဲဖြစ်တယ်။

73 ၇၃။ နားမထောင်တဲ့ခလေးတွေနဲ့ နာခံမှုရှိတဲ့ခလေးတွေဟာ သဘာဝခြင်းမတူညီပါဘူး။ တယောက်ကတော့ နေရဲ့အလင်းနဲ့ တခြားတစ်ယောက်ကတော့ ညရဲ့မှောင်မိုက်ခြင်းဖြစ်ပါတယ်။ ဆိုးယုတ်တဲ့ကာလဆိုးယုတ်တဲ့ကာလမှောင်မိုက်ခြင်း၊ ညကလပ်တွေ၊ ကပွဲတွေ တက်ပြီး ယခုထက်ထိအသင်းတော်ကပိုင်ဆိုင်နေတုန်းဘဲ။ သူတို့ရဲ့ ဘုရားနဲ့တော့ အိုကေတုန်း ဘဲ။ ဒါတွေနဲ့ပတ်သက်ပြီးသူတို့မှာ တရားစီရင်ခြင်းတော့မရှိပါဘူး။ သူတို့ကို ဘယ်အရာကမှနှောင့်ယှက်လို့မရပါဘူး။ ဘာကြောင့်လဲဆိုရင် ကျမတို့ ဆံပင်ညှပ်တာကိုအပြစ်မစီပါဘူးလို့ အမျိုးသမီးကပြောတယ်။ ကျွန်မရဲ့သြတပစိတ်ကို မထိ ခိုက်ပါဘူး။မြွေတကောင်ခါးရှိသလိုမျိုးထက် သူမရဲ့ သြတပစိတ်ကမပိုပါဘူး။ အမှန်တကယ်ကိုမဟုတ်ပါဘူး။ သူမသြတပ စိတ်ဆိုတာဘာလဲဆိုတာကို မသိပါဘူး။ သူမအသဲအသန်ရှာဖွေသောလည်းအခုထက်ထိ ဘာလဲဆိုတာမသိပါဘူး။ ဒါအမှန်ပါ။

ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ပေါ်ကိုပတ်လျှောက်ပြီး ပြောတယ်။ ဘာကြောင့်လဲဆိုရင် ဒါဟာ ထုံထိုင်ခေတ်မမှီတဲ့ အဘိုးကြီးလိုဘဲ အဲဒီအပေါ်ကို မသွားနဲ့။ ဒါဟာဆူညံနေတဲ့ လူတစ်စုလိုဘဲဖြစ်ပြီးဘယ်လိုဘဲဖြစ်ဖြစ် ဆက်လုပ်နေတယ်။ သူတို့ ဘုရားသခင်အကြောင်းကို မသိတာဟာနီးကတုံးတစ်ယောက် အီဂျစ်သူရဲကောင်းတစ်ယောက်ကို သိတာထက် မပိုဘူး။ ဒါ အမှန်ဘဲ။ဒါအမှန်တရားဘဲ။ ဘုရားတရားပုံစံရှိသလိုလိုနဲ့ ဘုရားသခင်ရဲ့ တန်ခိုးကို ငြင်းပယ်တယ်။အဲဒီလိုမျိုးကနေ အဝေး ကို ရှောင်သွားပါ။ ဘာဖြစ်သလဲဆိုရင် ဒါဟာ အိမ်တအိမ်ကနေတအိမ်သွားပြီးမခန့်လေးစား ကောက်ကျစ်တဲ့အမျိုးသမီးတွေ ကို ဦးဆောင်တဲ့အမျိုးအစားဖြစ်ပြီး အိုး .. အချစ်ဒါကို လုပ်သင့်တယ်။ အိုးအချစ်အောက်ဖက်မှာရှိတဲ့အိုမင်းမစွမ်းတဲ့ တရား ဟောဆရာလို့ထင်တယ်။ အကယ်၍ သင်ယခု ... အို း ဒီ ဘီကနီလေးနဲ့ ကြည့်ရတာဆွဲဆောင်မှုရှိတယ်။ဒါမှမဟုတ်ဘယ် လိုဘဲ ခေါ်ခေါ်ပေါ့။ သင်ဒီအရာတွေအားလုံး ထိုအရာ ဒါမှမဟုတ်တခြားအရာတွေကို ပြုလုပ်ခဲ့ရင် ... ဒီ စီးကရက်လေးက ဘယ်သူကိုမှမထိခိုက်စေပါဘူး။ ငါဒီအသင်းတော်နဲ့ဆိုင်တယ်။ ပြီးတော့သင်သိပါတယ်။ ကျွန်တော်တို့ရဲ့ဂိုဏ်းဂဏဟာ လူ တိုင်းကို မျှော်ကြည့်ပါတယ်။ ထိုဟောင်းနွမ်းချယ်သထားတဲ့ အလိမ်အညာကိုသင်ယုံသလား။ သူမဟာ သင့်ကို လိမ်ညာနေ တယ်။ ဒါအမှန်ဘဲ။ ဟုတ်ကဲ့ ဆရာကြီး။

74 ၇၄။ သူတို့ရဲ့ဘုရားနဲ့ကတော့ ဒါဟာ အိုကေပါဘဲ။ အိုးဒါအံ့သြဖွယ်ရာလို့ဘဲ သူထင်တယ်။ ပြီးတော့သူတို့ဒီအတွက် နဲ့ သူကိုချစ်ကြတယ်။ အကျွနု်ပ် သူတို့ဟာ သင်နဲ့အငြင်းပွားမှုဖြစ်လိမ့်မည်။ သူတို့ဒီဟာနဲ့ ပတ်သက်လို့ သူတို့မတ်တပ်ထပြီး စောဒကတက်နေလိမ့်မည်။ကောင်းပြီ။ တကယ်ဘဲ စာတန်ဟာ ယေရှုခရစ်တော်နှုတ်ကပတ်တော်ရဲ့မျက်မှောက်မှာ ရပ်ပြီးကြိုးစားပြီး ပြောတာက ဒီမှာရေးသားထားတယ်။ ပြီးတော့ သူဟာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ဖော်ပြနေသူဖြစ် တယ်။သူမိန့်တော်မူတယ်။ ငါနောက်ကို ဆုတ်စာတန်။ အခုလျှောက်သွားပြီး အဲဒီအရာကိုဘဲ ပြုလုပ်နေတယ်။

လူငယ်လေးတစ်ယောက်ဟာ တခါက ကျွန်တော်ကိုပြောခဲ့သလို ပြောတာက ယခု သန့်ရှင်းသောဝိညာဉ်တော်ရဲ့ နှစ်ခြင်း ဟာ အမှန်ဘဲလို့သင်ယုံကြည်ခဲ့ရင် ပြီးတော့ သင်ဒီသန့်ရှင်းသောဝိညာဉ်တော်ကို ရရှိပြီးဆိုရင် ပြောတယ်ငါမျက်လုံးကို ကန်းစေပါသလား။ဒါဟာ တရားဟောဆရာကပြောခဲ့တယ်။ငါကိုမျက်စိကန်းအောင်လုပ်ပါ။ သူပြောခဲ့တယ်။ တချိန်တုန်းက ရှင်ပေါလုဟာလူတစ်ယောက်ကိုမျက်စိကန်းအောင် လုပ်ခဲ့တယ်။

ကျွန်တော်ပြောခဲ့တယ်။ မစ္စတာသင်မျက်စိကန်းနေပြီး ဖြစ်နေတာကို ကျွန်တော်ကဘာလို့ကန်းအောင်လုပ်နိုင်မှာလဲ။ သင်ဟာလူသေဖြစ်နေတာကို ကျွန်တော်ဘာဖြစ်လို့သေအောင် ထပ်လုပ်နိုင်မှာလဲ။

သူပြောတာက ကျွန်တော်လား။ကျွန်တော်ရဲ့မျက်စိကတော့ နှစ်ဆယ့်နှစ်ဆယ်ပါဘဲ။

ကျွန်တော်ပြန်ပြောတာက ဒါဟာသင့်ရဲ့ကိုယ်ခ န္ဒာအစိတ်အပိုင်းဘဲ။ ဒါပေမဲ့သင်ဟာ ယခုထက်ထိမျက်စိကန်းနေတုန်းပါ ဘဲ။

ဒီအရာဟာ မဖြစ်နိုင်ပါဘူး။ကျမ်းစာတော်မြတ်အရာတွေကို အနက်မဖွင့်ပါဘူး။ ကျမ်းစာတော်မြတ်ပြောတာကိုဘဲ ကျွန်တော်တို့ပြောရမယ်။ ပြီးတော့မပြောတာကို မပြောရဘူး။

75 ၇၅။ ကျွန်တော်ပြောတယ်။ကောင်းပြီ။ ဧလိယက ဒိုသန်ကို ရောက်နေချိန်မှာ (တွေ့လား။) ဆီးရီးယားတပ်တွေက သူတို့ကို ဝိုင်းထားတယ်။ ပြီးအစေခံလေးဟာ ပြေးသွားပြီးပြောတယ်။ ကျွန်တော်အဖေ ကျွန်တော်အဖေလို့ပြောတယ်။ ဆီးရီးယား တပ်တွေဟာ ကျွန်တော်တိုပကို ဝိုင်းရံထားတယ်။ ဧလိယက သူ၏မျက်လုံးကိုပွတ်ပြီး နိုးလာပြီးပြောတယ်။ တို့ကို ကာကွယ် ထားတဲ့ တပ်တွေက သူတို့ထက်ပိုများတယ်။သူပြန်ပြောတယ်။ ကျွန်တော်ဘယ်သူကိုမျှ မမြင်ပါလား။ ပြောတာက ဘုရားသ ခင်သူ့ရဲ့မျက်စိကို ဖွင့်ပေးပါ။ အခုသူကန်းနေတယ်။ ပြီးတော့သူပရောဖက်ပတ်ပတ်လည်ကိုကြည့်ပါ။ ပြီးတော့ တောင်ကုန်း ပေါ်မှာသူရဲ့ကောင်းကင်တမန်တွေနဲ့ ပြည့်နေတယ်။ ပြီးတော့ မီးမြင်းရထားတွေ ပြီးတော့မီးမြင်းတွေနဲ့ ပြည့်နေတယ်။ ပြီး တော့ အဲဒီကို ထွက်သွားကာပြီးတော့သူတို့ရဲ့မျက်စိကိုကန်းအောင်လုပ်တယ်။ ဘယ်လိုကမ်းနေတာလဲ။ သူကိုဖြစ်တယ်။သူထွက်လျှောက်သွားပြီး ပြောတာက သင်တို့ ဧလိယကို ရှာနေတာလား။ ဟုတ်ကဲ့ ကျွန်တော်တို့သူကိုရှာနေပါတယ်။ပြောခဲ့ တာက လာပါ။ သူဘယ်မှာရှိသလဲဆိုတာ ကျွန်တော်ပြမည်။ဧလိယသူတို့ကို ဧလိယဆီ ဦးဆောင်သွားတယ်။ မျက်စိကန်း နေတယ်။ ကျွန်တော်ပြောခဲ့တယ်။ကျွန်တော်သင်တို့ကို ဘာပြောချင်သလဲဆိုတာ သိလား။ ကျွန်တော်ရဲ့ ကိုယ်တော်ရှင်ဟာသင်တို့ရဲ့အဖေကို ပြောခဲ့သလို အတိအကျဘဲ ကျွန်တော်ကို မျက်စိကန်းအောင်လုပ်တယ်။

76 ၇၆။ နာခံမှုရှိတဲ့ခလေးတွေနဲ့နာခံမှုမရှိတဲ့ခလေးတွေဟာ သာမန်မဟုတ်ဘူးဆိုတာကို သတိထားမိမှာပါ။ နာခံမှုမရှိတဲ့လူတွေဟာ သူတို့ရဲ့ဘုရားကို ကိုးကွယ်ကြတယ်။ အိုးသူတို့ပြောတယ်။ ကျွန်တော်တို့ကျမ်းစာတော်မြတ်ကိုယုံကြည်တယ်။ ဟုတ်ပါတယ်။ ဒါဟာ ရောနှောနေတဲ့ သစ်ပင်ဖြစ်ပါတယ်။ ( တွေ့လား )သူတို့ကမ္ဘာအသိပညာကို ပေါင်းထည့်ထားတယ်။ စာတန်ရဲ့သစ်ပင်ရောနှောနေတယ်။ တွေ့လား။သူမအကောင်းအဆိုးဆိုတဲ့ စာတန်သစ်မှ ယူခဲ့တယ်။ အိုးနှုတ်ကပတ်တော် ကိုကျွန်တော်ယုံကြည်ပါတယ်။ အသေအချာဘဲ။ ဒါပေမဲ့ စာတန်သူ့ရဲ့သစ်ပင်ကိုယူပြီးနည်းနည်းဆန့်ကျင်ဖက်ပြုလုပ်လိုက် တာကို ခွင့်ပြုလိုက်ပါ။ ဘယ်သူတစ်ဦးတစ်ယောက်ကမျှနှုတ်ကပတ်တော်ကို ပေါင်းထည့်ခြင်း၊ နုတ်ယူခြင်းပြုခဲ့ရင် သူဟာ မနေ့၊ ယနေ့၊အစဉ်အမြဲမပြောင်းလဲဘူး။

သတိပြုပါ။ ကောင်းပြီ။

77 ၇၇။ ဒီဆိုးယုတ်တဲ့ကာလဟာမှောင်မိုက်တဲ့ကာလဘဲ။ အသင်းတော်တွေဟာ ယခုထိပိုင်ဆိုင်တုန်းဘဲ။ သူတို့ရဲ့ဘုရားဒီအတွက် သူတို့သူကိုချစ်ကြတယ်။ သူခွင့်ပြုထားတဲ့လမ်းဘဲ။ သူတို့မှာတရားစီရင်ခြင်းမရှိပါဘူး။ ဘယ်အရာကမျှ သူတို့ကို မနှောင့်ယှက်နိုင်ပါဘူး။ သူတို့ကိုအသင်းတော်က ပိုင်ဆိုင်ထားသမျှ အချိန်မှာပေါ့။ ပရောဖက်ဗာလံက အသင်းတော်တွေကိုဒီအရာမျိုးတွေနဲ့ဘဲ သွန်သင်တယ်။ ကျွန်တော်တို့ပေါင်းစည်းကြရအောင်။ ကျွန်တော်တို့ဟာအတူတူပါဘဲ။ ဒါဟာနောက်ဆုံး လှည့်ကွက်ဘဲ။ ဘုရားသခင်က ဒီလိုလိမ်လည်လှည့်မျိုးယုံကြည်တာကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး။

မှတ်မိလား။ ဒါဟာခွင့်လွှတ်တဲ့အပြစ်ဖြစ်ပါတယ်။ကျမ်းစာတော်မြတ်က သုံးကြိမ်ဖော်ပြထားပါတယ်။ ဘာကြောင့်လဲဆိုရင် လူတစ်ယောက်ကသူ့ရဲ့ကိုယ်ပိုင်အနက်ဖွင့်ချက်စာလုံးကို ဘုရားသခင်ရဲ့နှုတ်ကပတ်တော်က အမှန်တရားကိုဖွင့်ပြပြီး နောက် ပေါင်းထည့်ခဲ့ရင်ပေါ့။ ဧဒင်ဥယျာဉ်မှာပါ။ ( ဟုတ်တယ်မဟုတ်ဘူးလား။) ... ဧဒင်ဥယျာဉ်မှာ စာတလုံးပေါင်းထည့်ခြင်းကြောင့် သေခြင်းကို ဖြစ်ပေါ်လာတယ်။ ပရောဖက်ဗာလံ နှုတ်ကပတ်တော်ကိုင်ါတို့အားလုံးဟာ အတူတူဘဲလို့ ပေါင်းထည့်တဲ့အခါမှာ ဖြစ်ပါတယ်။ အဲဒီအတွက်နဲ့ဘုရားသခင်ဟာ ဣသရေလလူမျိုးတွေကိုဘယ်တော့မှ ခွင့်မလွှတ်ပါဘူး။သူတို့အယောက်တိုင်းဟာ သဲကန္တာရမှာ သေခဲ့ရပြီး ဘုရားသခင်ခေါ်ထုတ်လာတဲ့သစ်ပင်မှတပါးပေါ့။ ယေရှုပြောခဲ့တာ ကတော့ သင်တို့အားလုံးသေခဲ့ကြတယ်။ ဒါဟာထာဝရခွဲခွာခြင်းဘဲ။ သူတို့အားလုံးဟာ သေလွန်ကြပါပြီ။ ဘယ်တော့မှ ခွင့်လွှတ်ခြင်းမခံရဘူး။ အိုး ကျွန်ုပ် အဲဒီကနေ ထွက်ပြေးကြပါ။ ညနေခင်းအလင်းရဲ့ သားသမီးတွေ။

78 ၇၈။ ကြည့်ပါ။ယခုဒီခေတ်ကာလဘာသာရေး ဆိုးယုတ်တဲ့ကာလမှာ ဘယ်သူဦးဆောင်နေတာလဲ။ ဒါဟာစာတန်ဖြစ်ပြီးအကောင်းနဲ့အဆိုးဆိုတဲ့ သစ်ပင်ကိုယူပြီး ဟိုအပြင်မှာ ထားရှိပြီး ( သတိပြုပါ။ )သူ့ရဲ့လုပတဲ့အသင်းတော် သတိုးသမီးကို ခရစ်ယာန်ဘာသာရေးတခုလုံးကိုကိုယ်စားပြုသောကောင်စီကို မင်္ဂလာဆောင်ပွဲအတွက် ပို့ဆောင်တယ်။ ( ဒါဟာကောင်းတဲ့အရာတခုပါဘဲ )သူ့ရဲ့လုပတဲ့ သိပ္ပံနည်းကျအသင်းတော် သူတို့ရရှိထားတဲ့ဘွဲ့တွေပီအက်ဒီတွေနဲ့ ခရစ်တော်ရဲ့ အသင်းတော်ကနေ ပီအိပ်ဒီ တွေ နှစ်ခြင်းကနေပရက်ဘေးတီးယီးယန်း၊ ပင်တေကုတ္တေ၊ ပြီးတော့အားလုံး ထိုအရာတွေအား လုံးကို သူတို့ရဲ့အပြင်အဆင်တွေ၊ ဝတ်စုံတွေ၊ အသင်းတော်ကြီးတွေ အားလုံးကိုကမ္ဘာ့အသင်းတော်များကောင်စီကို ယူ ဆောင်လာတယ်။ ကျွန်တော်တို့ဟာ တလုံးတဝဘဲ။ ဒါဟာဘယ်တော့မှ သူတို့ကိုခွင့်လွှတ်မှာ မဟုတ်ဘူး။ ဂိုဏ်းဂဏတခု ... ဂိုဏ်းဂဏတခုရဲ့အမှတ်အသားကို ဝတ်ဆင်တာဟာသားရဲရဲ့အမှတ်အသားဖြစ်ပါတယ်။ ဒီမှာအဲဒါကို ပြုလုပ်ဖို့အဲဒါကို ပြုလုပ်ပြီးခဲ့ပါပြီ။ အဲဒီကထွက်ပြေးပါ။ ကလေးတို့ ထွက်ပြေးပါ။ တွေ့တယ်မဟုတ်လား။အလွန်ကြီးမားလုပတဲ့ အသင်းတော် ဟာ တကမ္ဘာလုံးကို ကိုယ်စားပြုတဲ့ လက်ထပ်မင်္ဂလာ ... သူ့ရဲ့မျက်နှာဖုံးကို စွပ်ထားတယ်။ တိုနံ့နံလေး ( အမှန်ဘဲ )ကမ္ဘာနဲ့ ဆိုင်တဲ့ အဝတ်အစားတွေ ကာမဂုဏ်ကို နှိုးဆွစေဒါ။ ချယ်သခြင်း၊

တကယ်ကိုစာတန်ရဲ့ ကောင်းမြတ်တဲ့တမန်တော်တွေ၊ ဘုရားသခင်ရဲ့သားတွေကို ညှို့ယူဖမ်းစားပြီး ... ကောင်းမွန်စွာ မွေးဖွားလာတဲ့ယောကျာ်းလေးနဲ့ လက်ထပ်ပြီးအိုမင်းအကျင့် သိက္ခာမရှိတဲ့ဆီကို ပို့ဆောင်ပါ။ ဒါအမှန်ဘဲ။

